# Mobile GuidE

Vol 2. Issue 69
10 September 2014
Information Te… …yle Journal



စာသင်ခန်းထဲရှိ
အာရုံတွေကို
လွှမ်းမိုးထားနိုင်သော
**iOS 8** 17

**SAMSUNG'S UNPACKED**
**IFA 2014!**

**Sinclair QL** မှသည်
**Raspberry Pi** ဆီသို့
33

မိုဘိုင်းဖုန်းမှ
ထောက်လှမ်းခြင်း 31

၂၀၁၄ခုနှစ်ကုန်အထိ
ဆင်းကတ်ပေါင်း
၅သန်းကျော်ရောင်းချရန်
MPT စီစဉ် 9

**MG WEEK** Best Player of the
**Local Smartphone MARKET**

MODEL : PYONE HAN THAR KO , PHOTO : PETER MINN SETT, MAKE UP : SOE SOE (DARLI), ACCESSORIES : HTC MYANMAR




iMI
World In Your Touch
MESSI NO.1
Voice Shutter Command
CHEEZ
1.9GHz QUAD CORE
Smart Wake
FULL HD
1280 x 1440
3G
SUPER ZOOM
Feature
• HDR
• Parnorama
• Beauty
• Auto Focus
• Scene
Android 4.4.2
2500mAh
Back 13 MP
Front 8 MP
iMI
The First Perfume Smartphone in the world
Lady
Perfume Body
1.9GHz QUAD CORE
Smart Wake
FULL HD
1280 x 1440
3G
SUPER ZOOM
Feature
• HDR
• Parnorama
• Beauty
• Auto Focus
• Scene
Android 4.4.2
2200mAh
Back 13 MP
Front 8 MP
Beauty Face
iWatch
TAKE PHOTO
SIM CARD
GPRS
3G
The Frist in Asia. SmartWatch Supports 3G Simcard.
2G, 3G SIM Card များအသုံးပြုနိုင်သည့် iMI (Thailand Brand) ပြည်တွင်းဈေးကွက်သို့
မကြာမီဝင်ရောက်လာတော့မည်ဖြစ်ပါသည်။

# MPT ဆင်းကတ်တွေလိုသလောက်မရလို့ အရောင်းဆိုင်တွေ အကန့်အသတ်ဖြင့်သာရောင်းချ ပြည်သူတွေဝယ်ယူရန်အခက်တွေ့

စက်တင်ဘာ ၁ ရက်နေ့မှာ စတင်ရောင်းချပေးခဲ့တဲ့ MPT ၏ WCDMA ဆင်းကတ်တွေကို လိုသလောက်မရလို့ အရောင်းကိုယ်စားလှယ်ဆိုင်တချို့မှာ အကန့်အသတ်ဖြင့်သာရောင်းချပေးနေပြီး၊ ဝယ်ယူသူတွေအခက်တွေ့လျက်ရှိနေတယ်လို့ ဖုန်းဈေးကွက်အတွင်းမှ ကြားသိရပါတယ်။ ဈေးနှုန်းတွေကတော့ ပြောင်းလဲမှုမရှိပေမယ့် ရောင်းချမှုပုံစံတွေကတော့ ကွဲလွဲမှုတွေရှိနေပါတယ်။ အရောင်းဆိုင်တချို့မှာတော့ ဟန်းဆက်ဝယ်ယူမှသာ MPT ဆင်းကတ်ကို ရောင်းချပေးမှာဖြစ်ပြီး၊ အချို့ဆိုင်တွေကတော့ အကန့်အသတ်ဖြင့်သာ အချိန်ခွဲ၍ ရောင်းချပေးခဲ့ကြောင်း သိရပါတယ်။ ထိုကဲ့သို့ ရောင်းချပေးနေသောကြောင့် ဝယ်ယူသူတွေမှာ အခက်တွေ့နေကြောင်း သိရပါတယ်။

MPT ဆင်းကတ်များရောင်းချတော့မည်ဖြစ်ပြီး၊ လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရှိခဲ့သော လသာမြို့နယ်မှ သုံးစွဲသူတစ်ဦးကလည်း MPT ဆင်းကတ်ဝယ်ယူခဲ့ရသည့် ပုံစံကို ယခုလိုပဲပြောပြခဲ့ပါတယ်။ ''ကျွန်တော်သိတာက သတင်းစာမှာဖတ်လိုက်ရလို့ပါ။ သတင်းစာထဲမှာကတော့ ဘယ်သူမဆို လွတ်လပ်စွာ ဝယ်နိုင်တယ်လို့ ပြောထားတယ်။ ဆိုင်ရောက်တော့ ဟန်းဆက်ဝယ်မှ ဆင်းကတ်ရောင်းပေးမယ်လို့ ပြောတယ်။ ပိုက်ဆံကအလုံအလောက်ထည့်လာလို့ တော်သေးတာပေါ့။ ဟန်းဆက်ကတော့ ဘယ်လောက်တန်ဝယ်ဝယ်ရတယ်။ ဟန်းဆက်တစ်လုံးဝယ်လိုက်တာနဲ့ ဆင်းကတ်ကို ရောင်းပေးတာပဲ။ သူတို့ (အရောင်းဆိုင်မှ ဝန်ထမ်း) ပြောတာကတော့ လောလောဆယ်မှာ ကတ်အရေအတွက် နည်းနေသေးလို့ ဒီလိုပုံစံနဲ့ ရောင်းပေးနေရတာဖြစ်ပြီး နောက်ပိုင်းမှ လိုသလောက်ရောင်းပေးသွားမယ်လို့ ပြောတယ်။ အခုတော့ ကျွန်တော်လည်း ဟန်းဆက်တစ်ခါတည်းတွဲပြီးဝယ်ခဲ့လိုက်တော့တယ်''။ မြန်မာ့ဆက်သွယ်ရေးက သူတို့ရဲ့ ဆင်းကတ်တွေကို အရောင်းကိုယ်စားလှယ်ဆိုင်တွေမှာ ငွေကျပ် ၁၅၀၀ နဲ့ရောင်းချပေးတယ်ဆိုပေမယ့်လည်း မှောင်ခိုဈေးကွက်က ယနေ့တိုင်ရှိနေတာကို တွေ့ရပါတယ်။ ဆိုင်တချို့ကတော့ လူတစ်ဦးကို နှစ်ကတ်နှုန်းနဲ့ရောင်းချပေးနေတာရှိသော်လည်း မှောင်ခိုသမားအများစုလက်ထဲမှာတော့ MPT ဆင်းကတ်တွေက တစ်ဦးစီမှာတစ်ရာလောက်ရှိနေတာကို တွေ့ရပါတယ်။ ဆင်းကတ်မှောင်ခိုရောင်းပေးနေသူတစ်ဦးကတော့ ''ရောင်းဈေးကတော့ တစ်ကတ်ချင်းဆိုရင် တစ်သောင်းယူတယ်။ အင်တာနက်လျှော့ပေးတာမပါဘူး။ ဆယ်ကတ်အထက်ယူရင်တော့ ထက်ဝက်ဈေးနဲ့ပေးမယ်'' ဟု ပြောကြားခဲ့သည်။ လက်ရှိတွင် MPT ၏ ဆင်းကတ်များမှာ အရောင်းဆိုင်များကို ချထားပေးမှု အရေအတွက်နည်းနေသောကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှသည့် အခြေအနေများဖြစ်ပေါ်ပြီး ယခုကဲ့သို့ မှောင်ခိုဈေးကွက်များ ဖြစ်ပေါ်နေရကြောင်း မိုဘိုင်းဖုန်းလောကမှစီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့ပါတယ်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ၎င်းတို့၏ ဆင်းကတ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် စက်တင်ဘာ ၁ ရက်နေ့မှ စတင်ကာ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာမှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး၊ ငွေကျပ် ၁၅၀၀ ဖြင့်သာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

**နေဦးလွင်**

Mobile Guide Journal တွင် ကြော်ငြာများ ထည့်သွင်းလိုပါက Ph: 09-73187954 သို့ ဆက်သွယ်နိုင်ပါသည်။



# NEWS

LOCAL UPDATE

## ငွေဖြည့်ကတ်တစ်သောင်းတန်ဝယ်ပြီး MPT ဆင်းကတ်တစ်ကတ်ရောင်းပေးမယ့် Wai Yan Showroom

ဖုန်းငွေဖြည့်ကတ်ငွေကျပ် တစ်သောင်းတန်တစ်ကတ်ဝယ်၍ ဖြင့် MPT မှ ရောင်းချပေးထားသော WCDMA ဆင်းကတ်တစ်ကတ်ကို ငွေကျပ် ၁၅၀၀ကျပ်ဖြင့် Wai Yan Showroom တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်ကို ယခုလ ၃ရက်နေ့မှာစတင်ခဲ့ခြင်းဖြစ်ပြီး Limited Stop ပုံစံဖြင့်သာ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ MPT ၏ WCDMA ဆင်းကတ်များကို လက်ရှိတွင် ဝယ်ယူရန်ခက်ခဲလျက်ရှိနေပြီး ပြင်ပပေါက်ဈေးမှာ တစ်သောင်းခွဲထိရှိနေပြီဖြစ်ကြောင်းသိရသည်။ ထို့အပြင် အရောင်းကိုယ်စားလှယ်ဆိုင်များမှ ရောင်းချပေးနေသော်လည်း အရေအတွက်နည်းပါးသည့်အတွက် လူတစ်ဦးလျှင် ကန့်သတ်အရေအတွက်နှစ်ကတ်နှုန်းသာ ဝယ်ယူနိုင်ကြောင်းသိရသည်။

အချို့သော ဝယ်သူများကတော့ ပိုက်ဆံပေး၍ လူစားတိုးနိုင်ကာ MPT ဆင်းကတ်များကို ဝယ်ယူပြီး မှောင်ခိုပြန်ရောင်းချပေးနေကြောင်းတွေ့ရသည်။ ယခုရောင်းချပေးနေသော MPT WCDMA ဆင်းကတ်များကို Limited Stop ပုံစံဖြင့်ရောင်းချပေးနေသော Wai Yan Showroom တွင်လက်ရှိရထားသော ကတ်အရေအတွက်မှာတစ် ရာမျှသာရှိကြောင်းသိရသည်။ ထို့ကြောင့် ထိုအရေအတွက် အကုန်ထိသာ ရောင်းချပေးသွား မည်ဖြစ်ပြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မှ ဆင်းကတ်များထပ်မံချထားပေးမည်ဆိုပါက ယခုရောင်းချနေသော Limited Stop ပုံစံမျိုးဖြင့် ရောင်းချတော့မည်မဟုတ်ဘဲဝယ်ယူ လိုသလောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်ငွေဖြည့်ကတ် တစ်ကတ်ကိုဆင်း ကတ်တစ်ကတ် နှုန်းနဲ့သာရောင်း ချပေးနေသောကြောင့်ဝယ်ယူသူများအနေဖြင့် MPT ဆင်းကတ်ဝယ်ယူမည်ဆိုလျှင် စုစုပေါင်းငွေကျပ် ၁၁၅၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် (၁၁၈/၁၁၂) ဗိုလ်အောင်ကျော် လမ်း(အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၈၅၆၃-၅ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**နေဦးလွှင်**







Service Centre
အမှတ်(၅၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (လမ်း(၅၀)ကားမှတ်တိုင်အနီး)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ Tel : (01) 202588, 200906
အမှတ်(၂၅)၊ ဦးချစ်မောင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel : (09) 420094951
အမှတ်(T2-1)၊ သခင်လမ်းသွယ်၊ ၃၁ X ၃၂ ကြား၊ ၇၇ X ၇၈ ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ Tel : 09-91018621, 09-5063916

# AOTO

PHONE SALES & SERVICE CO.,LTD.

AOTO ဖုန်းများသည်
မည်သည့် Sim Card နှင့်
မဆို ထည့်သွင်း
အသုံးပြုနိုင်ပါသည်။

## AOTO - C 888




- Network CDMA 800Mz (MEC) + GSM / WCDMA
- Ardroid OS 4.2.1 Jelly Bean.
- 1.2 GHZ (Dual-Core)
- 5.0 QHD IPS high definition LCD
- Ram 512 MB , ROM 4 GB
- 5 MP
- Black, White

မန္တလေးရုံးချုပ် - အမှတ် (၉၉)၊ ၇၅လမ်း၊ ၃၁ × ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
09-47082999, 09-250089880

Service Center - 09-402613243

ရန်ကုန်ရုံးချုပ် - အမှတ် (၁၅-၁၇)၊ ၃ လွှာ၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်။
09-450050986 , 09-421128111, 09-421166598

နေပြည်တော်ရုံးချုပ် - အမှတ် (၁) /၃၁၄၊ ဗိုလ်အောင်ကျော်လမ်း၊ မြို့သစ်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့။
09-421084718, 09-421128111, 09-421143027

(၁)နှစ်အာမခံပါသော
Model အားလုံး
အပိုပစ္စည်းရရှိနိုင်ပါသည်။

**Mobile Phone နှင့် ပတ်သက်သော Service များကို အထူးဝန်ဆောင်မှုပေးနေပါသည်။**

အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်သစ်ဖွင့်လိုသူများကိုလည်း အထူးဝန်ဆောင်မှုပေးနေပါကြောင်း လေးစားစွာပန်ကြားအပ်ပါသည်။

# NEWS
LOCAL UPDATE

## Voice Mail နှင့်ဖုန်းခေါ်ပေးရန်ပြောသည့် Message တို့ အခမဲ့သုံးခွင့် Ooredoo မှ စတင်

ဩဂုတ်လမှာ စတင်၍ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးခဲ့သော Ooredoo မြန်မာသည် ဈေးကွက်စတင်ပြီးချိန်မှစ၍ သုံးစွဲသူများကို ၎င်းတို့၏ ဆင်းကတ်များပိုမိုသုံးစွဲလာစေရန်အတွက် အမျိုးမျိုးသော ဝန်ဆောင်မှုများကို စတင်ပေးလျက်ရှိကြောင်းသိရသည်။ ထို့ကြောင့် ယခုအကြိမ်တွင်လည်း Ooredoo မှ ဝန်ဆောင်မှုတစ်မျိုးဖြစ်သည့် Voice Mail Service စနစ်ကိုစတင်လိုက်ပြီဖြစ်ပြီး ဝန်ဆောင်ခမှာ အခမဲ့ဖြစ်ကြောင်းသိရသည်။ ၎င်းအပြင် နောက်ထပ်ဝန်ဆောင်မှုတစ်မျိုးကိုလည်း ထပ်ဆောင်းပေးလိုက်ပြီဖြစ်ပြီး အဆိုပါဝန်ဆောင်မှုမှာ မိမိဖုန်းထဲ၌ ဖုန်းခေါ်ရန် ပိုက်ဆံမရှိတော့သည့် အခြေအနေတွင် မိမိဖုန်းပြောလိုသော ဖုန်းနံပါတ်အား "Call Back Me" ဟု Message စာသားကိုရိုက်နှိပ်၍ အခမဲ့စာတို ပေးပို့နိုင်ခြင်းဖြစ် ကြောင်းသိရသည်။

Voice Mail Service စနစ်ကို စက်တင်ဘာ ၂ရက်နေ့တွင် စတင်ခဲ့တာဖြစ်ပြီး ထိုစနစ်ကို အသုံးပြုမည်ဆိုပါက (*61*3131#) သို့ Activate ပြုလုပ်ရမည်ဖြစ်ပြီး ဝန်ဆောင်ခမှာအခမဲ့ဖြစ်ကြောင်း သိရသည်။

ဖုန်းပြန် ခေါ်ပေးရန် အခမဲ့စာတိုပို့စနစ်ကို စက်တင်ဘာ ၆ ရက်နေ့တွင် စတင်ခဲ့ခြင်းဖြစ်ကာ ယင်းစနစ်အတွက် (*122*မိမိကိုခေါ်စေလိုသော ဖုန်းနံ ပါတ် #)ကို Message ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ အခမဲ့စာတိုပို့စနစ်ကိုတော့ Ooredoo အချင်းချင်းသာသုံးစွဲခွင့်ရရှိမည်ဖြစ်ပြီး အခြားဆက်သွယ်ရေးလိုင်းများအတွက် မပါဝင်ကြောင်း သိရသည်။

နေဦးလွင်

## MPT ကတ်အဝယ်များ၊ Ooredoo ကတ်အရောင်းပါးလျက်ရှိ



MPT ဆင်းကတ်တွေစတင်ရောင်းချတဲ့အချိန်မှစပြီး ယနေ့အချိန်ထိ အဆက်မပြတ်ရောင်းချနေရသောကြောင့် ဈေးကွက်ထဲမှာ ဝယ်လို့မရတော့သည်အထိ ပြတ်တောက်မှုတွေရှိနေပါတယ်။ ဒါ တင်မကသေးပါဘူး။ MPT ဆင်းကတ်တွေကို အဝယ်များတာကြောင့် Ooredoo ဆင်းကတ်တွေ အရောင်းပါးလျက်ရှိတယ်လို့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဖုန်းဆင်းကတ်အရောင်းဆိုင်အချို့မှသိရပါတယ်။

ငွေကျပ် ၁၅၀၀ဖြင့် ရောင်းချပေးနေသော MPT, Ooredoo ဆင်းကတ်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ အရောင်းကိုယ်စားလှယ်ဆိုင်များသို့ ဖြန့်ဖြူးပေးခဲ့ပြီး ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို စတင်အကောင်အထည်ဖော်နေသည့်အချိန်ဖြစ်တဲ့အတွက် ဝယ်ယူသူတွေမှာ မိမိတို့သုံးစွဲချင်တဲ့ ဆင်းကတ်တွေကို ရွေးချယ်ဝယ်ယူနိုင်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် စက်တင်ဘာလကုန်ခါနီးအချိန်တွင်လည်း Telenor မှ ရောင်းချပေးတော့မည်ဖြစ်တဲ့အတွက် ပြည်သူများအနေနှင့် ပိုမိုရွေးချယ်ခွင့်ရတော့မှာဖြစ်ပါတယ်။ လက်ရှိအချိန်တွင်တော့ MPT နှင့် Ooredoo တို့မှ ဆက်သွယ်ရေးဈေးကွက်ယှဉ်ပြိုင်မှုကို စတင်နေပြီဖြစ်ပြီး ဈေးကွက်ဝိုင်ဆိုင်မှု ရာခိုင်နှုန်းအများဆုံးဖြစ်ဖို့ ကြိုးစားနေကြပါတယ်၊ သို့သော်လည်း ဝန်ဆောင်မှုကောင်းသော ကုမ္ပဏီ၊ ဈေးချိုသာသော ပစ္စည်းတွေကိုသာ ပြည်သူတွေက ရွေးချယ်ကြမှာဖြစ်လို့ ထိုအချက်တွေကို ဖြည့်ဆည်းဖို့ပဲလိုအပ်ပါတယ်။ ဝန်ဆောင်မှုကောင်းပြီး ဈေးမချိုဘူးဆိုပါကလည်း ပြည်သူတွေက ရွေးချယ်မှာမဟုတ်ပါဘူး။ ဈေးချိုပြီးဝန်ဆောင်မှုညံ့ဖျင်းပါကလည်းနာမည်ကောင်းရမှာမဟုတ်တဲ့အတွက် ဆုံးရှုံးမှုတွေဖြစ်နိုင်ပါတယ်။ ဒီအချက်ကို သိထားတဲ့ ဆက်သွယ်ရေးအော်ပရေတာတွေအနေနဲ့ ဝန်ဆောင်မှုတွေကို ကောင်းအောင်ကြိုးစားရင်း ဝယ်ယူသူတွေကို ဆွဲဆောင်နေကြတာလည်း ဖြစ်ပါတယ်၊ ထို့ကြောင့် ယခုအချိန်တွင် မိုဘိုင်းဈေးကွက်ထဲရှိ MPT, Ooredoo ဆင်းကတ်များအနက် MPT ဆင်းကတ်များမှာ ရောင်းအားကောင်းလျက်ရှိပြီး Ooredoo ဆင်းကတ်များမှာ အရောင်းပါးနေကြောင်းသိရပါတယ်။ RH မိုဘိုင်းမှ မဆွေဆွေက "MPT ဆင်းကတ်တွေကတော့ လောလောဆယ်ကုန်နေတယ်၊ ရောင်းတော့ရောင်းပါတယ်၊ ဝယ်လိုအားများတော့ ခဏလေးနဲ့ ကုန်သွားတယ်။ Ooredoo ဆင်းတွေကတော့ အရောင်းအေးနေသေးတယ်" ဟုပြောကြားခဲ့ပါတယ်။ MPT ကတ်ဝယ်ယူနေသူတစ်ဦးဖြစ်တဲ့ ဒဂုံအရှေ့ပိုင်းတွင် နေထိုင်သူ မသီတာဦးကလည်း "အရင်လကလည်း Ooredoo ဆင်းကတ်လာဝယ်ဖူးတယ်။ ဝယ်ဝယ်ချင်းအဆင်မပြေတာတွေတော့ရှိခဲ့တယ်။ အင်တာနက်ခလည်း ဈေးကြီးတယ်။ မတတ်နိုင်ဘူး။ အခု MPT ကရောင်းတော့လည်း လာဝယ်တာ၊ သူကတော့ အင်တာနက် ပြန်လျှောက်ရမယ်ပြောတယ်၊ ပြန်လျှောက်ရတာလွယ်ပါတယ်။ ဒါပေမယ့်အင်တာနက်တစ်ပါတည်း မပါတော့ ပိုက်ဆံထပ်ကုန်ဦးမှာပေါ့။ နောက်ပိုင်းဒီစနစ်ပါလာရင်ကောင်းမယ်။ အင်တာနက်သုံးစွဲခက တစ်မိနစ် ၄ကျပ်ဆိုတော့ MPT ပဲသုံးတော့မှာပေါ့။ Ooredoo ကအခု 1MB ကို၁၀ကျပ်ဆိုပေမယ့်လည်း အချိန်များလာရင် ပိုက်ဆံကများများကုန်မှာပဲ" ဟုပြောကြားခဲ့ပါတယ်။

နေဦးလွင်





product design award 2014
2014 ခုနှစ်အတွက် ဂျာမဏီနိုင်ငံမှ ပေးအပ်သည့်
နိုင်ငံတကာအသိအမှတ်ပြု iF Product Design Award
ရရှိထားသော . . .
acer
explore beyond limits™
Liquid | Z5
Smartphone ဝယ်ယူသူတိုင်းအတွက်
Period : 26th August - 30th September 2014
Get Micro SD
8GB Free
Liquid | Z5
Jump into your life
5" Screen, 8.8mm thin, Acer RAPID
5" FWVGA
Dual Core 1.3 GHz, MT6572M
5MP, Auto Focus
VGA, 1GB RAM
4GB ROM, 2000 mAh
147g, 145.5 x 73.5 x 8.8 mm
3G
Google play
3G
MPT, Telenor, Ooredoo SIM Card များအတွက်
လိုင်းဆွဲအားကောင်းမွန်သော Acer Liquid Z5 smartphone...
1 YEAR OFFICIAL WARRANTY
ဝယ်ယူရရှိနိုင်သော ဆိုင်ကြီးများ
EVO Store - Ph : 01-373631 | HH Mobile - Ph : 01-504324 | Kaung Sone - Ph : 09-5088062 | Lu Gyi Min - Ph : 01-8550166 |
Mobile Image - Ph : 09-2016663 | Orbit - Ph : 09-420040300 | Phone Corner - Ph : 01-527594 | Royal Tech - Ph : 09-73049599 |
Skywards - Ph : 01-500933 | Unique - Ph : 01-398436, 09-73171212, 01-8604200 | Wise Power (Pyay) - Ph : 053-26350 |
Zenith (Myin Chan) - Ph : 066-21220
Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 01-2301797/98, 01-227781 | Email : shwelaminnagar@sln-myanmar.com




SanDisk®
TRUSTED BY SYNNEX
DISTRIBUTED BY SYNNEX MYANMAR
ဤအမှတ်တံဆိပ် နှစ်ခုပါမှသာလျှင် Synnex Myanmar မှ
အစစ်အမှန် Product ဖြစ်ပါသည်။
Twice as Fast as Ordinary SDHC Cards
SanDisk Ultra SDHC™ Card
Twice as fast as ordinary cards for better pictures and video
32 GB
SPEED UP TO 30 MB/s 200X
SanDisk
SanDisk Ultra
SDHC™ CARD
LIFE TIME WARRANTY
Capacity - 8GB, 16GB, 32GB
Color - Black
Form Factor - SDHC
Data Transfer - 30MB/SEC
Compatibility - Class 10
www.sandisk.com
Premiun Dealer :
Life Time Warranty
Chan Myay (ချမ်းမြေ့) 01 387542, 09 73108987
ချမ်းမွန်(Chan Mon) 01 243133, 09 421152955
C4E COMPUTER & MOBILE 01 225301, 09 41004811
Citicom 01-376566, 01-676564
CTM 01 224502, 01 2300477
Evo STORE 01 373631, 09 73039071
ESSENTIAL 01 387310, 01 378024,
e-city 01-224360,01-214969
INNWA 01-391511
ICE 01-215353
Jaymart mobile 01532088, 015523650
LASER 067-23212, 067-23150
Matrix COMPUTER SYSTEM 01 391801, 09 91001514
မြန်မာ့အလှ 01 381993, 01 381997
Perfect 01 386628, 01 374232
ROYAL TECH 09 73032800, 09 73032900
Royal - 2 01 398370, 09 5113590
SMILE MOBILE 09-73016030, 09-448007828
Technoland 01-377056, 09-73176240
Tele Mobile 09-425329557, 09-448002637
UNIVEX COMPUTER 042-24357
TRUSTED BY SYNNEX
SYNNEX (MYANMAR) COMPANY LIMITED
Hot Line
+95-9-73040604
+95-1-534409
Best Product Best Service Best Channel
No.21 (A), Kanbawza Street, Godlen Valley (2), Bahan Township, Yangon, Myanmar.
https://www.facebook.com/pages/Synnex-Myanmar/345900395489056

# NEWS
LOCAL UPDATE

## ၂၀၁၄ ခုနှစ်ကုန်အထိ ဆင်းကတ်ပေါင်း ၅ သန်းကျော်ရောင်းချရန် MPT စီစဉ်



မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် တယ်လီဖုန်းသုံးစွဲမှု တိုးတက်စေရန်အတွက် ၂၀၁၄ ခုနှစ် နှစ်ကုန်အထိ ၎င်းတို့၏ ဆင်းကတ်များကို ကတ်ပေါင်း ၅ သန်းကျော်အထိ ရောင်းချသွားရန် စီစဉ်ထားကြောင်း သိရသည်။

MPT သည်ဆက်သွယ်ရေးကွန်ရက်ကို နိုင်ငံအနှံ့သို့ ဖြန့်ကျက်လွှမ်းခြုံနိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းဖြစ်သော KDDI နှင့် ကမ္ဘာ့စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သော Sumitomo တို့နှင့် မကြာသေးမီ က ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံသားအားလုံး မိုဘိုင်းဖုန်းဝန်ဆောင်မှုကို ပိုမိုလွယ်လင့်တကူ ရရှိသုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် MPT သည် မကြာမီကာလအတွင်း ၎င်းတို့၏ တန်ဖိုးနည်း ငွေဖြည့်ကတ်များကိုလည်းဈေးကွက်အတွင်းသို့ဖြန့်ဖြူးရောင်း ချပေးရန် စီစဉ်နေ ပြီဖြစ်ပြီး ရောင်းချမည့်ရက်ကိုတော့နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့သော် MPT မှရောင်းချပေးသောဆင်းကတ်များသည် ယခုအချိန်၌ ဈေးကွက်ထဲတွင် ပြတ်လပ် မှုများဖြစ်ပေါ်နေပြီးမှောင်ခိုဈေး ကွက်ထဲတွင်လည်းဈေးနှုန်းအဆမတန်ပေး၍ဝယ်ယူနေရကြောင်း ဝယ်ယူသူ အချို့ထံမှသိရသည်။

MPT အနေဖြင့်၎င်းတို့၏ ဆင်းကတ်များကိုသုံးစွဲ သူလက်ထဲသို့ ဈေးနှုန်းသက်သာစွာနှင့်လိုသ လောက်ရနိုင်ရန်အတွက် လက်လီ အရောင်းဆိုင်များသို့ လုံလောက်စွာချထားပေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင် အောင်လည်းစီစဉ် နေပြီဖြစ်ကြောင်း သိရသည်။ မှောင်ခိုဈေးကွက် မဖြစ်ပေါ်နိုင်ရန် အတွက်လည်း နောက်ပိုင်း တွင်ဥပဒေများ ပြဋ္ဌာန်း၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်စိုးက ပြောကြားခဲ့ကြောင်း သိရပါသည်။

**နေဦးလွင်**

## MPT ၏ GSM နှင့် WCDMA ဖုန်းသုံးစွဲသူများအတွက် ဒုတိယအကြိမ် Promotion ပြုလုပ်

မြန်မာ့ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် ၎င်းတို့ရောင်းချ ပေးထားသော GSM နှင့် WCDMA ဆင်းကတ်များကို သုံးစွဲနေကြသည့်ပြည်သူလူထုများကို ကျေးဇူးတုန့်ပြန်သောအားဖြင့် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၂ ရက်နေ့အတွင်းအထူးအရောင်းမြှင့်တင်ရေးအစီအစဉ် တစ်ရပ်ကို ပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်မှာ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း ငွေကျပ် ၅၀၀၀ တန် ငွေဖြည့်ကတ်သုံးစွဲသူများအတွက် ၂၀ ရာခိုင်နှုန်း အပိုထပ်တိုး ဘောနက်(စ်)ငွေကိုလည်းကောင်း။ ငွေကျပ်တစ်သောင်းနှင့် ငွေဖြည့်ကတ်သုံးစွဲသူများကို ၃၀ ရာခိုင်နှုန်း အပိုထပ်တိုး ဘောနက်(စ်)ငွေကိုလည်းကောင်း၊ အပိုဖြည့်ငွေအဖြစ် သုံးစွဲခွင့်ရရှိစေမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် သုံးစွဲသူများအနေဖြင့် ငွေပိုဖြည့်လေထပ်တိုး ဘောနက်(စ်)အပိုဖြည့်ငွေများများရလေဖြစ်ပြီး သတ်မှတ်ထားသောရက်အတွင်း ငွေဖြည့်ကတ်ဝယ်ယူသုံးစွဲမှသာ ထိုခံစားခွင့်ကိုရရှိမည်ဖြစ်ကြောင်းသိရသည်။ ယခုပြုလုပ်သောအစီအစဉ်တွင် MPT မှ ထုတ်သည့် GSM နှင့် WCDMA ဆင်းကတ်များသာပါဝင်ပြီး လက်ရှိလက်လီအရောင်းဆိုင်များတွင် ရောင်းချပေးနေသော WCDMA ဆင်းကတ်များလည်း ပါဝင်ကြောင်းသိရသည်။

ထို့အပြင် ဆက်သွယ်ရေး၏တန်ဖိုးနည်းဆင်းကတ်များရောင်းချခြင်းတစ်နှစ်ပြည့်အစီအစဉ်အနေဖြင့်လည်း ယခင် ၁၅ ရက်အတွင်းဖုန်းခေါ်ဆိုခ ၂၅၀၀ကျပ် ဖိုးမဖြစ်မနေဆက်ရမည်ဟူသော စနစ်ကိုဖျက်သိမ်းပေးခဲ့ပြီး၊ ဧပြီလအတွင်းကလည်း သင်္ကြန်ကာလ အထူးအစီအစဉ်ဖြင့် GSM, WCDMA, CDMA မိုဘိုင်းဖုန်းများကို ငွေဖြည့်ကတ်တန်ဖိုး၏ ၂၀ရာခိုင်နှုန်းလက်ဆောင်အဖြစ် ထည့်ဆောင်းပေးသည့်အစီအစဉ်ကို ထပ်မံပြုလုပ်ခဲ့သည်။ ယင်းအပြင်သူငယ်ချင်း၊ မိတ်ဆွေ၊ မိသားစုဝင်များကိုတစ်မိနစ်လျှင် ၂၅ကျပ်နှုန်းဖြင့်ခေါ်ဆိုနိုင်သော အစီအစဉ်ကိုလည်း ဩဂုတ်လ ၃၁ရက်နေ့အထိပြုလုပ်ခဲ့ပြီး ယခုအခါတွင်လည်း ၎င်းအစီအစဉ် ပြီးသည်နှင့်တစ်ပြိုင်နက် နောက်ထပ်အစီအစဉ်ကို ထပ်မံပြုလုပ်ပေးခြင်း ဖြစ်ကြောင်းသိရသည်။

သို့သော်ယခုတစ်ခေါက်ပြုလုပ်သော Promotion အစီအစဉ် တွင် CDMA ဆင်းကတ်များ ပါဝင်လာခြင်းမရှိကြောင်းသိရသည်။ နောက်တစ်ကြိမ်ပြုလုပ်မည့် Promotion အစီအစဉ်ကိုစောင့်မျှော်ရင်း မည်သည့်ဖုန်းလိုင်းများပါဝင်မည်ကို စောင့်စားရမည်သာဖြစ်သည်။ ယခုထပ်တိုးပေးထားသော အပိုဆောင်းငွေ၏ အစီအစဉ်တွင် ပါဝင်လိုက်ရသူများသည် ခံစားခွင့်ရထားသော အပိုဆုမြှင့်ငွေကို အောက်တိုဘာ ၁ ရက်နေ့အထိသာ သုံးစွဲနိုင်မည်ဖြစ်ကြောင်းသိရသည်။

**နေဦးလွင်**





SAMSUNG
Samsung
GALAXY MEGA CDMA
Stay Smart, Live Large
မျက်နှာပြင်ကျယ်ကျယ်သုံးနိုင်မယ့်
စီဒီအမ်အေဖုန်း
Large 5.8" qHD Screen
Optimized wide UX
Smart Services & Features
Customer Contact Center 01-2399 888
samsungmyanmar
Samsung Customer Service Plaza (1) (မိုဘိုင်းဖုန်း သီးသန့်) အမှတ် (၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - (၀၁) ၃၇၈၂၁၆ ၊ ၃၇၈၂၁၇
Samsung Customer Service Plaza (2) (မိုဘိုင်းဖုန်း နှင့် အီလက်ထရောနစ်ပစ္စည်းများ) အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - (၀၁) ၃၉၄၅၈၂ ၊ ၃၈၉၃၀၄
Samsung Customer Service Plaza အမှတ် (၅၇၃)၊ ၈၄လမ်း (၄၂လမ်း နှင့် ၄၅လမ်းကြား)၊ မန္တလေးမြို့၊ဖုန်း - (၀၂) ၇၆၂၄၃

# MG's CHOICE

## first CLASS
### Xiaomi Mi 4

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 139.2x68.5x8.9 mm |
| Weight | - 149 g |
| Display size | - 5.0 inches |
| Display Type | - IPS LCD capacitive |
| Camera | - 13 MP |
| Memory | - 16/64GB |
| OS | - Android OS,v4.4.3 |
| Phone | - 01-382868 |

**460,000 Ks**



## first CLASS
### Sony Xperia SP

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 130.6x67.1x10mm |
| Display Size | - 4.6 inches |
| Display Type | - TFT Capacitive |
| Weight | - 155g |
| Camera | - 8 MP |
| Memory | - 8GB, up to 32GB |
| OS | - Android OS,v4.1 |
| Phone | - 01-381129 |

**280,000 Ks**



## first CLASS
### Lenovo K 900

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 157x78x6.9 mm |
| Display Size | - 5.5 inches |
| Weight | - 162g |
| Display Type | - IPS LCD capacitive |
| Camera | - 13 MP |
| Memory | - 16/32GB |
| OS | - Android OS,v4.2 |
| Phone | - 01-382868 |

**280,000 Ks**



## second CLASS
### Samsung Galaxy Grand Neo

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 143.7x77.1x9.6 mm |
| Display Size | - 5.01 inches |
| Display Type | - TFT capacitive |
| Weight | - 163g |
| Camera | - 5 MP |
| Memory | - up to 64GB |
| OS | - Android OS,v4.2 |
| Phone | - 01-224502 |

**199,000 Ks**



## second CLASS
### HTC Desire 310

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 132.4x68x11.3mm |
| Display Size | - 4.5 inches |
| Display Type | - TFT capacitive |
| Camera | - 5 MP |
| Weight | - 140 g |
| Memory | - up to 32GB |
| OS | - Android OS, v4.2.2 |
| Phone | - 01-371924 |

**149,000 Ks**



## second CLASS
### Gionee Pioneer P3

| | |
|---|---|
| Network | - GSM850/900/1800/1900 |
| Dimensions | - 129.3x68x11.1mm |
| Display Size | - 4.3 inches |
| Display Type | - TFT capacitive |
| Memory | - up to 32GB |
| Camera | - 5 MP |
| CPU | - Quad Core 1.3GHz |
| OS | - Android OS,v4.2 |
| Phone | - 01-381035 |

**120,000 Ks**



## third CLASS
### LG L 40

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 109.4x59x11.9 mm |
| Weight | - 113.4 g |
| Display size | - 3.5 inches |
| Display Type | - IPS LCD capacitive |
| Camera | - 3.15 MP |
| Memory | - up to 32GB |
| OS | - Android OS,v4.4.2 |
| Phone | - 09-30225990 |

**99,000 Ks**



## third CLASS
### Huawei Y 535

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 132.8x67.4x10.5mm |
| Display Size | - 4.5 inches |
| Display Type | - TFT Capacitive |
| CPU | - Dual Core 1.2GHz |
| Camera | - 2 MP |
| Memory | - ROM 4GB |
| OS | - Android |
| Phone | - 01-382668 |

**83,000 Ks**



## third CLASS
### Nokia 208

| | |
|---|---|
| Network | - GSM 850/900/1800/1900 |
| Dimensions | - 114.2x50.9x12.8 mm |
| Display Size | - 2.4 inches |
| Weight | - 89.6g |
| Display Type | - TFT |
| Camera | - 1.3 MP |
| Memory | - up to 32 GB |
| OS | - Java |
| Phone | - 01-371923 |

**48,000 Ks**



## Used Phone
### Samsung Galaxy S5

| | |
|---|---|
| Network | - GSM/WCDMA |
| Camera | - 16 MP |
| Memory | - 16GB, up to 64GB |
| CPU | - Quad Core 1.6GHz |
| Description | - Color : Black |
| | - |
| | - |
| Search Word | - Samsung S5 |

**490,000 KS**



## Used Phone
### HTC Desire 816

| | |
|---|---|
| Network | - GSM/WCDMA |
| Camera | - 13 MP |
| Memory | - 8GB |
| OS | - Android OS,v4.4.2 |
| Description | - Color : Black |
| | - |
| | - |
| Search Word | - HTC Desire 816 |

**265,000 KS**



## Used Phone
### Sony Xperia Z Ultra

| | |
|---|---|
| Network | - GSM/WCDMA |
| Memory | - 16GB |
| Camera | - 8 MP |
| OS | - Android OS,v 4.4 |
| Description | - Color : Black |
| | - |
| | - |
| Search Word | - Sony Xperia Z Ultra |

**310,000 KS**



အထက်ပါ search keyword ကိုသုံး၍ www.ads.com.mm တွင် ရှာဖွေဝယ်ယူနိုင်ပါသည်။

# PRODUCT
SILICON POWER

## Silicon Power Marvel M70 Flash Drive

**Price: USD 30.8 (32GB)**

Taiwan Brand, Silicon Power မှ အသစ်ထွက်ရှိလာသော မြန်နှုန်းမြင့် အကြမ်းခံ Memory Flash Drive ဖြစ်ပါတယ်။ USB 3.0 ကို အသုံးပြုထားပြီး USB 2.0 နှင့် အဆင်ပြေစွာသုံးစွဲနိုင်ပါသည်။ အဖုံးပျောက်မှာကို စိုးရိမ်စရာမလိုတဲ့ cup-less Design နှင့် ပြုလုပ်ထားပါတယ်။ Flash Drive ရဲ့ Body ကို Zinc Alloy ဖြင့် ပြုလုပ်ထားပြီး တော်ရုံဖိအားဒဏ်ကြောင့်ဖြစ်ပေါ်နိုင်တဲ့ ဆိုးကျိုးတွေကို ကာကွယ်ပေးမှာပါ။ Windows 7, Windows 8, Max OS, Linux တို့နှင့် တွဲဖက် အသုံးပြုနိုင်ပြီး အရောင်အနေနှင့် Silver ကို ရရှိနိုင်ပါသည်။ Warranty အားဖြင့် Life-Time (တစ်သက်သာ) အာမခံပေးထားပြီး Design ဆန်းသစ်မှု၊ လှပသေသပ်မှု၊ အကြမ်းခံပြီး လူကြိုက်များတဲ့ Marvel M70 ကို ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်ပါသည်။





## SP Touch T03 USB Flash Drive

**Price: USD 14.7 (32GB)**

Silicon Power မှ အကြမ်းခံ သံမဏိ (Stainless Steel) ဖြင့် ပြုလုပ်ထားသော အကြမ်းခံ Flash Drive တစ်ချောင်းဖြစ်ပါသည်။ လှပဆန်းသစ်ပြီး ထူးခြားတဲ့ delicate logo sculpture design လေးနဲ့ Touch T03 Flash drive ဟာဆိုရင် ပါးလွှာပြီးပေါ့ပါးသည့် cap-less design ဖြစ်တဲ့အတွက် သယ်ဆောင်ရလွယ်ကူစေပါသည်။ USB 2.0 လည်းပါဝင်တဲ့အတွက် data transfer လုပ်တဲ့အခါလည်း မြန်ဆန်စေပါတယ်။ COB နည်းပညာကို အသုံးပြုထားကာ Memory Chip ပြားကို အထိအခိုက်မရှိအောင် အပြည့်အဝကာကွယ်ပေးထားသည့်အပြင် ရေစိုဒဏ်၊ တုန်ခါမှုဒဏ်၊ ဖုန်မှုန့်ကြောင့်ဖြစ်စေသော ဆိုးကျိုးများကို ကာကွယ်ပေးနိုင်ပါသည်။ တစ်သက်တာ အာမခံ (Life Time Warranty) ပေးပြီး Design ဆန်းသစ်မှု၊ လှပသေသပ်မှု၊ အကြမ်းခံပြီး လူကြိုက်များတဲ့ Silver color နဲ့ Touch T03 ကို ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ULTIMA U03 Black (or) White

**Price: USD 37 (64GB)**






Fashion ကျတဲ့ design များနဲ့ အကြမ်းခံသည့် Flash drive များကို လူတိုင်းကြိုက်နှစ်သက်ကြပါတယ်။ Design အသစ်အဆန်းများစွာ ထွက်ရှိထားတဲ့ Taiwan Brand တစ်ခုဖြစ်တဲ့ SP မှ ယခုလည်း Luxurious diamond cut pattern design လေးနဲ့ထွက်ရှိထားတဲ့ Ultima U03 flash drive လေးနဲ့ မိတ်ဆက်ချင်ပါတယ်။ Ultima U03 ရဲ့ မျက်နှာပြင်ဟာဆိုရင် glossy ဖြစ်တဲ့အတွက် လက်ဗွေရာမထင်ခြင်း၊ စင်းရာခြစ်ရာမထင်ခြင်း တွေကြောင့် သုံးရတာအဆင်ပြေစေပါတယ်။ cap-less design ဖြစ်တဲ့ အတွက် သယ်ဆောင်ရတာလည်း လွယ်ကူစေပါတယ်။ သူ့ရဲ့ ထူးခြားချက် က internal LED indicator မီးလုံးပါဝင်တဲ့အတွက် data တွေကို transfer လုပ်မလုပ်ကိုလည်း သိရှိနိုင်ပါတယ်။ Warranty အားဖြင့်လည်း Lifetime ပေးထားတဲ့အတွက် သုံးစွဲသူတွေကို ယုံကြည်စိတ်ချမှုရရှိစေမှာပါ။ Design ဆန်းသစ်မှု၊ လှပသေသပ်မှု၊ အကြမ်းခံပြီး လူကြိုက်များတဲ့ Black & White color နှစ်ရောင်နဲ့ Ultima U03 ကို ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်ပါသည်။



## Power Bank P40

**Price: USD 15**

Silicon Power မှ အသစ်ထွက်ရှိလာတဲ့ Power Bank P40 နဲ့ မိတ်ဆက်ပေးပါ့မယ်။ သင့်ရဲ့ Mobile Phone နှင့် Tablet တွေမှာ အသုံးပြုနိုင်အောင် Silicon Power မှ capacity 4400mAh နဲ့ ထွက်ရှိလာတဲ့ Power Bank တစ်ခုဖြစ်ပါတယ်။ ခရီးဝေးသွားမယ့်သူတွေအတွက် အဆင်ပြေစေမယ့် Power Bank လည်းဖြစ်ပါတယ်။ ပုံမှန် Mobile Phone တွေကို ၂ကြိမ် (သို့) ၃ကြိမ်အားသွင်းပြီး အသုံးပြုနိုင်ပါတယ်။ မိမိ၏ Power Bank ကိုလည်း အကြိမ် ၈၀၀အားပြန်ဖြည့်သွင်းနိုင်ပါတယ်။ Input Voltage: USB 5V/1.0A Max, Output Voltage: USB 5V/2.1A Max တို့ဖြင့် အသုံးပြုနိုင် ပါသည်။ Warranty အားဖြင့် 1 year warranty ပေးထားပါတယ်။ Color အနေနဲ့ White color ကို သုံးပေးထားပါတယ်။ Design ဆန်းသစ်မှု၊ လှပသေသပ်မှု၊ အကြမ်းခံပြီး လူကြိုက်များတဲ့ Power Bank P40 ကို ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်ပါသည်။

## Silicon Power Ultima U05

**Price: USD 37.5 (64GB)**

Taiwan Brand တစ်ခုဖြစ်တဲ့ Silicon Power မှ အသစ်ထွက်ရှိထားတဲ့ ထူးခြားဆန်းသစ်ပြီး လှပတဲ့ ဒီဇိုင်းပုံစံ Ultima U05 ကို လူတိုင်းသဘောကျလိမ့်မယ်ထင်ပါတယ်။ သင့်ရဲ့ Flash drive အသုံးပြုနေစဉ်အတွင်း LED indicator မှ မီးလုံးကလည်း Style တစ်မျိုးနဲ့ လှပစေပါတယ်။ သင့်ရဲ့ data တွေ transfer လုပ်တဲ့အခါ ပိုမိုမြန်ဆန်မှုရရှိစေရန် USB 2.0 လည်းပါဝင်တဲ့အတွက် သုံးစွဲသူတွေ ကို စိတ်ကျေနပ်မှုရရှိစေမှာပါ။ Cap-less design ပုံစံဖန်တီးပေးထားပြီး စင်းရာခြစ်ရာ မဖြစ်စေတဲ့ metal သားနဲ့ပြုလုပ်ပေးထားပါတယ်။ Warranty အားဖြင့်လည်း Lifetime ပေးထားတဲ့အတွက် သုံးစွဲ သူတွေကို ယုံကြည်စိတ်ချမှုရရှိစေမှာပါ။ Color အနေနဲ့ Black, Blue, Pink အရောင်သုံးမျိုးပြုလုပ်ပေး ထားပါတယ်။ Design ဆန်းသစ်မှု၊ လှပသေသပ်မှု၊ အကြမ်းခံပြီး လူကြိုက်များတဲ့ Ultima U05 ကို ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်ပါသည်။



Ph: 01-2304848~52 သို့ ဆက်သွယ် မေးမြန်း ဝယ်ယူနိုင်ပါသည်။

Huawei, Samsung, Sony, HTC, Tablet, iPhone

## PN မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းကျောင်း

အမှန်တကယ် တက်ချင်သူများအတွက် ရာနှုန်းပြည့် တာဝန်ယူပါသည်။ Find Us On Facebook : http://www.facebook.com/pntraining

Special Packet 3 in One သင်တန်းကြေး တစ်သိန်းကျပ်

**Android + iOS + Hardware**

| | | |
|---|---|---|
| About Android | About iOS | General Hardware Knowledge |
| System Error Solution | Firmware Installation | Touch & LCD Replacing |
| Hacking & Rooting | Jailbreking & Cydia Soruces | Ear Piece, Speaker & Mic Replacing |
| Backup & Restore | Software & Game Installation | Error Checking Overview |
| Firmware Installation | Application Official & Crack | Replacing Slite Phone LCD |
| Firmware Upgrade & Downgrade | Create Apple ID | Changing Busbar Cable |
| Boot Loader Unlock & Relock | Network Unlocking | Detail Pack All Hand set |

အမှတ် (၇)၊ သုခမွာလမ်းမကြီး၊ ၅လမ်းမှတ်တိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09 - 4200 430 85

## TIME CITY

Ko Tun Lin Aung

GSM, CDMA, CDMA 450, WCDMA, CDMA 800

Mobile Phone Accessories Sales & Service Whole Sale

Mobile Shop

နိုင်ငံတကာထုတ် Handset မျိုးစုံနှင့် အပိုပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ရရှိနိုင်ပါသည်

ipad, iPhone, iPod touch, Restore, Jailbreak, Unlock, Application install, Android Games, Themes, Application

Handset မျိုးစုံ အကောင်းဆုံး ပြုပြင်ပေးသည်

(ပြင်ပဧည့်ကိုယ်စားလှယ်လွှတ်၍ ရောင်းချခြင်းမရှိပါ။)

No. W-3 to 11, 1st Floor (Near Car Parking), YUZANA PLAZA.
Ph; 200 727(Ext:2333), 09 430 66661, 09 730 66661

## iBox® i-store

**iPhone, iPad** ဝယ်ယူသူတိုင်းကို **jailbreak, Apps, Games** များကို ထည့်သွင်းပေးသည့်အပြင် **Apple ID (U.S.A, Singapore)** များကိုလည်း အခမဲ့ပြုလုပ်ပေးပါသည်။

No(108), 15th St (Middle), Lanmadaw Tsp, Yangon.
Page: www.facebook.com/ibox.istore Ph : 09-420061077



iPhone 5S

iPad Mini (with retina display)

iPad Air Space Grey Silver

## A.K Mobile

Ko Myo San

Daily Open 9:30 AM to 7:00 PM

www.akmobile2013.com
www.facebook.com/akmobile2013
akmobile2013@gmail.com

### ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။

**Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei**
**Used All in one PC / Notebook / Netbook / UtlarBook / Laptop**
**Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)**

### အထူးဈေးကောင်းပေးဝယ်လိုသည်။

- ★ iPhone 5S, 5C, 5, 4S, iPod 5, iPad Air, 4, 3, 2, Mini,Mini 2 Wifi & Wifi+3G
- ★ Samsung S5, S4, S3, S2, Note 3 / 2 / 1, Grand, Mega & Neo Series
- ★ Samsung Tab 2/3/4 7.0,Tab 3 / Note 8.0, Tab 2/3/4 10.1, All Note 10.1 Series & Pro Series
- ★ Sony Xperia Z2, Z1, Z, Z Ultra, T2 Ultra, M2, M, T, TX, SP, C & Sony Tablet
- ★ HTC One M8, One Max, One, Butterfly, Desire 816 / 700 / 600 / 300
- ★ HUAWEI Ascend P7, P6 ,P1 , Mate, G6, G700, G730, 610, C 8816, C 8815, C8813
- ★ **Macbook Pro** , Macbook Air , iMac , Mac Mini , Sony Vaio , Dell , HP, Asus
- ★ Lenovo, MSI, Acer, Toshiba, Samsung, Intel Core i3,i5,i7,B970,B960,B940 နှင့်
- ★ အခြားသော Model အမြင့် Phone နှင့် Laptop များအထူးဈေးကောင်းပေးလိုပါသည်။

### Software Service

iPhone , Samsung , Sony , HTC , Huawei Phone များ Firmware Upgrade , Downgrade Jailbreak , Rooting , Hacking , Installation Application , Games, Ringtones, Wallpaper, Myanmar Font & Keyboard ,Create Apple ID iDevice နှင့် Android Device များအား User Lock & Network Lock များဖြည်ပေးခြင်းနှင့် အခြားသော Software ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။



### Good Second Hand IT Products




**: 09-4500 39844, 09-25400 4420, 09 312 88077, 09-3100 8866**

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ARTICLE KNOWLEDGE

# ဆန်းသစ်တီထွင်မှုရှိတဲ့ ထုတ်ကုန်တွေကို မြင်တွေ့ခဲ့ရတဲ့ ဘာလင်နည်းပညာပြပွဲ

ပိုင်ရဲစေသော်

နှစ်တစ်နှစ်မှာ အကြီးဆုံးနည်းပညာပြပွဲရှိပါတယ်။ ဒါကတော့ နှစ်အစပိုင်းမှာ ကျင်းပလေ့ရှိတဲ့ ကမ္ဘာ့မိုဘိုင်းနည်းပညာပြပွဲနှင့် နှစ်ကုန်ပိုင်းမှာ ကျင်းပလေ့ရှိတဲ့ ဘာလင်နည်းပညာပြပွဲ ( IFA) တို့ပဲဖြစ်ပါတယ်။ နည်းပညာကုမ္ပဏီတွေဟာ သူတို့ရဲ့ ထုတ်ကုန်သစ်တွေ ဆန်းသစ်တဲ့ နည်းပညာတွေကို ယခုပွဲမှာ ပြသလေ့ရှိပြီး၊ ကျန်တဲ့အချိန်တွေမှာတော့ သက်ဆိုင်ရာနိုင်ငံတွေမှာသာ မိတ်ဆက်ရောင်းချခဲ့ပါတယ်။ ကမ္ဘာကျော် နည်းပညာကုမ္ပဏီတွေဖြစ်တဲ့ Samsung, Sony, HTC နဲ့ အခြားသော ကုမ္ပဏီတွေဟာ သူတို့ရဲ့ စမတ်ဖုန်းအသစ်တွေ အီလက်ထရောနစ် ကုန်ပစ္စည်းအသစ်တွေကို ယခုပွဲမှာ ပြသပြီးတာနဲ့ လအနည်းငယ်အတွင်းမှာ သုံးစွဲသူတွေလက်ထဲကို အရောက်ပို့ပေးလေ့ရှိပါတယ်။ IFA နည်းပညာပြပွဲမှာ ကမ္ဘာ့အနှံ့ပြသတဲ့ နည်းပညာပြပွဲတွေထဲမှာ စိတ်ဝင်တစား တက်ရောက်ခဲ့တဲ့ လူဦးရေအများဆုံးနဲ့ နည်းပညာကုမ္ပဏီ အမြောက်အမြား ဝင်ရောက်ပြသတဲ့ ပွဲဆိုရင်လည်း ပိုမှန်ပါလိမ့်မယ်။ ဒီလိုခမ်းနားတဲ့ နည်းပညာပြပွဲကို ယခုနှစ်မှာတော့ စက်တင်ဘာ ၅ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ၆ ရက်တိုင်တိုင် ဂျာမဏီနိုင်ငံ ဘာလင်မြို့မှာ ခမ်းနားကြီးကျယ်စွာ ကျင်းပနေပါတယ်။ အချို့သောနည်းပညာပစ္စည်းထုတ်လုပ်သူတွေဟာ ပြပွဲမတိုင်ခင်မှာ သူတို့ရဲ့ထုတ်ကုန်တွေကို ကြိုတင်မိတ်ဆက် ပြသလေ့ရှိပါတယ်။ ယခုနှစ်ပွဲမှာ ကြိုတင်မိတ်ဆက်ခဲ့တဲ့ ကုမ္ပဏီကတော့ Samsung ဖြစ်ပြီး ပြပွဲမတိုင်ခင် နှစ်ရက်အလိုလောက်ကတည်းက သူ့ရဲ့မျိုးဆက်သစ် စမတ်ဖုန်းဖြစ်တဲ့ Note 4 နဲ့အတူ ကောလာဟလအဖြစ် အရင်ရှိနေခဲ့တဲ့ GearVr နဲ့အတူ ပဉ္စမမြောက်မျိုးဆက်ဖြစ်တဲ့ စမတ်နာရီ အသစ် Gear S တို့ကို မိတ်ဆက်ပြသခဲ့သလိုမျိုး နောက်ထပ်ထိုင်ဝမ် အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်တဲ့ HTC ကလည်း သူတို့ရဲ့ ပထမဆုံး 64Bit စမတ် ဖုန်းဖြစ်တဲ့ Desire 820 ကို ကြိုတင်မိတ်ဆက်ခဲ့ပါတယ်။

ယခုနှစ်အစောပိုင်း နည်းပညာပြပွဲတွေထဲက စတင်မြင်တွေ့ခဲ့ရတဲ့ ဝတ်ဆင်လို့ရသည့် Gadget တွေဟာ ယခုဘာလင်ပွဲအထိတောင်မှ ထပ်မံ ပါဝင်နေတုန်းပါပဲ။ ဘာကြောင့်လဲဆိုရင် နှစ်အစပိုင်းထဲက ပြသခဲ့တဲ့ MWC ပွဲထဲက ဝတ်ဆင်လို့ရတဲ့ Gadget အမြောက် အမြားကိုမြင်တွေ့ခဲ့ရပြီး IFA ပွဲမှာတော့ ထုတ်ကုန်သစ်အနေနဲ့ Asus Zen Watch နဲ့အတူ Moto hint ကို မြင်တွေ့ခဲ့ရပြီး ဒါ့အပြင် Google IO ပွဲတုန်းက ထုတ်ကုန်သစ်အနေနဲ့သာရှိခဲ့တဲ့ Moto 360 စမတ်နာရီကိုလည်း ယခုပွဲမှာ အသေးစိတ်မြင်တွေ့ခဲ့ရပါတယ်။ ပွဲက ၆ ရက်တိုင်တိုင်ကျင်းပမှာဖြစ်ပေမယ့် ပွဲပြီးခါနီး ၃ ရက်အလိုလောက်ကတည်းက ထုတ်ကုန်သစ်တွေက စိတ်ဝင်တစားနဲ့ သုံးစွဲသူတွေကို ဆွဲဆောင်နေပါပြီ။ အားလုံးထဲမှာ ဆွဲဆောင်မှုအရှိဆုံးကတော့ Samsung က ထုတ်လုပ်ထားတဲ့ Note Edge ဖြစ်ပြီး၊ OLED နည်းပညာကို မြင်တွေ့ခဲ့ရလို့ပါ။ IFA ပွဲမတိုင်ခင်ကတည်းက ကြိုတင်ကောလာဟလအနေနဲ့သာရှိခဲ့တဲ့ ဖုန်းအတော်များများကိုလည်း မြင်တွေ့ခဲ့ရပြီး အခြားနည်းပညာထုတ်ကုန်သစ်တွေဖြစ်တဲ့ အီလက်ထရောနစ်ပစ္စည်းအမြောက်အမြားကိုလည်း မိတ်ဆက်ခဲ့ပါတယ်။

**Chromebook အသစ်ကို မိတ်ဆက်ခဲ့တဲ့ Toshiba**

Toshiba အနေနဲ့ ယခုပွဲမှာ သူတို့ရဲ့ Chromebook အသစ်နဲ့အတူ mini tablet 4Ktb နဲ့ Notebook အသစ်တို့ကို မိတ်ဆက်ခဲ့ပါတယ်။ Chromebook 2 ၁၃ လက်မမျက်နှာပြင်နဲ့ဖြစ်ပြီး Chrome OS ကို အသုံးပြုကာ ပါးလွှာပြီးပေါ့ပါးတဲ့ ဒီဇိုင်းမျိုးနဲ့ဖြစ်ပါတယ်။ Full HD ဖော်ပြနိုင်စွမ်းရှိမှာဖြစ်ပြီး၊ ဒေါ်လာ ၃၂၉ ဝန်းကျင်ကျသင့်မှာဖြစ်ပါတယ်။ ဒီChromebook အသစ်မှာ Toshiba အနေနဲ့အသံပိုင်းဆိုင်ရာကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ထားတယ်လို့ ဆိုပါတယ်။ နောက်ထပ် mini အသစ်မှာတော့ 8.1 လက်မ တက်ဘလက်ဟာ Windows OS ကို သုံးစွဲထားတာဖြစ်ပါတယ်။ ဈေးနှုန်းနဲ့ ရရှိမယ့်အချိန်ကိုတော့ ထုတ်ပြန်မပေးပေမယ့်လည်း သူ့ရဲ့ပါဝင်တဲ့ အချက်အလက်အချို့ကို တော့ ထုတ်ပြန်ခဲ့ပါတယ်။ Intel processor ကို သုံးစွဲမှာဖြစ်ပြီး 1GB RAM အထောက်အပံ့လည်း ပါဝင်မှာဖြစ်ပါတယ်။ Windows Tablet တွေရဲ့ ပုံစံအတိုင်း မျက်နှာပြင်ဖော်ပြမှုဟာ 1024x 600pixels နဲ့ထွက်ပေါ်လာချေရှိပါတယ်။ ၂၀၁၅ မှာ ရရှိမယ့် U Series 4K အသစ်ကိုတော့ နမူနာပုံစံသာ ပြသခဲ့ပါတယ်။ Laptop ရော Tablet ပုံစံကိုပါ သုံးလို့ရမယ့် Radius 11 ကိုတော့ မော်ဒယ်နှစ်မျိုးနဲ့ မိတ်ဆက်ခဲ့ပါတယ်။ ၁၁ လက်မနဲ့ ၁၁ . ၆ လက်မ မြင်ကွင်းပုံစံမျိုးကို ရရှိမှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ အရမ်းကြီးမားမှာမဟုတ်ဘဲ ပါဝင်မှုလုပ်ဆောင်ချက်တွေကတော့ ကောင်းမွန်မှာဖြစ်ပါတယ်။

**Z Series အသစ်ကို မိတ်ဆက်ခဲ့တဲ့ Sony**

ထိပ်တန်းနည်းပညာကုမ္ပဏီဖြစ်တဲ့ Sony ကတော့ ယခုပွဲမှာ Z Series စမတ်ဖုန်းနဲ့ တက်ဘလက်တွေကို မိတ်ဆက်ပြသခဲ့ပါတယ်။ IFA ၂၀၁၄ မှာမှ တရားဝင်မိတ်ဆက်ခဲ့တဲ့ စမတ်ဖုန်းအသစ်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်အကြာက မိတ်ဆက်ရောင်းချခဲ့တဲ့ Z မျိုးဆက်တွေရဲ့အသစ် Z 3 ဖြစ်ပြီး၊ ဖုန်းနဲ့တက်ဘလက်နှစ်မျိုးစလုံးကို ပွဲထုတ်ခဲ့ပါတယ်။ Z Series ဖုန်းတွေရဲ့ အောင်မြင်ကျော်ကြားမှုနောက်မှာ ထပ်မံထွက်ရှိလာတဲ့ဖုန်းတွေက 4K ဗီဒီယိုတွေကို ရုပ်သံဖမ်းယူမှုတွေ မျက်နှာပြင်ဖော်ပြနိုင်စွမ်း နည်းပညာအသစ်တွေနဲ့ မြင်တွေ့ရမှာဖြစ်ပြီး၊ Bravia တီဗီတွေမှာ ပါဝင်တဲ့ နည်းပညာတွေကို စမတ်ဖုန်းနဲ့ တက်ဘလက်တွေဆီကို သယ်ဆောင်လာတယ်လို့ဆိုရင် ပိုမှန်ပါလိမ့်မယ်။ Sony ရဲ့ နည်းပညာထုတ်လုပ်မှု အဝန်းအဝိုက်ကို ကြည့်မယ်ဆိုရင် တစ်နှစ်အတွင်းမှာ အဓိကထုတ်ကုန် နှစ်ခုကို မိတ်ဆက်ပြသလေ့ရှိပြီး၊ Z3 ဟာလွန်ခဲ့တဲ့ ၅လက မိတ်ဆက်ရောင်းချခဲ့တဲ့ Z2 နဲ့ ပုံစံဒီဇိုင်းသိပ်ကွာခြားတာကို တွေ့ရမှာမဟုတ်ပါဘူး။ ပိုမိုပါးလွှာမှုနဲ့အတူ အခြားကင်မရာလုပ်ဆောင်မှုတွေ ထပ်တိုးပါဝင်လာတာကို တွေ့ရပါတယ်။ နောက်ထပ်ထုတ်ကုန်သစ်ဖြစ်တဲ့ Z3 Compact ကိုတော့ ၄ . ၆ လက်မမျက်နှာပြင်နဲ့အတူ 720p ရုပ်ထွက်ဖော်ပြနိုင်စွမ်းကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းနဲ့ လုပ်ဆောင်နိုင်စွမ်းအရ Z3 ထက် အနည်းငယ်နိမ့်တဲ့ Hardware ပါဝင်မှုတွေရရှိမှာဖြစ်ပါတယ်။ နောက်ထပ် တက်ဘလက်အသစ်ကတော့ Z3 Tablet Compact ဖြစ်ပြီး၊ 270g အလေးချိန်ရှိကာ ၈ လက်မမျက်နှာပြင်ကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ Android ရဲ့ OS အသစ်နဲ့ သုံးစွဲနိုင်မှာဖြစ်ပြီး ကင်မရာအရည်အသွေးရော အချက်အလက်သိုလှောင်နိုင်စွမ်းပါ ကောင်းမွန်တာကို တွေ့ရပါတယ်။ ရှေ့ဘက်ကင်မရာငယ်ကို 2.2MP ပေးထားပြီး၊ နောက်ဘက်ကင်မရာက 8.1MP ဖြစ်ကာ HD ဗီဒီယိုတွေကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ quadcore processor ကို သုံးစွဲထားတာကြောင့် HD Game တွေကို လျင်မြန်စွာ ဆော့ကစားနိုင်မှာဖြစ်ပါတယ်။

IFA ပွဲမှာ အခြားနည်းပညာကုမ္ပဏီတွေအနေနဲ့ ဝင်ရောက်ပြသခဲ့တာက Acer, Nokia, Motorola, Amazon တို့ဖြစ်ပြီး၊ နည်းပညာကုမ္ပဏီငယ်တွေလည်း အမြောက်အမြား ပါဝင်ပြသခဲ့ပါတယ်။ ပြသခဲ့တဲ့ ထုတ်ကုန်တွေအားလုံးဟာ သုံးစွဲသူတွေကို လုံးဝဆွဲဆောင်နိုင်စွမ်းရှိပြီး ၂၀၁၄ နှစ်မကုန်ခင်မှာရရှိမယ့် ထုတ်ကုန်အသစ်တွေနှင့် တီထွင်ဆန်းသစ်မှုရှိတဲ့ နည်းပညာသစ်တွေကို သုံးစွဲမယ့်သူတွေမျှော်လင့်နေကြတော့မှာပါ။ ■




No One Can Live Without ... Mobile Guide
Information Technology & Lifestyle Journal

တာဝန်ခံအယ်ဒီတာ
စိုးမိုး

အယ်ဒီတာအဖွဲ့
စည်သူ၊ ငြိမ်းချမ်းတိုး

သတင်းအဖွဲ့
နေဦးလွင်၊ ရဲလင်းစိုး

စာပြင် စာပြု
ဒေါ်ခင်လေးမြ

အုပ်ချုပ်ရေးမှူး
ရဲမင်းအောင်

မျက်နှာဖုံးဒီဇိုင်း
ပြည့်မင်းဇော်

ဒီဇိုင်းအဖွဲ့
မင်းသီဟဦး
နေဇာဝင်း၊ ပိုင်းပိုင်း
စန်းစန်းရီ

ကြော်ငြာတာဝန်ခံ
ချိုဇင်သက်

ကြော်ငြာအဖွဲ့
အေးငြိမ်းသူ၊
အေးသန္တာကျော်

ရုံးအဖွဲ့
စိုးစံငြိမ်း

ဖြန့်ချိရေး
အောင်နိုင်

ပုံနှိပ်
ဦးတိုးဝင်း၊
နေလရောင်ပုံနှိပ်
(၀၂၄၃၁)
အမှတ် ၉၃၊ ၁၁လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးရဲမင်းအောင်
(၁၄၀၀-ယာယီ)

ရုံးခန်းတည်နေရာ
အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း၊- ၀၉၇၃၁၈၇၉၅
၀၉၄၂၀၇၇၇၀၀

Email
mobileguidemyanmar@gmail.com




# စာသင်ခန်းထဲရှိ အာရုံတွေကို လွှမ်းမိုးထားနိုင်သော iOS 8

ငြိမ်း ချမ်း တိုး

နိုင်ငံတစ်ခု ကမ္ဘာ့အလယ်မှာ ဖွံ့ဖြိုးစွာ ရပ်တည်နိုင်ဖို့အတွက် ပညာရေးစနစ်လည်း တိုးတက်ကောင်းမွန်သောအခြေအနေမှာရှိရပါမယ်။ ဒီလိုဖြစ်ဖို့အတွက် သက်ဆိုင်ရာရဲ့ ကူညီထောက်ပံ့အားပေးမှုလိုအပ်သလို၊ ခေတ်မီကောင်းမွန်သော သင်ကြားရေးစနစ်၊ သင်ရိုးညွှန်းတမ်းများအပြင်၊ ပညာရေးမျိုးစေ့ကို နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်၊ စေတနာမှန်မှုတွေနဲ့အတူ ပြုစုပျိုးထောင်ဖို့လိုအပ်ပါသေးတယ်။ မိမိရဲ့ ဘဝနေထိုင်ရေးအာမခံချက်ကို စိတ်မပူရဘဲ စာသင်ကြားခြင်းဖြင့်သာ ကောင်းစွာရပ်တည်နိုင်ပြီး၊ ထိုလုပ်ငန်းပေါ်မှာ အာရုံစူးစိုက်ပေးနိုင်သော ပညာရေးဥယျာဉ်ရဲ့ ဥယျာဉ်မှူးကောင်းများစွာလည်း လိုအပ်ပါသေးတယ်။ ထိုဥယျာဉ်မှူးတွေသည်လည်း လူသားများပီပီ အမှားနဲ့မကင်းနိုင်ပါဘူး။ အချို့အမှားတွေသည် လူတိုင်းမှားနိုင်သော သဘော၊ သဘာဝတရားရှိတာကြောင့် လူအများစုက ခွင့်လွှတ်နားလည်ပေးနိုင်ကြပါတယ်။ ဒါပေမယ့် လောဘ၊ ဒေါသမောဟတရား ကြီးစိုးမှုကြောင့် ကျင့်ဝတ်နဲ့မညီသော၊ မလုပ်သင့်သော ကိစ္စရပ်များကို ကျူးလွန်လိုက်ပါက ကျောင်းတစ်ကျောင်း၊ မြို့တစ်မြို့တည်းထဲရှိ လူများကပဲ ထိုအကြောင်းအရာကို သိရှိမှာမဟုတ်ပါဘူး။ သတင်းအချက်အလက် လွယ်ကူစွာ စီးဆင်းမှုမြန်ဆန်သော ယနေ့အချိန်မှာ တစ်ကမ္ဘာလုံးထိုကိစ္စကို သိရှိနိုင်ကာ အပြစ်တင်၊ အပြောဆိုခံရနိုင်ပြီး၊ သက်ဆိုင်ရာ ဥပဒေနဲ့ပါ အရေးယူခံရနိုင်ပါတယ်။ ပညာရည်နို့တောင်းခံသူများဘက်ကလည်း လူငယ်များ ပီပီလုံးဝအဖြူထည်ဟုဆိုကာ မမှားဘူးလို့ မပြောနိုင်ပါဘူး။

စာပေဖတ်ရှုမှု၊ ဗဟုသုတရှာမှီးမှုအားနည်းသော အချို့သူတွေဟာ ဝမ်းရေးကြောင့်ပဲဖြစ်ဖြစ်၊ အခြားပတ်ဝန်းကျင်ရှိအတုမြင်အတတ်သင်ဆိုးမွေလက်ဆင့်ကမ်းမှုတွေကြောင့်ပဲဖြစ်ဖြစ် လူငယ်တစ်ယောက်မလုပ်သင့်သောအမှားမျိုးကျူးလွန်မိတတ်ပါတယ်။ စာသင်ခန်းထဲမှာပဲ ပြောဆိုဆုံးမပြုပြင်သင့်သောအကြောင်းအရာဆိုလျှင် ဆရာ၊ ဆရာမတွေက ဂရုဏာဒေါသဖြင့် တစ်ခါတလေဆုံးမတတ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေထဲမှာလည်း ပြုပြင်ရခက်သော လူငယ်များရှိတတ်သလို၊ ဆရာတွေထဲမှာလည်း တစ်ယောက်၊ နှစ်ယောက်သော ဥယျာဉ်မှူးဆိုးများရှိနိုင်ပါတယ်၊ ဆရာနှင့်တပည့်အခန်းကဏ္ဍအတွက် လူငယ်တွေအတွက် သင့်တော်သော နည်းလမ်းများဖြင့် ဆုံးမပဲ့ပြင်သင့်ပါတယ်။ တစ်ဖက်ဖက်ကို ပုံသေအပြစ်ပြောလို့မရပါဘူး။ နေရာတိုင်းမှာ၊ အသက်အရွယ်တိုင်းမှာ လူကောင်း၊ လူဆိုးရှိပါတယ်။ ယနေ့အချိန်မှာ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်ကြားမှာ အနည်းဆုံးတစ်ခါတော့ ပြောဆိုဆုံးမရမယ့် ညှိနှိုင်းစရာ၊ တည့်မတ်ထိန်းကျောင်းပေးစရာအကြောင်းအရာတစ်ခုရှိပါတယ်။ ဒါကတော့ ကျောင်းသား၊ ကျောင်းသူလူငယ်တွေ နည်းပညာပစ္စည်းများ အသုံးပြုခြင်းဖြစ်ပါတယ်။ လူကြီးများကတော့ လူငယ်တွေ ထိုကိစ္စအတွက်နဲ့ အချိန်များဖြုန်းပြီး ကျောင်းပညာရေးပိုင်းမှာထိခိုက်မှာကို စိုးရိမ်ကြပါတယ်။ လူငယ်တွေက ထိုအကြောင်း အရာနဲ့ပတ်သက်ပြီးတော့ လူကြီးတွေအပေါ် အထင်လွဲနိုင်ပါတယ်။ ခေတ်စနစ်နှင့် အသက်အရွယ်ကွာခြားမှုတွေကြောင့် လူကြီး နှင့် လူငယ်တွေရဲ့ စိတ်ခံစားချက်တွေလည်း နေရာလဲခံစားပေးရမှာဖြစ်ပြီး၊ အချို့ကိစ္စတွေအတွက် ညှိနှိုင်းခြင်း၊ နားလည်ခွင့်လွှတ်ခြင်းနည်းတွေနဲ့ သွန်သင်ဆုံးမရမှာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် ယနေ့ခေတ်မှာ ပိုက်ဆံတတ်နိုင်သော မိသားစုရဲ့ မည်သည့်ကလေးသူငယ်မဆို နည်းပညာပစ္စည်းတစ်မျိုးမျိုးအား သုံးစွဲဖို့အတွက် မရမကပူဆာကြမှာပဲဖြစ်ပါတယ်။ ထိုသို့ စာသင်ခန်းထဲမှာ အချိန်အလိုက် စာသင်ရတဲ့ ကလေးတွေရဲ့ အာရုံကို နည်းပညာပစ္စည်းများက လွှမ်းမိုးထားခြင်းဟာ နိုင်ငံတိုင်းမှာဖြစ်ပျက်နေတဲ့ အခြင်းအရာတစ်ခုပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး လူများစွာ၊ အဖွဲ့များစွာက ထင်မြင်ချက်ပေါင်းစုံပေးကြပါတယ်။ ထိုထဲတွင် Fraser Spiers ကလည်း အပါအဝင်ဖြစ်ပါတယ်။ နည်းပညာပစ္စည်းတွေအတွက် Android နှင့် iOS ဆိုပြီး အဓိက OS နှစ်ခုရှိတဲ့အထဲကမှ iOS အကြောင်းပြောထားတာဖြစ်ပြီး၊ iOS 8 အကြောင်း အဓိကပါဝင်ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေကတည်းက ကျောင်းသားအများစုဟာ အချိန်ပြည့် iPad သုံးနေတာကို သူလေ့လာတွေ့ရှိခဲ့ပါတယ်။ iPad ဟာ ကျွန်တော်တို့ရဲ့ ကိစ္စအတော်များများမှာ ကူညီထောက်ပံ့ပေးနိုင်ပေမယ့် Mac ရဲ့ ညီငယ်အရင်းကဲ့သို့ အမြဲရပ်တည်သွားမှာကို သူက စိတ်ပူကြောင်းဆိုပါတယ်၊ ဒါကြောင့်ပြီးခဲ့တဲ့ WWDC ပွဲမတိုင်မီသူက blog post တစ်ခုရေးခဲ့ပါတယ်။ များလှစွာသော ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများအတွက် iOS သုံးခြင်းနဲ့ပတ်သက်ပြီး၊ iOS ကန့်သတ်ချက် အကြောင်းကို ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်မှာတော့ iOS 7 နဲ့ ပတ်သက်ပြီး သူကသိပ်စိတ်မပူခဲ့ပါဘူး။ AirDrop ကြောင့် ကြီးမားသောဖိုင်တွေကို စာသင်ခန်းအနီးအနားမှာ လွယ် ကူစွာရွှေ့ပြောင်းနိုင်ခဲ့ပါတယ်။ WWDC 2014 မှာတော့ Apple ဟာ iOS 8 ရဲ့ ဆန်းသစ်မှုများကို သူ့ဆီယူဆောင်ခဲ့တာကြောင့် သူမပျော်ရွှင် နိုင်တော့ပါဘူး။ iPad ကို မူလအစပိုင်း computing device ကဲ့သို့သုံးသူကို iOS 8 feature က ဆန်းစစ်ဝေဖန်ခြင်းဟာ extensibility ဖြစ်ခြင်းလို့ သူကဆိုပါတယ်။ ယခုအခါ iOS apps တွေဟာ ပူးပေါင်းလုပ်ဆောင်ဖို့ ကန့်သတ်ချက်တွေရှိပါတယ်။ ဥပမာအနေဖြင့် မိမိဟာ web page ကို iPad ပေါ်ရှိ Evernote ထဲမှာ သိမ်းချင်တယ်ဆိုရင် Safari နှင့် Evernote အတူတကွတိုက်ရိုက်ချိတ်ဆက်မှုမပြုနိုင်သောအချက်ရှိလာပါတယ်။ ဒါဟာ ခလုတ်ကန်သင်းတစ်ခုပါပဲ။ Extensibility ကဒါကို အဆုံးသတ်ပေးနိုင်ပါတယ်။ Evernote (သို့) Pocket ကဲ့သို့သော App ဟာ ဥပမာအားဖြင့် extension ထုတ်ပေးကာ Safari ထဲ ချိတ်ဆက်ပြီး၊ အသုံးပြုသူက Safari ကို ချန်လုပ်ထားခဲ့စရာမလိုဘဲ သက်ဆိုင်ရာ services ဆီကို current web page အား clip လုပ်နိုင်မှာဖြစ်ပါတယ်။ ကောင်းကျိုးကတော့ web browsing လုပ်ရန် extend မလိုတော့ပါဘူး။

Twitter က သူ့အတွက် စာဖတ်ခြင်းကိရိယာဆိုင်ရာ ကြီးမားသောအရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ iOS 7 တွင် Pocket ဆီသို့ links ပို့ခြင်းစွမ်းရည်အတွက် Tweetbot နှင့် Twitterrific ကဲ့သို့သော apps ထုတ်လုပ်သူများသည် build in ဖြစ်အောင် လုပ်ဆောင်ခဲ့ရပါတယ်။ ကျွန်တော့် Twitter links ကို Evernote ဆီအစားပို့ဆောင်ချင်တယ်ဆိုရင် ဘာဖြစ်မှာပါလဲဆိုပြီး မေးခွန်းထုတ်ဆိုပါသေးတယ်။ iOS 7 လက်အောက်တွင်ဆိုရင်တော့ app တွေရဲ့ ဖွံ့ဖြိုးသူတွေဆီ lobby လုပ်ရန်လိုအပ်ပါမယ်။ Evernote ပါဝင်ထောက်ပံ့လုပ်ဆောင်ဖို့သူ အသုံးပြုတဲ့အခါဖြစ်ပါတယ်။ iOS 8 တွင်တော့ ထိုကဲ့သို့သောဖြစ်ရပ်အတွက် Evernote developer တွေက သူတို့ကိုယ်တိုင်ပြုလုပ်သွားပါမယ်။ Extensibility က အလုပ်စီးဆင်းမှုအခန်းကဏ္ဍအသစ်အတွက် ဖွင့်လှစ်ဖို့ကတိပေးထားပါတယ်။ ဒါကို ပုံမှန်အသုံးပြုသူများဝင်ခွင့်ရအောင် ပြုလုပ်ပေးမှာဖြစ်ပါတယ်။

ဆရာတစ်ယောက်အတွက် ကျောင်းသားတွေဟာ သူတို့သိမ်းထားသော ဖိုင်တွေကို သူတို့ရဲ့ Macs ပေါ်မှာ ရှာဖွေနေခြင်းဟာ သင်ခန်းစာတိုင်းအတွက်ဆိုလျှင် အချိန်ကုန်တယ်လို့ သတ်မှတ်နိုင်ပါတယ်။ ပိုပြီးကူညီရာရောက်စေဖို့အတွက်ကတော့ iPad ပေါ်ရှိ "မင်းရဲ့စာမျက်နှာဖိုင်တွေဟာ စာမျက်နှာထဲမှာပဲရှိတယ်" ဆိုတာကို သိစေဖို့ဖြစ်ပါတယ်။ iOS ရဲ့ ဖိုင်တွေပြန်အလုပ်လုပ်ခြင်းစနစ်ဟာ လူသစ်အသုံးပြုသူတွေအတွက်တော့ ကြီးမားတဲ့အပေါင်းလက္ခဏာဖြစ်ပါတယ်။ iCloud Drive က ဖိုင်စနစ်ကို iOS ထဲ ပြန်ရောက်အောင်ထားပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး သူကသဘောထားအမြင်ကွဲလွဲပါတယ်။ သင်ကြားရေးဆိုင်ရာအပိုင်းမှာဆိုလျှင် ဖိုင်တွေကို iOS ပေါ်တွင် နေရာမှားသိမ်းခြင်းနဲ့ ပတ်သက်ပြီးဖိုင်ပျောက်ဆုံးခြင်းအတွက် Apple က မိတ်ဆက်သတိပေးခြင်းစွမ်းရည်ဆိုင်ရာဖြစ်ပါတယ်။ iCloud ပေါ်မှာ ခံယူရပ်တည်သော app တွေကြောင့်လည်း ကျောင်းသားတွေသည် သူတို့ရဲ့ iCloud သိမ်းဆည်းမှုပမာဏခွဲဝေစားသုံးခြင်းက လျင်လျင်မြန်မြန်ပဲအကုန်မြန်တတ်ပါတယ်။ အပိုသိမ်းဆည်းမှုအတွက် Apple က ဈေးနှုန်းတန်ဖိုးနည်းပါးအောင်စီစဉ်ပေးထားပေမယ့် ကျောင်းသားတွေ ပမာဏပိုမိုရရှိဖို့အတွက်ဆိုလျှင် handing out gift cards မပါဝင်ဘဲနဲ့ ကျောင်းတွေကပိုမိုလမ်းပြပေးရပါမယ်။ ဒါဟာ ဈေးနှုန်းနဲ့ မဆိုင်ဘဲ Apple က ကျောင်းသားတွေအတွက် iCloud ပမာဏကို ချဲ့ထွင်မှုပြုလုပ်ခြင်းဖြင့် ပတ်သက်ပြီး လွယ်လားခက်လားဆိုတာနဲ့ပဲဆိုင်တယ်လို့ သူကယူဆပါတယ်။

၂၀၁၀တုန်းက သူ့ကျောင်းတွင် iOS စတင်ဖြန့်လုပ်အသုံးပြုခဲ့တုန်းကဆိုရင် setting process တွေက ရိုးရှင်းလွယ်ကူပြီး၊ တိကျကာ အသုံးပြုရအဆင်ပြေပါတယ်။ အခုတော့ နည်းစနစ်တွေပိုမိုကောင်းမွန်ခြင်းနဲ့အတူ ရှုပ်ထွေးမှုတွေပါပါဝင်လာခဲ့ပါတယ်။ ဒါကပိုမိုအဆင့်မြှင့်ပေးခြင်းဖြစ်တယ်လို့ယူဆရမှာဖြစ်ပါတယ်။ iOS ဖွံ့ဖြိုးမှုဟာ ယနေ့မှာ ပိုမိုပါရင့်ကျွမ်းကျင်တိကျသောအဆင့်ဖြစ်လာပါတယ်။ အစပိုင်းအသုံးပြုသူတွေအတွက်တော့ Mobile Device Management ထိန်းချုပ်မှုဆိုင်ရာ မေးခွန်းတွေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ကျောင်းတွေအတွက်ဆိုလျှင် Apple TV ဟာ iOS အသုံးပြုခြင်းနဲ့ ပတ်သက်လာလျှင် အနည်းငယ်ရှုပ်ထွေးခက်ခဲမှုဖြစ်စေပါတယ်။ ကြီးမားသော ကျောင်းတစ်ကျောင်းရဲ့ network မှာ box တွေကို စီမံဆောင်ရွက်ရတာဟာ စိန်ခေါ်မှုဖြစ်ပါတယ်။ iOS ပစ္စည်းတွေနှင့် Apple TV box တွေ network များ ကူးလူးယှက်သွယ်ခြင်းဟာ ခက်ခဲမှုဖြစ်စေပါတယ်။ ကျောင်းသားတွေနှင့် ဝန်ထမ်းတွေရဲ့ network ပိုင်းဆိုင်ရာဟာ တစ်ခုချင်းစီအတွက် သီးခြားခွဲထားခြင်းဖြစ်ပါတယ်။ ပစ္စည်းနှစ်ခုကြားရှိ network ထောက်ပံ့မှုအတွက် ရှင်းလင်းအောင် ပြဿနာကိုဖြေရှင်းပေးနိုင်တယ်လို့ iOS 8 က ဆိုထားပါတယ်။ iOS 7 မှာတော့ peer-to-peer discovery ရှိပြီး၊ iOS 8 မှာတော့ peer-to-peer discovery နှင့် playback ရှိလာပါမယ်။ iOS keyboard ကလည်း key caps ကို စာလုံးကြီးတွေနဲ့ ဖော်ပြခြင်းဟာ ကလေးငယ်များအတွက် အဆင်မပြေနိုင်ပါဘူး။ letter အကုန်လုံးမသိသေးခင်မှာ စာလုံးသေးများဖြင့်သာ စတင်သင့်ပါတယ်ဆိုပြီး သူကထင်မြင်ယူဆခဲ့ပါသေးတယ်။ အခုတော့ iOS keyboard က အစားထိုးလိုက်ပါပြီ။

> **တစ်ဖက်ဖက်ကို ပုံသေအပြစ် ပြောလို့**
> **မရပါဘူး။ နေရာတိုင်းမှာ၊ အသက်အရွယ်**
> **တိုင်းမှာ လူကောင်း၊ လူဆိုးရှိပါတယ်။**

iOS 8 က ရှေ့ပိုင်းမှာထွက်ခဲ့သော iOS တွေကို အသုံးပြုသူတွေဝေဖန်ထောက်ပြထားသော အကြောင်းအချက်အလက်တွေနဲ့ ချင့်ချိန်ပြုပြင်ပြီးထွက်ပေါ်ခြင်းဖြစ်ပါတယ်။ Apple က ထုတ်သောနည်းပညာပစ္စည်းများ၊ စနစ်အသစ်များဟာ ကမ္ဘာတစ်ဝန်းရှိ ပန်းသီးချစ်သူတွေကို အစဉ်အမြဲစိတ်လှုပ်ရှားစေပါတယ်။ Apple ပစ္စည်းများကို လိုချင်ပြီး၊ အသုံးပြုချင်သောကြောင့် မိမိရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထုတ်ရောင်း ခြင်းကိစ္စတွေတောင် ပြုလုပ်ခဲ့ကြပါတယ်။ မသိနားမလည်သော အရွယ်များကလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်၊ နည်းပညာပစ္စည်းများကို လူငယ်များ စာသင်ချိန်အတွင်းအသုံးပြုခြင်းဟာလည်း ကောင်းကျိုးထက်ဆိုးကျိုးပိုဖြစ်စေပါလိမ့်မယ်။ လူငယ်အများစုသည်လည်း ထိုပစ္စည်းများကို ဘဝတိုးတက်စေသော အထောက်အပံ့ပစ္စည်းအဖြစ်အသုံးပြုခြင်းထက် ဖျော်ဖြေရေးပစ္စည်းအဖြစ် အသုံးပြုခြင်းက ပိုမိုပါတယ်။ ဒါကိုလူကြီးများ၊ ဆရာသမားများက တားဆီးပိတ်ပင်ညွှန်ပြသွန်သင်ပေးခြင်းထက် ကိုယ်တိုင်က သိနားလည်ဖို့အရေးကြီးပါတယ်။ လူငယ်တွေလက်ထဲသို့ နည်းပညာပစ္စည်းများ၊ စနစ်သစ်များက ဒီထက်ပိုမိုရောက်ရှိဖို့ပဲရှိပါတယ်။ Apple သည်ပင်လျှင် နောက်ထပ်စမတ်ဖုန်းအသစ်ကို ၉ရက် ၉လမှာ မိတ်ဆက်ပါတော့မယ်။ ဒါကြောင့် လူငယ်တွေရဲ့ အာရုံများကို နောက်ထပ်လွှမ်းမိုးမယ့် နည်းပညာပစ္စည်းတစ်ခု စာသင်ခန်းတွေထဲရောက်ရှိလာပါတော့မယ်။

ARTICLE KNOWLEDGE

# Android စနစ်ကို လုံခြုံစေမည့် Malwarebytes



**ဧေက်(မြို့မနေဒစ်ဂျစ်တယ်ဓါတ်ပုံ)**

ကွန်ပျူတာတစ်လုံးရှိလျှင် Antivirus ဆော့ဖ်ဝဲတစ်ခု မဖြစ်မနေရှိသင့်သည်။ Antivirus ဆော့ဖ်ဝဲတိုင်းက Malware အားလုံးကို ကာကွယ်နိုင်ပါသလား။ မကာကွယ်နိုင်ပါ။ ယင်းတို့အနေဖြင့် Virus Signature ကို သိပြီးလျှင် Malware တို့ကို ရာနိုင်နှုန်းပြည့် ပိတ်ဆို့နိုင်သော်လည်း မသိသေးလျှင်မူ ထိုကဲ့သို့ ပိတ်ဆို့နိုင်မည်မဟုတ်ပါ။ virus signature တို့ကို နေ့စဉ်နှင့်အမျှ update လုပ်ခြင်းသည် Malware တို့ကို ပိတ်ဆို့ရန်အခွင့်အလမ်းသာသော်လည်း ယင်းကြောင့် ကွန်ပျူတာကို လုံးဝလုံခြုံမှုပေးလိမ့်မည်ဟု အာမမခံနိုင်ပါ။ code အသစ်နှင့် malware များနေ့စဉ်နှင့်အမျှ ထွက်နေသောကြောင့် ဖြစ်ပါသည်။

ဗိုင်းရပ်စ်ရန်ကို ဆထက်ထမ်းပိုး တိုး၍ကာကွယ်လိုလျှင် Antivirus ဆော့ဖ်ဝဲတစ်မျိုးမက သုံးရပါလိမ့်မည်။ သို့သော် လက်တွေ့တွင် ကွန်ပျူတာထဲ၌ Anti-virus ဆော့ဖ်ဝဲနှစ်မျိုး တစ်ပြိုင်တည်းအတင်မခံပါ။ဆော့ဖ်ဝဲရေးစဉ်ကပင် virus search engine



နှစ်မျိုးကို တစ်ပြိုင်တည်း တွဲထည့်ပေးလိုက်သော G-data ကဲ့သို့သော Antivirus ဆော့ဖ်ဝဲမျိုးက တစ်မျိုးတစ်ဘာသာဖြစ်ပါသည်။ သို့တိုင်အောင် G-data သည် Malware ရှာဖွေရေးလုပ်ငန်းစဉ်တွင် အမြဲတမ်း အကောင်းဆုံးအဆင့်ရှိမနေပါ။ ထို့ကြောင့် offline အလုပ်လုပ်မည်ဆိုလျှင် မူလ Antivirus ဆော့ဖ်ဝဲကို မဆန့်ကျင်သော Anti malware တစ်ခုကို ထပ်ပိုးထည့်ခြင်းက ပို၍ ကောင်းမွန်ပါသည်။

ထိုလုပ်ငန်းစဉ်အတွက် အကောင်းဆုံးမှာ Malwarebytes ဖြစ်ပါသည်။ Free version က ကွန်ပျူတာနိုင်းစေမှ အလုပ်လုပ်ပြီး၊ Premium version က သူ့ဘာသာ အလုပ်လုပ်ပါသည်။ ယနေ့အချိန် တွင် Android မိုဘိုင်းပစ္စည်းတို့သည် ကွန်ပျူတာနှင့် အရေအတွက်တန်းတူနီးပါးရှိလာပြီ။ အရေးကြီးသော လုပ်ငန်းများအတွက်ပါ အသုံးချနေသည်ဖြစ်ရာ Malware ရေးသူတို့ မျက်စေ့ကျသည့်နေရာ ဖြစ်ပါသည်။ ယင်းအခြေအနေပေါ် မူတည်၍ ကွန်ပျူတာပေါ်တွင် ကောင်းစွာအစွမ်းပြခဲ့သော Malwarebyte သည် Android နယ်ပယ်ထဲသို့ ဝင်ရောက်လာပါသည်။ ဤသည်မှာ Android စနစ်သုံးစွဲသူတို့အတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

Android စနစ်ပေါ်တွင်သုံးသော Malwarebytes ၏ အခြေခံလုပ်ငန်းစဉ်မှာ ဖုန်း (သို့) တက်ဘလက်၏ အတွင်းမန်မိုရီနှင့် SD Card တို့တွင် ခိုအောင်းနေနိုင်သော malware များကို စစ်ဆေးရန် ရည်ရွယ် ပါသည်။ malware များကို စစ်ဆေးရာတွင် Trojam နှင့် Spyware များလည်း ပါဝင်ပါသည်။ အဆိုပါ စစ်ဆေးရေး လုပ်ငန်းစဉ်ကို ကြိုတင် စီမံနိုင်းစေချက်ဖြင့်ဖြစ်စေ၊ ချက်ခြင်းလက်ငင်းအခြေအနေအတိုင်းဖြစ်စေ လုပ်နိုင်ပါသည်။ malwarebytes တွင် malware များကို စစ်ဆေးရန် သမ္မတက mobile specific tools များလည်း ပါဝင်ပါသေးသည်။ ထို tool များသည် မိုဘိုင်းပစ္စည်းပေါ်တွင် install လုပ်ထားသော application တို့က privacy ကျူးပေါက်စေမည့် ခွင့်ပြုချက်တောင်းခံခြင်းမျိုးကို စစ်ဆေးပေးမည်သာမက security setting ပိုင်းတွင်ရှိသော အားနည်းချက်များကိုပါ ထောက်ပြပါဦးမည်။ Malwarebytes ကို Android device manager နှင့်ပါ ချိတ်ဆက်ထားနိုင်မည်ဖြစ်၍ device ပျောက်ဆုံးခြင်း (သို့) အခိုးခံရခြင်းအား ရှာဖွေရာတွင်လည်း အထောက်အကူရပါမည်။

Malwarebytes ကို အသုံးပြုရန်အတွက် ဦးစွာ Apk ဖိုင်ကို download ချပါမည်။ Application store မှာ အသေချာဆုံးနေရာဖြစ်ပြီး ယင်းနေရာသို့ ဝင်ရောက်ခွင့်မရှိသူများအနေဖြင့် 1 mobile market မှ ဆွဲယူနိုင်ပါသည်။ Installation ပြီးနောက် application ကို ဖွင့်သည့်အခါ Real Time protection လုပ်မည်လားဟုလာ၍ မေးပါမည်။ ယင်းကိုရွေးလိုက ရွေးနိုင်ပါသည်။ real time protection မထားလိုသူများက cancle ကိုနှိပ်ပြီး၊ ယင်းအဆင့်ကို ကျော်သွားနိုင်ပါသည်။

အမှန်တကယ်တွင် Real time protection သည် မိုဘိုင်းပစ္စည်းအား အမြင့်ဆုံးလုံခြုံမှုကို အချိန်နှင့် တစ်ပြေးညီ ပေးပါသည်။ သို့သော် ယင်းစွမ်းရည်ကပင်လျှင် memory ကို စားသုံးပြီး ဘက်ထရီအားကုန်မှုကို မြန်စေပါသည်။ ထို့ကြောင့် အခြေအနေလိုအပ်ချက်အပေါ် မူတည်ပြီး enable (သို့) disable လုပ်ပြီး သုံးသင့်ပါသည်။ enable/disable လုပ်ရန်အတွက် screen ၏ အပေါ်ယာဘက်ထောင့် အစက်သုံးစက်နေရာတွင် တစ်ချက်ခေါက်ပါ။ ယင်းနောက် ပေါ်လာသော Windows အတွင်းမှ Settings ကိုရွေးပါ။ ယင်းနောက်မြင်ရသော Real time protection ကို အမှန်ခြစ်ပေါ်အောင်ခေါက်လျှင် enable ဖြစ်ပြီး အမှန်ခြစ်ပျောက်အောင်ခေါက်လျှင် disable ဖြစ်ပါမည်။

အချိန်အားလျော်စွာ scan လုပ်ရန် ကြိုတင်သတ်မှတ်ခိုင်းစေလိုပါက Scheduled scan နေရာတွင် တစ်ချက်ခေါက်ပါ။ ယင်းနောက် regular schedule တစ်ခုကို set up လုပ်ပါ။ default အနေအထားတွင် Scheduled scan နှင့် Scan after update တို့ကို enable လုပ်ထားပါသည်။ Scheduled scan Windows ထဲတွင် Scan frequency ကို တစ်ချက်ခေါက်ပြီး၊ Daily ဟူသော Setting အစား မိမိနှစ်သက်သလို ပြောင်းလဲနိုင်ပါသည်။ Time ဟူသော Option မှာမူ Scanning အား မည်သည့်အချိန်တွင် လုပ်လိုသည်ကို သတ်မှတ်ပေးနိုင်ရန်ဖြစ်ပါသည်။

Scheduled scan သတ်မှတ်ပြီးလျှင် main screen သို့ ပြန် သွားပါ။ ယင်းနောက် scan now ကို တစ်ချက်ခေါက်ပါ။ ယင်းသည် scan ကို လိုအပ်မှ လုပ်ခြင်းဖြစ်ပါသည်။ အကယ်၍ malware တစ်ခု ခုတွေ့ခဲ့လျှင် ယင်းကို ဘေးကင်းစွာ ဖယ်ရှားပစ်နိုင်ရန်အတွက် Delete နေရာတွင် ခေါက်ပါ။ အကယ်၍ malwarebytes က malware အဖြစ်သတ်မှတ်ပေးသော်လည်း မိမိအတွက်မူ malware မဟုတ်ကြောင်း သေချာပါက Add to Whitelist နေရာတွင် တစ်ချက်ခေါက်ပြီး ယင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါသည်။ အကယ်၍ malware လုံးဝမတွေ့ခဲ့လျှင် Ok နေရာတွင် တစ်ချက်ခေါက်ပါ။ မိမိ device ၏ setting ကို စစ်ဆေးကြည့်ရှုလိုပါက App Myanmar ကိုဖြစ်စေ၊ privacy manager ကို ဖြစ်စေ လက်ဖြင့် ခေါက်ရပါမည်။

> **Android စနစ်ပေါ်တွင်သုံးသော Malwarebytes ၏ အခြေခံ လုပ်ငန်းစဉ်မှာ ဖုန်း (သို့) တက်ဘလက်၏ အတွင်းမန်မိုရီနှင့် SD Card တို့တွင် ခိုအောင်းနေနိုင်သော malware များကို စစ်ဆေးရန် ရည်ရွယ်ပါသည်။**

Application manager Windows ထဲတွင် မိမိ Install လုပ်ထားသော application များ၏ အခြေအနေကိုကြည့်နိုင်သည်။ Default tab တွင် ယခုလောလောဆယ်အလုပ်လုပ်နေသော application များကို ပြပါမည်။ Application တစ်ခုခုကို တစ်ချက်ခေါက်လိုက်ပါက ယင်း application က အသုံးပြုသော CPU နှင့် memory အင်အားကို ပြသပါမည်။ ယင်း application ကို ပိတ်လိုပါက force close ကို တစ်ချက်ခေါက်ရပါမည်။ ပိုမိုများပြားသော ရွေးချယ်ပိုင်ခွင့်တို့ကို ကြည့်လိုလျှင် System information နေရာတွင် တစ်ချက်ခေါက်ရပါမည်။

System information screen တွင် Clear data နှိပ်ပြီး သက်ဆိုင်ရာ application ၏ data ကို ဖျက်နိုင်သည်။ Uninstall ကို တစ်ချက်ခေါက်လျှင် application ကို delete လုပ်မည်သာမက ယင်း application နှင့် ပတ်သက်သော data များကို ဖျက်နိုင်ပါသည်။ Disable ကို နှိပ်လျှင် လက်ရှိအလုပ်လုပ်နေသော application အား အလုပ်လုပ်ခြင်းမှ တားဆီးပေးပါမည်။ Move နေရာတွင် တစ်ချက်ခေါက်ပါက ဖုန်းထဲ တွင် install လုပ်ထားသော application ကို SD card ထဲသို့ ရွှေ့နိုင်လျှင် ရွှေ့ပေးပါမည်။ ယင်း Screen ကို အပေါ်ဘက်သို့ ဆွဲလိုက်လျှင် ဖုန်းရှိ Cache, default နှင့် permission များကို ပြသပါမည်။

Application manager screen ပါ ပြန်သွားပြီး၊ install နေရာတွင် လက်ဖြင့်ခေါက်ပါက download လုပ်ထားသော application အားလုံးကို မြင်ရပါမည်။ Whitelist နေရာတွင် လက်ဖြင့်ခေါက်ပါက Malwarebytes ၏ scan လုပ်ခြင်းမှ ကင်းလွတ်ခွင့်ပေးထားသော application များကို မြင်ရပါမည်။ Screen ၏ အပေါ်ယာဘက်ထောင့်တွင်ရှိသော အစက်သုံးစက်နေရာတွင် လက်ဖြင့်ခေါက်ပါက မကြာသေးခင်က ပြုလုပ်ခဲ့သော Scan များစာရင်းကို ပြပါမည်။ scan တစ်ခုအား လက်ဖြင့်ခေါက်လိုက်ပါက ယင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပြသပါမည်။

Main Screen ပေါ်တွင်ရှိသော privacy manager အားတစ်ချက်နှိပ်လျှင် privacy manager screen ပေါ်လာပါမည်။ ပထမဆုံးအကြိမ်အသုံးပြုခြင်းဖြစ်လျှင် data base ထဲ၌ မည်သည့် data မှ မရှိသေးသောကြောင့် Scan လုပ်ရန်လာပြောပါမည်။ scan နေရာကို တစ်ချက်နှိပ်လိုက်ပါ။ မိမိအား ငွေကုန်ပေါက်ဖန်တီးမည့် application များစာရင်း၊ မိမိ၏ personal information များကို နှိုက်ယူမည့် application များစာရင်း၊ မိမိ၏ Network access ယူသုံးမည့် application များစသည့် စာရင်းပေါင်းများစွာကို လာပြပါမည်။ စာရင်း တစ်ခုကိုထောက်လိုက်လျှင် ယင်းအောက်ရှိ application အမည်များကို ပြပါမည်။ မိမိသိလိုသော application တစ်ခုကို ထောက်လိုက်လျှင် ယင်းကို Install လုပ်စဉ်က တောင်းခံခဲ့သော permission စာရင်းကို တွေ့ရပါလိမ့်မည်။

Security Audit ကမူ အရေးပါသော security ဆိုင်ရာ ပြဿနာများကို ကြည့်ရှုသည့် setting screen ဟု ဆိုနိုင်ပါသည်။ အစိမ်းရောင်အမှန်ခြစ်ပြထားခြင်း ပြဿနာကို ဖြေရှင်းနိုင်ရန် ခွင့်ပြုထားခြင်းဖြစ်ပါသည်။ အနီရောင် ကြက်ခြေခတ်ပြထားသော နေရာကိုတွေ့ပါက ယင်းနေရာကို နှိပ်ကာ setting ထဲ ဝင်နိုင်သည်။ လိုအပ်သလို ပြုပြင်နိုင်သည်။ ဟန်းဆက်၏ စွမ်းဆောင်ရည် အနိမ့်အမြင့်ပေါ် မူတည်၍ Security Audit ထဲတွင် ပြထားသော Option များတူမည်မဟုတ်ပါ။ ဤ Screen တွင် ပြထားသော Find my phone မှာ Android device manager သို့ ဝင်ရန်ဖြစ်ပါသည်။

device manager screen သို့ရောက်ပြီး၊ Google က Sing in လုပ်ရန် လာပြောခဲ့လျှင် ဝင်လိုက်ပါ။ ယင်းနောက် Device manager က မိမိဟန်းဆက်၏ တည်နေရာ ပြခွင့်ပြုရန် တောင်းခံခြင်းကို accept လုပ်ပါ။ device ၏ လက်ရှိ တည်နေရာကို update လုပ်ရန် သံလိုက်အိမ်မြှောင်ပုံ ပြထားသောနေရာကို တစ်ချက်နှိပ်ပါ။ ယင်းနောက် device name edit လုပ်ရန် ခဲတံပုံကို နှိပ်ပါ။ မိမိဟန်းဆက်ပျောက်သွားလျှင် မည်သို့ အသံမြည်လာမည်ကို သိရန်အတွက် Ring နေရာတွင်နှိပ်ပါ။ သို့တည်းမဟုတ် setup lock and Erase နေရာကို နှိပ်ပါ။



ပြည်တွင်းမှာလက်ရှိရောင်းချနေတဲ့ စမတ်ဖုန်းတွေကိုကြည့်လိုက်မယ်ဆိုရင် နေရာဒေသပေါင်းစုံက ဝင်ရောက်လာတဲ့ဖုန်းတွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ အချို့သောဖုန်းတွေဟာ ဈေးနှုန်းသက်သာပြီး၊ အချို့ဖုန်းတွေကတော့ ဈေးနှုန်းကြီးမြင့်တာကိုတွေ့ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ပြည်တွင်းဈေးကွက်မှာ ဦးဆောင်လျက်ရှိတာဟာ Huawei လို့ဆိုနိုင်ပြီး၊ နောက်ထပ်အရောင်းရဆုံးဖုန်းကတော့ Samsung ဖုန်းတွေဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါပေမယ့် လက်ရှိပြည်တွင်းမှာဖြစ်ပေါ်လျက်ရှိတဲ့ ဆက်သွယ်ရေးကုမ္ပဏီတွေရဲ့မိုဘိုင်းဆင်းကတ်တွေ အပြိုင်အဆိုင်ရောင်းချမှုနဲ့အတူ အခြားသောမိုဘိုင်းဖုန်း ထုတ်လုပ်သူတွေလည်း ပြည်တွင်းကို ဝင်ရောက်လာခဲ့ပါတယ်။ များပြားလှတဲ့ လူဦးရေတွေတစ်ပြေးညီမိုဘိုင်းဖုန်းကိုင်နိုင်စေဖို့အတွက်က တန်ဖိုးသက်သာတဲ့ဖုန်းတွေရှိမှသာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် စမတ်ဖုန်း ကုမ္ပဏီတွေဟာ တန်ဖိုးသက်သာတဲ့ဖုန်းတွေကိုတင်သွင်းရင်းနဲ့အတူ ဈေးကွက်ကိုခြေချလာခဲ့ပါတယ်။ လတ်တလောပြည်တွင်းဈေးကွက်ကိုဝင်ရောက်လာတဲ့ ဖုန်းကုမ္ပဏီတွေကိုကြည့်မယ်ဆိုရင် တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နဲ့ အိန္ဒိယဖုန်းတွေအများဆုံးဝင်ရောက်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဖုန်းအားလုံးထဲမှာမှ တရုတ်ပြည်တွင်းဈေးကွက်မှာအောင်မြင်နေတဲ့ဖုန်းအနေနဲ့ ပိုမိုဝင်ရောက်လာတာကို တွေ့ရပါတယ်။ ဈေးကွက်မှာအခြေကျပြီးသား Huawei, Samsung တို့ရဲ့ နေရာကို ရယူနိုင်စေဖို့အတွက် တရုတ်နိုင်ငံအခြေစိုက် ထိပ်တန်းဖုန်းကုမ္ပဏီတွေဖြစ်တဲ့ OPPO, vivo, Gionee ကုမ္ပဏီတွေ ဟာ သက်ဆိုင်ရာအရောင်းကိုယ်စားလှယ်တွေနဲ့အတူ ဈေးကွက်မှာနေရာရရှိဖို့ ကြိုးစားလာခဲ့ပါတယ်။ နောက်ထပ်တစ်ဦးကတော့ ဒီလပိုင်းအတွင်းမှာမှ ဈေးကွက်ထဲမှာ ဝယ်ယူရရှိနိုင်သော Xiaomi ဖုန်းတွေဖြစ်ကာ သူတို့ကလည်း ဈေးသက်သာပြီး၊ ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တွေ ထည့်သွင်းထားပါတယ်။ သက်ဆိုင်ရာနိုင်ငံမှာအကောင်းဆုံးအမှတ်တံဆိပ်ကို ပိုင်ဆိုင်ထားကြတဲ့ စမတ်ဖုန်းထုတ်လုပ်သူတွေဖြစ်တာနဲ့အညီ သူတို့အားလုံးရဲ့ ဖုန်းတွေဟာ ဒီဇိုင်းပိုင်း ကော၊ ပါဝင်တဲ့ Hardware အနေအထားအရပါ ထိပ်တန်းအဆင့်မှာရှိနေပါတယ်။ သုံးစွဲသူ တွေအနေဖြင့် မိမိနဲ့လက်လှမ်းမီရာဈေးနှုန်းနဲ့ ဖုန်းတွေကိုရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပြီး၊ အချို့ဖုန်းတွေကတော့ ဈေးနှုန်းအနည်းငယ်ကြီးမြင့်မှာပါ။ ဒါပေမယ့် ပေးထားတဲ့တန်ဖိုးနဲ့သင့်တင့်တဲ့ လုပ်ဆောင်ချက်ကို ရရှိနိုင်မှာဖြစ်တာကြောင့် အကောင်းဆုံးဖုန်းတွေ ကြားထဲမှာ ရွေးချယ်ရန် ခက်နေနိုင်ပါတယ်။ ဒါကြောင့် လတ်တလော ပြည်တွင်းဈေးကွက်မှာ ရေပန်းစားလျက်ရှိတဲ့ တရုတ်စမတ်ဖုန်း ကုမ္ပဏီ ၃ ခုရဲ့ ဖုန်းတွေကို သူတို့မှာ ပါဝင်တဲ့ လုပ်ဆောင် ချက်တွေနဲ့အတူ ရွေးချယ်ဖော်ပြပေးလိုက်ပါတယ် . . .

# Best Player of the Local Smartphone MARKET



# vivo

စမတ်ဖုန်းဈေးကွက်ကို တရုတ်နိုင်ငံအခြေစိုက် ကုမ္ပဏီတွေထဲကနေ ဝင်ရောက်လာခဲ့ကြပြီ။ ယခုဆိုရင် သူတို့ရဲ့ ပြည်တွင်းဈေးကွက်မှာရောင်းတဲ့စမတ်ဖုန်းတွေဟာ ထုတ်လုပ်နိုင်မှုအကောင်းဆုံး အရည်အသွေးမြင့် စမတ်ဖုန်းတွေအဖြစ်ရှိနေပါတယ်။ ထုတ်လုပ်မှုအကောင်းဆုံးစမတ်ဖုန်းတစ်လုံးအဖြစ် လတ်တလောမှာ တရုတ်ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်တဲ့ BBK ကနေ ထုတ်လုပ်ထားတဲ့ စမတ်ဖုန်းတွေဟာ မြန်မာပြည်တွင်းဈေးကွက်ကို ကိုအကောင်းဆုံးခြေချနိုင်ခဲ့ပြီဆိုရင်ပိုမှန်ပါလိမ့်မယ်။ ဂွမ်ဒေါင်းအခြေစိုက်မိုဘိုင်းကုမ္ပဏီဟာ ၂၀၀၉ခုနှစ်မှာစတင်တည်ထောင်ခဲ့ပြီး ကုန်ပစ္စည်းအမှတ်တံဆိပ်ကိုစတင်မှတ်ပုံတင်ခဲ့ပါတယ်။ စတင်တည်ထောင်သူကတော့ Shen Wei ဖြစ်ပါတယ်။ အင်ဒိုနီးရှား၊ထိုင်း၊အိန္ဒိယ၊မလေးရှားနဲ့တရုတ်နိုင်ငံတွေအတွက် နိုင်ငံအနေအထားနဲ့ကိုက်ညီတဲ့ဖုန်းတွေကိုထုတ်လုပ်ရောင်းချခဲ့ပါတယ်။ မော်ဒယ်နံပါတ်တွေတော့ ကွဲပြားသွားခြင်းမရှိပါဘူး။ မိုဘိုင်းဖုန်းတွေကိုထုတ်လုပ်တဲ့အခါမှာ အဓိကထုတ်ကုန်နာမည် ၃ခုကိုသတ်မှတ်ထုတ်လုပ်တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ သူတို့ကတော့ X series, Xplay series နဲ့ Xshot series တို့ပဲဖြစ်ပါတယ်။ မတူညီတဲ့ထုတ်ကုန်တစ်ခုခြင်းစီ အတွက်ပါဝင်တဲ့လုပ်ဆောင်ချက်တွေကလည်းကွဲပြားပါတယ်။ X series ဖုန်းတွေဟာပါးလွှာတဲ့ကိုယ်ထည်တည်ဆောက်မှုနဲ့ဖြစ်ပြီးတော့ စတီရီယိုအသံထွက်ပိုင်းကို ဦးစားပေးထားပါတယ်။ Xplay ဖုန်းတွေကတော့ တိကျတဲ့အသံထွက်ပိုင်းနဲ့ ရုပ်သံကြည့်ရှုမှုအပိုင်းမှာထူးခြားတဲ့အတွေ့အကြုံသစ်တွေရရှိအောင်စွမ်းဆောင်ပေးထားတာပါ။ Xshot ဖုန်းတွေကတော့အသံထွက်ပိုင်း ကောင်းမွန်မှုနဲ့ ဗီဒီယိုရိုက်ကူးဖမ်းယူမှုတွေအတွက် ဦးတည်ထုတ်လုပ်ထားတယ်လို့ဆိုပါတယ်။ အခု၂၀၁၄အတွက်အသစ်ထွက်ရှိထားတဲ့ စမတ်ဖုန်းကတော့ Xshot ဖြစ်ပြီးအရောင်းရဆုံးဖုန်းတွေထဲမှာ ပါဝင်လျက်ရှိပါတယ်။ vivo ရဲ့ပြည်တွင်းဈေးကွက်ကို ဝင်ရောက်လာတဲ့ဖုန်းတွေဟာ စွမ်းဆောင်ရည်ပိုင်းတစ်ခုချင်းစီမှာ ကောင်းမွန်တဲ့အပြင်ဒီဇိုင်းပိုင်းမှာလည်း သူမတူတဲ့ပုံစံနဲ့ဆွဲဆောင်ထားတာကြောင့် သုံးစွဲသူတွေအနေနဲ့ ကြိုက်နှစ်သက်လျက်ရှိပါတယ်။ ဒါကြောင့် လက်ရှိပြည်တွင်းဈေးကွက်မှာ ရေပန်းစားနေတဲ့ vivo ဖုန်းတွေကိုရွေးချယ်ပေးလိုက်ပါတယ် . . .

## vivo Xplay 3s




လက်ရှိထွက်ထားတဲ့ဖုန်းတွေထဲမှာလုပ်ဆောင်ချက်နဲ့ ဒီဇိုင်းပိုင်းမှာပြောစရာမလိုလောက် အောင်ကောင်းမွန်ပြီး စတင်ထွက်ရှိတဲ့အချိန်တုန်းကဆိုရင် ပထမဆုံး QuadHD display သုံးစမတ်ဖုန်းအဖြစ်သုံးစွဲသူတွေကိုဆွဲဆောင်ထားပါတယ်။ ဒ့်အပြင်သူ့ရဲ့အဓိကလုပ်ဆောင်ချက်ဖြစ်တဲ့ အသံထွက်အရည်သွေးကောင်းမွန်မှုနဲ့အတူ သီချင်းတွေနားထောင်တဲ့အခါမှာ ကြည်လင်ပြတ်သားတဲ့အသံထွက်ကိုပေးစွမ်းပါတယ်။ Xplay 3s ဟာ 6" မျက်နှာပြင်နဲ့အတူ 490ppi ပုံရိပ်ဖော်ပြနိုင်စွမ်းနဲ့ ထွက်ရှိလာပါတယ်။ QHD IPS + LCD မျက်နှာပြင်ဟာ မြင်ကွင်းတွေကို အထင်ရှားဆုံး ဖော်ပြနိုင်စွမ်းရှိပြီး သူ့ကို 2K (2,560 x 1,440) လို့လည်း ခေါ်ပါသေးတယ်။ OS ကိုတော့ Android 4.3 JB ကို သုံးစွဲထားပြီး Multi touch ကိုအသုံးချနိုင်မှာဖြစ်ကာ feature အနေနဲ့ကတော့ iPhone 5s နဲ့ HTC one max တို့ပုံစံလိုမျိုး။ သူ့ရဲ့ နောက်ကျောဘက်မှာ fingerprint scanner ထည့်သွင်းပေးထားတယ်။13MP Camera ကိုပဲ သုံးစွဲထားပြီး 4K record ရတဲ့ Note 3 ထက်စာရင်တော့ အရည်အသွေးနိမ့်တယ်။ ဒါပေမယ့် Video ရိုက်ကူးမယ်ဆိုရင်တော့ 1080p HD အရည်အသွေးကို အပြည့်အဝရရှိနိုင်ပါလိမ့်မယ်။ ဒုတိယကင်မရာငယ်ဟာ 5MP ဖြစ်တာကြောင့် Facetime ပြောဆိုမှုတွေကို ကြည်လင်စွာရရှိနိုင်မယ့် HDR, face detection လို လုပ်ဆောင်ချက်မျိုးတွေ သုံးစွဲနိုင်မယ်။ Android ရဲ့ OS နဲ့ မောင်းနှင်သုံးစွဲနိုင်စေဖို့အတွက် 2.3 GHz Quad-core processor ကို Adreno 330 GPU နဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ HD ဂိမ်းအမြင့်တွေကို ဆော့ကစားနိုင်မှာဖြစ်ပြီး အခြားဆော့ဖ်ဝဲလ်တွေ သုံးစွဲချိန်နဲ့ ဗီဒီယိုကြည့်ရှုချိန်တွေမှာ ဘက်ထရီစွမ်းအင်ချွေတာနိုင်စွမ်းကိုသွားရောက်အထောက်အပံ့ပေးပါလိမ့်မယ်။ အင်တာနက်သုံးစွဲနိုင်စေဖို့အတွက် HTML 5 အထောက်အပံ့ရှိတယ်။ 3200mAh ဘက်ထရီက ဗီဒီယိုသီးသန့်ကြည့်ရှုဖို့ဆိုရင် ၁၀ နာရီ ခံနိုင်ရည်စွမ်းရှိပြီး HD Game တွေ သီးသန့်ဆော့ကစားမယ်ဆိုရင်တော့ ၆ နာရီ နီးပါး ခံနိုင်ရည်စွမ်းရှိပါလိမ့်မယ်။ အချက်အလက်သိုလှောင်နိုင်စွမ်းအတွက် 32GB ဖြစ်ပြီး 3GB RAM ကိုထောက်ပံ့ပေးထားတယ်။ note 3 ပြီးရင် ပထမဆုံး RAM အမြင့်သုံးတဲ့စမတ်ဖုန်းပါပဲ။



## vivo X3




BBK Electronic ကုမ္ပဏီကြီးအနေနဲ့ တရုတ်ပြည်တွင်း ဈေးကွက်အတွက် ထင်ရှားတဲ့ စမတ်ဖုန်းထုတ်လုပ်သူတစ်ဦးဖြစ်ဖို့ ကြိုးစားခဲ့မှုအား vivo X3 မှာ အလုံးစုံအောင်မြင်ခဲ့တယ်လို့ခေါ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သုံးစွဲသူတွေနဲ့လိုက်လျောညီထွေ လုံးဝဖြစ်လွန်းတဲ့အပြင် X3 ရဲ့ Feature တွေဟာ အလုံးစုံကောင်းမွန်လွန်းလို့ပါပဲ။ HTC One, Galaxy S4 တို့ကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး၊ အပါးဆုံးနဲ့ကင်မရာအကောင်းဆုံးဖုန်းဆိုတာဟာ သက်သေခံလျက်ရှိပါတယ်။ ၅လက်မ မျက်နှာပြင်မှာ 7280 ×780p ဖော်ပြနိုင်စွမ်းရှိတယ်ဆိုတာကြောင့် သူ့ရဲ့ပုံရိပ်တွေမြင်တွေ့ရမှုဟာ 720p လောက်ပဲရှိပါလိမ့်မယ်။ ဒါ့ကြောင့် ပုံရိပ်တွေဖော်ပြမှုမှာတော့ လုံးဝရှင်းလင်းပီသမှုကိုတော့ ခံစားရဖို့မမြင်ပါဘူး။ အဓိကအားဖြင့် X3 ကို အခြားစမတ်ဖုန်းတွေနဲ့ ပြောင်းလဲသွားစေတဲ့အရာဟာ ကင်မရာဆိုရင် ပိုမှန်ပါလိမ့်မယ်။ သင့်ရဲ့တွေ့ဆုံမှုတွေကို အကောင်းဆုံးမှတ်တမ်းပြုလုပ်နိုင်ပြီး အရင် X1 တုန်းက အခက်အခဲရှိတဲ့ လုပ်ဆောင်ချက်တွေကိုမြင်တွေ့ရတော့မှာမဟုတ်တဲ ပုံရိပ်ဆိုဒ်တွေကို ပုံမှန်ထက်ပိုတဲ့ အရည်အသွေးရအောင်စွမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ စက္ကန့်ပိုင်းအတွင်းမှာပင် ပုံရိပ်တွေကိုရရှိအောင်စွမ်းဆောင်နိုင်မှာဖြစ်ပြီး၊ အလင်းအမှောင်မညီမျှမှုတွေအတွက် ချိန်ညှိမှုဟာ အင်မတန်ကောင်းမွန်ပါတယ်။ အဓိက ကင်မရာဟာ 8MP ဖြစ်ပြီး ရှေ့ဘက်ကင်မရာငယ်လို့ ဆိုနိုင်လောက်တဲ့ ဗီဒီယို Chat ပြုလုပ်မှုမှာတောင်မှ 5MP Camera ကို ထည့်သွင်းပေးထားပါတယ်။ ဒါ့ကြောင့် ပုံရိပ်တွေကို ရိုက်ကူးမှုမှာ အရည်အသွေးပြည့်မီတဲ့ပုံရိပ်စစ်ကိုရရှိနိုင်မှာဖြစ်ပြီး ဗီဒီယိုရိုက်ကူးမှုအတွက်လည်း HD အဆင့်ကို ဖမ်းယူနိုင်ပါလိမ့်မယ်။ Android စမတ်ဖုန်းဖြစ်တာနဲ့အညီ 4.2 Jelly Bean တစ်ပါတည်းပါဝင်လာမှာဖြစ်ပြီး vivo ရဲ့ Feature တွေကိုလည်း ခံစားရရှိနိုင်လိမ့်မယ်။ Touch Free Gesture လိုလုပ်ဆောင်ချက်မျိုးဟာ vivo မှာ မြင်တွေ့ရလာမှာဖြစ်ပြီး Music ပိုင်းအတွက်ကိုလည်း သီးသန့်လုပ်ဆောင်ချက်တွေထည့်သွင်းထားပါတယ်။ ဒါ့ကြောင့် Google ရဲ့ကောင်းမွန်တဲ့လုပ်ဆောင်ချက်တွေကို vivo ရဲ့ Feature တချို့နဲ့ ပေါင်းစပ်ကာ သုံးစွဲနိုင်တာကြောင့် အစိတ်အပိုင်းတစ်ခုချင်းစီအတွက် လုပ်ဆောင်မှုတွေဟာ လုံးဝစွမ်းရည်ပြည့်ပါတယ်။ K sound လို ဆော့ဖ်ဝဲလ်ဟာ Music ပိုင်းတွေအတွက်ကိုသီးသန့်ထောက်ပံ့ပေးမှာဖြစ်ပြီး ကင်မရာနှစ်ခုလုံးစာအတွက်ကိုလည်း ကြားခံထောက်ပံ့ပေးနိုင်လောက်အောင် ကောင်းမွန်ပါတယ်။ သူ့ရဲ့ Software လုပ်ဆောင်မှုတချို့ကတော့ တရုတ်ပြည်တွင်းသုံးစွဲသူတွေ စိတ်ကြိုက်ဖြစ်မှာပါ။ Pattern တွေဟာ ကိုင်တွယ်ရလုံးဝအဆင်ပြေစေမှာဖြစ်ပြီး လုံးဝ Perfect ဖြစ်လွန်းတာကြောင့် Document တွေ ပြင်ဆင်တည်းဖြတ်တာ Theme ပြောင်းလဲတာတွေကို သတ်မှတ်နိုင်ပြီး အဓိကအားဖြင့် သူ့မှာအွန်လိုင်းစတိုးလုပ်ဆောင်ချက်တွေကိုရရှိမယ်။ 720p ပုံရိပ်ဖော်ပြနိုင်စွမ်းကို နောက်ခံထောက်ပံ့ပေးဖို့အတွက်သူ့မှာ quad-core Processor ကိုသုံးစွဲထားတယ်။ Run ကတော့ 1GB ဖြစ်ပြီး Music Theme တွေကြောင့်လည်း ဖုန်းထဲမှာ သီချင်းနားဆင်ရင်တောင် CD အရည်အသွေးအတိုင်း လုံးဝရရှိနိုင်မယ်။ China Mobile နဲ့ တွဲဖက်ထားတာကြောင့် TD CDMA Network မှာ သုံးစွဲနိုင်မှာဖြစ် ပြီး 16GB Store သာ သိမ်းဆည်းနိုင်မှာဖြစ်ပါတယ်။ SD Card ကနေ ထပ်မံတိုးမြှင့်ခွင့်ကိုလည်းခွင့်ပြုမပေးထားဘူး။ vivo X1 S ရဲ့ ညီအစ်ကိုတော်တစ်ဦးဖြစ်တဲ့ X3 ဟာ ဘက်ထရီစွမ်းအားအတွက်တော့ 2000mAh ရရှိနိုင်မှာဖြစ်ပါတယ်။

## vivo Xshot

vivo ဟာသူတို့ရဲ့သတ်မှတ်ထားတဲ့ပုံစံ series အတိုင်းထုတ်လုပ်မှုအရ အခုနောက်ဆုံးထုတ်လုပ်ထားတဲ့ဖုန်းကတော့ ဗီဒီယိုရိုက်ကူးမှုတွေကို အကောင်းဆုံးပြုလုပ်နိုင်စွမ်းရှိမယ့် Xshot ပဲဖြစ်ပါတယ်။ ကင်မရာလုပ်ဆောင်ချက်တွေပေါင်းစပ်ဖန်တီးပေးထားတာဟာ သုံးစွဲသူတွေကိုအရမ်းဆွဲဆောင်လွန်းအားကြီးလွန်းပြီး ပရိုကင်မရာတစ်လုံးနီးပါးလောက်ရုပ်ထွက်ကို ပေးစွမ်းမှာဖြစ်ပါတယ်။ ကင်မရာဟာ 13MP ဖြစ်ပြီး 4K video တွေကိုဖမ်းယူရိုက်ကူးနိုင်စွမ်းရှိပါတယ်။ ဖုန်းရဲ့အခြားစွမ်းဆောင်ရည်တွေကို အကောင်းဆုံးအသုံးချနိုင်စေဖို့အတွက်ကတော့ 2.5GHz Quad-core ပရိုဆက်ဆာကိုသုံးစွဲနိုင်မှာဖြစ်ပြီး ဂရပ်ဖစ်အထောက်အပံ့လည်းကောင်းမွန်တာကြောင့် HD ဂိမ်းတွေကိုအကောင်းဆုံးဆော့ကစားနိုင်ပါလိမ့်မယ်။ 2GB RAM နဲ့အတူ အချက်အလက်တွေသိုလှောင်သိမ်းဆည်းနိုင်စေဖို့အတွက်ကတော့ 16GB ဖြစ်ပါတယ်။ 5.2လက်မ မျက်နှာပြင်ဟာ HD ရုပ်ထွက်တွေကို အကောင်းဆုံးဖော်ပြနိုင်စွမ်းရှိပြီးတော့ OS ကိုတော့ 4.4(kitkat) ပေါ်မှာအခြေခံထားတဲ့ funtouch OS UI ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဖုန်းတစ်လုံးဆိုတာထက် ကင်မရာကိုသုံးစွဲနေရသလိုမျိုး ခံစားရနိုင်ပါလိမ့်မယ်။ ဘက်ထရီစွမ်းဆောင်နိုင်စွမ်းကလည်း ဆက်တိုက်ပြောဆိုသုံးစွဲမှုတွေကို တာရှည်ခံနိုင်စွမ်းရှိစေဖို့အတွက် စွမ်းအားတွေပေးစွမ်းမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် 2600mAh ဟာ HD video တွေကို ကြာရှည်စွာကြည့်ရှုနိုင်မှာဖြစ်ပြီး သင့်အနေနဲ့ video တွေရိုက်ကူးမယ်ဆိုရင်လည်း ရှခင်းဓာတ်ပုံနဲ့လှုပ်ရှားမှုပုံရိပ်တွေကို တိကျစွာမှတ်တမ်းတင်ထားနိုင်ပါလိမ့်မယ်။ ကင်မရာအကောင်းဆုံးလို့ဆိုနိုင်လောက်တဲ့ ဖုန်းဖြစ်တာနဲ့အညီ ရှေ့ဘက်ကင်မရာတောင်မှ 8MP ဖြစ်ကာ ညဘက်မှောင်မည်းတဲ့အချိန်မှာ သူငယ်ချင်းတွေနဲ့ selfie တွေရှင်းလင်းစွာရိုက်ကူးလိုသူတွေအတွက် flash တပ်ဆင်ပေးထားပါတယ်။

# Xiaomi

စမတ်ဖုန်းဈေးကွက်ကို တရုတ်နိုင်ငံအခြေစိုက် ကုမ္ပဏီတွေထဲကနေ ဝင်ရောက်လာခဲ့တာဟာ ယခုဆိုရင် သူတို့ရဲ့ ပြည်တွင်းဈေးကွက်မှာရောင်းတဲ့စမတ်ဖုန်းတွေဟာ ထုတ်လုပ်နိုင်မှုအကောင်းဆုံး အရည်အသွေးမြင့် စမတ်ဖုန်းတွေအဖြစ်ရှိနေပါတယ်။ လက်ရှိအချိန်မှာတော့ပြည်တွင်းဈေးကွက်မှာ ရှိတဲ့မိုဘိုင်းဖုန်းအရောင်းဆိုင်တွေမှာ Xiaomi ဖုန်းတွေကိုဝယ်ယူနိုင်ပြီပဲဖြစ်ပါတယ်။ ထုတ်ကုန်တစ်ခုအောင်မြင်မှုရရှိတိုင်းမှာ အဲဒီထုတ်ကုန်ပေါ်မူတည်ပြီး တုပထုတ်တဲ့ကုမ္ပဏီတွေလည်းရှိပါတယ်။ အဲလိုတုပမထုတ်ရင်လည်း ဒီဇိုင်းနဲ့လုပ်ဆောင်ချက်တွေကို အနည်းငယ်ဆင့်ပွား ထုတ်လုပ်တာတွေဟာ လက်ရှိမိုဘိုင်းဖုန်းဈေးကွက်ထဲမှာ ဖြစ်ပေါ်နေပါတယ်။ တချို့ထုတ်လုပ်သူတွေကတော့ ကုန်ပစ္စည်းတင်မကဘဲဦးဆောင်ကြိုးပမ်းသူအပေါ်မှာပါ လေးစားအားကျစိတ်နဲ့သူ့ရဲ့ဟန်တွေကို ဆင့်ပွားယူတတ်ကြပါတယ်။ ဒီလိုလူထူးလူဆန်းတွေထဲမှာတော့ Xiaomi ဖုန်းထုတ်လုပ်တဲ့ ကုမ္ပဏီရဲ့ဦးဆောင်ပဲ့ကိုင်သူလည်း ပါဝင်လျက်ရှိပါတယ်။ တရုတ်နိုင်ငံရဲ့စမတ်ဖုန်းရောင်းချမှုသမိုင်းမှာ ကြံ့တောင့်ကြံ့ခံ အခြေအနေဖြစ်တဲ့ မိုနစ်ပိုင်းအတွင်းမှာတင်စမတ်ဖုန်းအလုံးရေပေါင်းများစွာ ရောင်းချနိုင်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ကုမ္ပဏီဟာ ၂၀၁၀ ခုနှစ်ရဲ့ဧပြီလ၆ရက်နေ့မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဘေဂျင်းအခြေစိုက်မိုဘိုင်းထုတ်လုပ်သူကြီးဟာ တရုတ်နိုင်ငံရဲ့အီလက်ထရောပစ္စည်းထုတ်လုပ်သူတွေထဲမှာ ထိပ်တန်းအဖြစ်ရပ်တည်လျက်ရှိပြီး အမိနိုင်ငံသာမဟုတ်ဘဲ အခြားသောအာရှနိုင်ငံတွေကိုလည်း စမတ်ဖုန်းတွေတင်ပို့ရောင်းချနေပါတယ်။ ကုမ္ပဏီရဲ့တည်ထောင်သူတစ်ဦးဖြစ်တဲ့ Lei Jun ဟာ Forbes magazine ရဲ့ စစ်တမ်းကောက်ယူဖော်ပြချက်တွေအရ နိုင်ငံရဲ့အချမ်းသာဆုံးလူတွေထဲမှာ နံပါတ်(၂၃) နေရာကိုရရှိထားပါတယ်။ သူတို့ရဲ့ပထမဆုံးစမတ်ဖုန်းကိုထုတ်လုပ်ခဲ့ပြီး နိုင်ငံတွင်းဈေးကွက်မှာပဲရောင်းချခဲ့ပါသေးတယ်။ နောက်ပိုင်းဖုန်းတွေမှသာ အာရှဈေးကွက်ကိုခြေဆန့်ခဲ့တာပါ။ အဓိကအားသာချက်ကတော့ဒီဇိုင်းပိုင်းဖြစ်ပြီး၊ နောက်ထပ်ကောင်းမွန်မှုကတော့ အခြားဖုန်းတွေလိုမျိုးကိုယ်ပိုင် UI နဲ့ထုတ်လုပ်တာပါ။ သူ့ရဲ့ အကောင်းဆုံးနဲ့ အရောင်းရဆုံးလို့သတ်မှတ်ထားတဲ့ Mi ဖုန်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ် . . .




## Xiaomi Mi 4

တရုတ်နိုင်ငံအခြေစိုက် စမတ်ဖုန်းထုတ်လုပ်သူ Xiaomi ဟာ ပြည်တွင်းဈေးကွက်မှာ ရောင်းအားအကောင်းဆုံးဆိုတဲ့စံချိန်ကို ရရှိထားတာဖြစ်ပြီး ယခုလည်းသူတို့ရဲ့ နောက်ထပ်စမတ်ဖုန်းတစ်လုံးဖြစ်တဲ့ MI4 ကို ဇူလိုင်လအတွင်းက မိတ်ဆက်ထားပြီး၊ လက်ရှိအချိန်မှာတော့ ပြည်တွင်းဈေးကွက်မှာ ၄သိန်းကျော်ဝန်းကျင်နဲ့ ဝယ်ယူနိုင်ပြီပဲဖြစ်ပါတယ်။ စမတ်ဖုန်းတစ်လုံး စတင်ရောင်းချလိုက်တိုင်း သန်းနဲ့ချီတဲ့ရောင်းအားတွေကိုရရှိထားတဲ့ Xiaomi အနေနဲ့ သူတို့ရဲ့ နောက်ဆုံးထွက်လိုက်တဲ့ MI4 ဟာ iPhone နဲ့ သွားတူညီနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ တည်ဆောက်မှုအသွင်အပြင် ဒီဇိုင်းပိုင်းမှာ အကောင်းဆုံးပုံစံကို ရရှိထားပြီး hardware တည်ဆောက်မှုပိုင်းမှာလည်း မြင့်မားတဲ့အရည်အသွေးတွေထည့်သွင်းပေးထားပါတယ်။ ဒါ့အပြင် ရေစိုဒဏ်ကိုကာကွယ်နိုင်စွမ်းရှိတဲ့ ကာဗာကိုလည်း တစ်ပါတည်းထုတ်လုပ်ပါသေးတယ်။ Android 4.4 Kitkat ကို သုံးစွဲနိုင်မှာဖြစ်ပြီး Xiaomi ရဲ့ MI UI Version 6 ကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ သုံးစွဲသူတွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ MI4 ရဲ့လုပ်ဆောင်ချက်တွေကတော့ 5" မျက်နှာပြင်မှာ IPS LCD ထိတွေ့မျက်နှာပြင်ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ပုံရိပ်တွေကို တိကျစွာဖော်ပြနိုင်စွမ်းအတွက် 1080×1920 pixels မှာ 441ppi ပုံရိပ်ဖော်ပြနိုင်စွမ်းကိုရရှိစေမှာဖြစ်ပါတယ်။ ပြည့်စုံတိကျတဲ့ မျက်နှာပြင်ပုံရိပ်ဖော်ပြနိုင်စွမ်းတွေကြောင့် ပုံရိပ်တွေကြည့်ရှုတဲ့အခါမှာဖြစ်စေ၊ HD Movie တွေကြည့်ရှုတဲ့အခါမှာဖြစ်စေ၊ သင့်အတွက် ရှင်းလင်းပီသတဲ့ ရုပ်ထွက်ကိုရရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင်သူ့မှာ IP 67 နည်းပညာကိုသုံးစွဲထားတာကြောင့် ရေစိုဒဏ်ကိုခံနိုင်ရည်စွမ်းနဲ့အတူ သဲမှုန်လေးတွေထိတွေ့မှုကနေ အစင်းရာဖြစ်ပေါ်မှုကိုလည်း ကာကွယ်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။ ရေစိုဒဏ်ခံနိုင်ရည်စွမ်းကြောင့် ရေအောက်အနက် ၁ မီတာမှာ မိနစ် ၃၀ အထိ အထားခံနိုင်မှာဖြစ်ပါတယ်။ Camera အရည်အသွေးကတော့ အကောင်းဆုံးလို့ဆိုနိုင်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ဖုန်းရဲ့အရှေ့ဘက်ရော၊ ကျောဘက်မှာပါ ကင်မရာပါဝင်လာမှာဖြစ်ပြီး ပုံရိပ်တွေကိုရိုက်ကူးနိုင်မယ့် အဓိကကင်မရာကတော့ 13MP ဖြစ်ပြီး ပုံရိပ်တွေကို တိကျစွာသတ်မှတ်နိုင်မှုတွေ၊ HDR လုပ်ဆောင်ချက် Touch Focus နဲ့အတူ ဓာတ်ပုံ ရိုက်လိုက်တဲ့အခါမှာ မိမိရိုက်ကူးလိုက်တဲ့နေရာဒေသရဲ့ တည်နေရာနဲ့အချိန်ကိုပြသပေးမယ့် စနစ်တွေကိုပါ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Flash ကိုလည်း dual LED Flash သုံးစွဲနိုင်မှာဖြစ်ပါတယ်။ MI4 ရဲ့ အခြား တစ်ဖက်လို့ခေါ်ဆိုရမယ့် အရှေ့ဘက်မှာတော့ Video Call ခေါ်ဆိုမှုတွေ Video Chat ပြုလုပ်မှုတွေအတွက် 8MP Camera တပ်ဆင်ပေးထားမှာဖြစ်ပါတယ်။ Selfie ရိုက်ကူးလိုသူတွေအတွက်လည်း ပုံရိပ်ကိုမြင်ကွင်းကျယ်ကျယ် ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Android OS Version 4.4.3 ကို ရရှိသုံးစွဲနိုင်မှာဖြစ်တာကြောင့် Google ရဲ့လုပ်ဆောင်နိုင်စွမ်းတွေကို အဆင်ပြေပြေရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Xiaomi ရဲ့ ကိုယ်ပိုင် UI ဖြစ်တဲ့ MI UI5 ကလည်း ထူးခြားသစ်လွင်တဲ့ အသွင်အပြင်ကိုပေးပါလိမ့်မယ်။ 2.5GHz quad-core Processor ဟာ HD Game တွေ ဆော့ကစားတဲ့အခါမှာ ဟန်းသွားတာမျိုး၊ ထစ်သွားတာမျိုးကိုဖြစ်စေမှာမဟုတ်ပါဘူး။ မြန်နှုန်းမြင့်ကွန်ရက်ဆက်သွယ်ရေးနဲ့ မြင့်မားတဲ့ရုပ်ထွက်တွေအတွက် သူ့ရဲ့ထူးခြားတဲ့ပါဝင်မှုက 3GB DDR3 RAM ကို ထည့်သွင်းတပ်ဆင်ပေးထားတာပဲဖြစ်ပါတယ်။ Graphic ပိုင်းအတွက်ကိုလည်း ပုံရိပ်တွေကို အသေးစိတ်တိကျစွာမြင်တွေ့နိုင်ဖို့ Adreno 330 GPU ကစွမ်းဆောင်ပေးပါလိမ့်မယ်။

## Xiaomi Mi Note

လက်ရှိအချိန်ပြည်တွင်းဈေးကွက်မှာ သက်သာတဲ့ဈေးနှုန်းနဲ့ဝယ်နိုင်တဲ့ဖုန်းလေးဖြစ်ပြီး ဈေးနှုန်းကတော့ ၂ သိန်းတောင်မပြည့်ပါဘူး။ ဒါပေမယ့်သူ့ရဲ့လုပ်ဆောင်ချက်တွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ အကြိုက်တွေ့စရာအပြည့်ဖြစ်သွားပါတယ်။ သူ့မှာဆိုးကွက်လို့ ပြောစရာကတော့မျက်နှာပြင်ပုံရိပ်ဖော်ပြနိုင်စွမ်းပဲဖြစ်ပါတယ်။ 5.5 လက်မမျက်နှာပြင်မှာ 720p ရုပ်ထွက်နဲ့ ပုံရိပ်တွေကိုဖော်ပြပေးမှာဖြစ်တာကြောင့်ပါ။ ppi ကလည်းကျယ်ဝန်းတဲ့မျက်နှာပြင်နဲ့လိုက်ဖက်မညီစွာဘဲ 267ppi ပဲပေးထားပါတယ်။ အခြားလုပ်ဆောင်ချက်တွေကြည့်လိုက်မယ်ဆိုရင်တော့ မျက်နှာပြင်ကိုလုံးဝမေ့သွားပါလိမ့်မယ်။ သူ့ရဲ့အကောင်းဆုံးပြောနိုင်တဲ့အပိုင်းကတော့ hardware ပါပဲ။ Octa-Core သုံးထားတဲ့စမတ်ဖုန်းဖြစ်တာကြောင့် ဂိမ်းအကြီးစားတွေနဲ့ အသုံးချ app တွေဟာ အလုံးစုံမြန်ဆန်စွာသုံးနိုင်ပါလိမ့်မယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်စွမ်းအတွက်ကတော့ 8GB ဖြစ်ပြီး 2GB RAM ကို ထောက်ပံ့ပေးထားပါတယ်။ ထပ်မံတိုးမြှင့်လိုသူတွေအတွက်ကတော့ SD card ထည့်သွင်းနိုင်ပြီး 64GB အထိလက်ခံနိုင်စွမ်းရှိပါလိမ့်မယ်။ သိုလှောင်နိုင်စွမ်းကို ပိုမိုကောင်းသွားစေတဲ့အချက်ကတော့ USB OTG ပဲဖြစ်ပါတယ်။ ဖုန်းကို Memory stick တွေနဲ့ချိတ်ဆက်ပြီးဒေတာတွေရယူသုံးစွဲနိုင်မှာပဲဖြစ်ပါတယ်။ ကင်မရာကတော့ HD ရုပ်ထွက်တွေကို အကောင်းဆုံးဖမ်းယူနိုင်တဲ့ 13MP ဖြစ်ပြီး၊ကင်မရာရဲ့လုပ်ဆောင်ချက်တွေဖြစ်တဲ့ HDR, face and smile detection တို့ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ အရှေ့ဘက်ကင်မရာငယ်ကတောင် 5MP ဖြစ်တာကြောင့် selfie ပုံတွေကိုရုပ်ထွက်ကြည်ကြည်နဲ့ရရှိနိုင်ပါလိမ့်မယ်။ chipset ကိုတော့ mediatek MT6592ဖြစ်ပြီး CPU ကတော့ 1.7GHz Octa-Core နဲ့အတူဂရပ်ဖစ်အထောက်အပံ့လည်းပါဝင်တယ်။ အချက်အလက်တွေလွှဲပြောင်းနိုင်တဲ့ ကွန်ရက်လုပ်ဆောင်ချက်တွေလည်းပြည့်စုံပြီး dual sim အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီစွမ်းအားကိုတော့ Li-Po 3200mAh က တာရှည်ခံအောင် ပြုလုပ်ပေးပါလိမ့်မယ်။







## Xiaomi Mi 3

Mi 3 ဟာသူတို့ရဲ့အရောင်းရဆုံးဖုန်းတွေထဲမှာ ပါဝင်ပြီး ရုပ်ထွက်ကတော်တော်ကောင်းမွန်တာကိုတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုရင် 5" လက်မမျက်နှာပြင်မှာ 1080x 1920(HD) ပြသနိုင်စွမ်းကိုပေးမှာကြောင့်ဖြစ်ပါတယ်။ Display ကာကွယ်နိုင်စွမ်းအတွက်ကတော့ Gorilla Glass 3 ကို သုံးစွဲထားတာကြောင့် အစင်းရာထင်မှုနဲ့သဲမှုန်လေးတွေကြောင့် ဖြစ်သွားတတ်တဲ့အစင်းသေး သေးလေးတွေကို ဖြစ်ပေါ်စေတော့မှာမဟုတ်ပါဘူး။ အချက်အလက်သိုလှောင်နိုင်စွမ်းအတွက်ကတော့16/64GB ဖြစ်ပြီး၊ SD card ကနေထပ်မံတိုးမြှင့်လို့ရနိုင်မှာမဟုတ်ပါဘူး။ 2GB RAM ကြောင့်လည်း app တွေသုံးစွဲရတာကောင်းမွန်ပြီး သွက်လက်မြန်ဆန်နေစေပါလိမ့်မယ်။ သူတို့ရဲ့ ကိုယ်ပိုင် UI ဖြစ်တဲ့ MIUI 5 ကိုသုံးစွဲနိုင်မယ့် ဒီဖုန်းလေးမှာ android ကို နှစ်သက်တဲ့သူတွေအတွက်ကတော့ 4.3(jellybean) ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ကင်မရာကတော့ ရုပ်ထွက်ကောင်းတဲ့ပုံတွေ ကိုရရှိနိုင်စေဖို့အတွက် 13MP ဖြစ်ပြီး 1080p ဗီဒီယိုဖိုင်တွေရရှိနိုင်ပါလိမ့်မယ်။ ရှေ့ဘက်ကင်မရာငယ်ကိုတော့ 2MP တပ်ဆင်ထားပြီးပုံတွေကိုပိုမိုကောင်းမွန်သွားစေမယ့် ကင်မရာလုပ်ဆောင်ချက်တွေကိုလည်းသုံးစွဲနိုင်ပါလိမ့်မယ်။ ဖုန်းကိုထိန်းချုပ်မောင်းနှင်သွားစေမယ့် hardware လုပ်ဆောင်နိုင်စွမ်းကတော့ 2.3GHz Quad-core ပရိုဆက်ဆာဖြစ်တာကြောင့် ဂိမ်းတွေကိုလျင်မြန်တဲ့နှုန်းနဲ့ ဆော့ကစားနိုင်ပါလိမ့်မယ်။ ဘက်ထရီစွမ်းဆောင်ရည်ပိုင်းလည်း ကောင်းမွန်ပြီး ဆက်တိုက်ပြောဆိုသုံးမှုတွေအတွက် တစ်ရက်တာနီးပါးခံနိုင်ရည်စွမ်းရှိမယ့် Li-Ion 3050mAh စွမ်းအားဖြစ်ပါတယ်။

## KMD

Ph: 01-381035, 01-381776

| Notebooks | |
|---|---|
| Dell Inspiron 3442(PDC) | USD 389 |
| Dell Inspiron 3442 (i3) | USD 499 |
| Dell Inspiron 3442 (i5) | USD 619 |
| Dell Inspiron 5447 (i5) | USD 659 |
| Dell Vostro 5560 (i5) | USD 689 |
| Dell Inspiron 5447 (i7) | USD 799 |
| Dell Inspiron 5447 (i7) | USD 839 |
| Lenovo G400 Celeron | USD 349 |
| Lenovo G400s (P) | USD 399 |
| Lenovo U330 (i5) | USD 689 |
| Lenovo Z4070 | USD 759 |
| Lenovo S510p | USD 539 |
| Lenovo Yoga 13"(i3) | USD 839 |
| Lenovo Flex 14(i3) | USD 639 |
| Lenovo Y50-70 | USD 1249 |
| Lenovo G50-70 (Sliver) | USD 639 |
| **Desktop** | |
| ThinkCentre | USD 719 |
| Lenovo Q190 | USD 289 |
| Lenovo C470 | USD 599 |
| Lenovo C460 | USD 839 |
| Lenovo C470 AIO with Graphic | USD 699 |
| Lenovo H530s i5 | USD 569 |
| Lenovo H530 i3 W/O | USD 419 |
| Lenovo H530s i3 GF | USD 509 |

## Master

Multi World Electronics

Ph: 389688, 387908

| | |
|---|---|
| Mist Fan (MMF-B12) | 65,000 Ks |
| Air Cooler (MAC-1107CR) | 84,000 Ks |
| Air Cooler (MAC-855CR) | 85,000 Ks |
| Water Dispenser (MWD-CR880) | 100,000 Ks |
| Water Despenser (MWD-CR9900) | 105,000 Ks |
| Wahser (MW-S1010F) | 120,000 Ks |
| Washer (MW-S1000TF) | 125,000 Ks |

## UNIQUE

Ph: 09-73171212, 398436

| Notebook | |
|---|---|
| Acer Aspire E5-411 | USD 389 |
| Acer Aspire E5-471 | USd 469 |
| Acer Aspire E5-471G | USD 519 |
| Acer Aspire E1-472G | USD 630 |
| Acer Aspire V3-472G | USD 794 |
| Asus X453MA-WX026D | USD 319 |
| Asus X451CA-VX008D | USD 449 |
| Asus X452LD-VX066D | USD 569 |
| Asus X450LC-WX115D | USD 639 |
| Asus X450LN-WX037D | USD 739 |
| Dell Inspiron 3442-2203 | USD 389 |
| Dell Inspiron 3542-2218P | USD 499 |
| Dell Inspiron 3437-5146 | USD 619 |
| Dell Inspiron 5560-1041 | USD 689 |
| Dell Inspiron 5447-2518 | USD 799 |
| HP Pavillion 14 g003AU | USD 325 |
| HP Pavillion 14 r008TU | USD 459 |
| HP Pavillion 14-n022TX | USD 635 |
| HP Pavillion 14-n227TX | USD 759 |
| HP Pavillion 15-k010TX | USD 1,175 |
| Lenovo G400 | USD 399 |
| Lenovo S510P | USD 539 |
| Lenovo Z4070 | USD 759 |
| Lenovo U430 | USD 769 |
| Lenovo Flex15 | USD 859 |

## DELL

Golden Power Technology

Ph: 01-2304848, 2304849

| Notebook | |
|---|---|
| Inspiron 3442 | USD 489 |
| Inspiron 3542 | USD 509 |
| Inspiron 3442 | USD 599 |
| Inspiron 3542 | USD 689 |
| Inspiron 3542 | USD 749 |
| Inspiron 5447 | USD 799 |
| Inspiron 3847 | USD 584 |
| Inspiron 3847 | USD 469 |
| Inspiron 3847 | USD 429 |

## NOTEBOOK

| Model | CPU | Memory | Hard Disk | Monitor | Price | |
|---|---|---|---|---|---|---|
| Lenovo G-400 (Celeron) | Intel® Celeron 1005M (1.9GHz 2MB) | 2GB DDR3 | 500GB | 14" WXGA LED | 298,000 Ks | |
| Lenovo G-400S (B2020) | Intel® Pentium B2020 (2.4GHz 3MB) | 2GB DDR3 | 500GB | 14" WXGA LED | USD | 370 |
| Lenovo G-400S (i3) | Intel® Core i3 3110M (2.4GHz) | 4GB DDR3 | 500GB | 14" WXGA LED | USD | 499 |
| HP Pavillion 14 r008TU (i3) | Intel® (i3) 4010 4th Gen (1.7GHz) | 4GB DDR3 | 500 GB | 14" HD LED | USD | 459 |
| HP Pavillion 11 n025TU | Intel® Pentium N3530 (2.16GHz) | 4GB DDR3 | 500 GB | 11.6" HD LED | USD | 475 |
| HP Pavillion 14 n022TX (i5) | Intel® Core i5 4200 U (1.6 GHz) | 4GB DDR3 | 750 GB | 14" HD LED | USD | 669 |
| Acer Aspire E1-432 (Celeron) | Intel® Celeron 2295U | 2GB DDR3 | 500 GB | 14" HD LED LCD | USD | 369 |
| Acer Aspire E5 471G (i3) | Intel® Core i3-4030 | 4GB DDR3 | 500 GB | 14" LED HD LCD | USD | 519 |
| Acer Aspire E5 571G (i5) | Intel® i5 4210U (1.7GHz) | 4GB DDR3 | 500 GB | 15.6" LED HD LCD | USD | 589 |
| Dell Inspiron 3437 | Intel® Celeron 2955U (1.4 GHz) | 2GB DDR3 | 500 GB | 14" LCD | USD | 339 |
| Dell Inspiron 3542-329p (i3) | Intel® Core i3 4005U (1.7GHz) | 4GB DDR3 | 500 GB | 15.6" LCD | USD | 479 |
| Dell Inspiron 3542 | Intel® Core i5 4210 U (2.7 GHz) | 4GB DDR3 | 500 GB | 15.6" HD LED LCD | USD | 609 |
| Asus X453MA-WX026D | Intel® Celeron N830 (2.16GHz) | 2GB DDR3 | 500 GB | 14" HD LED | USD | 319 |
| Asus X452C-VX064D | Intel® Core i3 3217U (1.8 GHz) | 2GB DDR3 | 500 GB | 14" HD | USD | 449 |
| Asus K450LN-WX115D | Intel® Core i5 4200 U (1.6 GHz) | 4GB DDR3 | 500 GB | 14" HD LED | USD | 639 |

Notebook ဈေးနှုန်းများကို **INNWA Computer Sales & Service Centre** (01-391511, 398297, 385183, 373488) မှ ကူညီပံ့ပိုးပါသည်။

## ASUS

Golden Power Technology

Ph: 01-2304848, 2304849

| Notebook & Accessories | |
|---|---|
| Asus Taichi21-CW012H | 899,000 Ks |
| Asus K451LN-WX043D | USD 754 |
| Asus K450LN-WX037D | USD 739 |
| Asus K450LD-WX094D | USD 639 |
| Asus X452LD-VX066D | USD 569 |
| Asus X452CP-VX064D | USD 449 |
| Asus X453MA-WX026D | USD 399 |
| Asus Notebook Bag | 20,000 Ks |
| Asus Fone Pad | 13,000 Ks |
| Asus Fone Pad | 5,000 Ks |

## TOSHIBA

Royal Smart Trading Co., Ltd

Ph: 01 925000, 88599, 88600

| Model | Price |
|---|---|
| Satellite C40-A125X | USD 479 |
| Satellite L40-B203BX | USD 699 |
| Satellite L50-B205BX | USD 699 |
| Satellite S40t | USD 919 |
| Tecra Z40-A | USD 1425 |

## maxell

Multi World Electronics

Ph: 374188, 389688

| | |
|---|---|
| DV Tape (DVM-60SE 1P) | 1,600 Ks |
| CFL Light Blub (Day Light) 7W | 2,100 Ks |
| CFL Light Bulb (Day Light) 15W | 2,300 Ks |
| CFL Light Blub(Day Light) 20W | 2,500 Ks |
| CFL Light Blub (Day Light) 23W | 2,700 Ks |
| CFL Light Blub (Day Light) 25 W | 2,900 Ks |
| USB (MX-U8GB-E300) | 5,000 Ks |
| USB (MX-U13GB-E200) | 7,300 Ks |
| USB (MX-U16GB-E300) | 7,400 Ks |
| USB (Dual OTG 8GB) | 6,400 Ks |
| USB (Dual OTG 16GB) | 9,400 Ks |
| USB (MX-U32GB-E200) | 13,500 Ks |
| Hard Drive (MXEHD500G25) | 50,000 Ks |
| Blu-ray Drive (M8R-6U) | 80,000 Ks |
| 8" Tablet(MAXTAB H8-s) | 130,000 Ks |

## hp

Royal Smart Trading Co., Ltd

Ph: 01 925000, 88599, 88600

| Printers | |
|---|---|
| HP Deskjet 1010 | USD 35 |
| HP Deskjet 1510 | USD 55 |
| HP Laxerjet P1102 | USD 97 |
| HP Laserjet P1102W | USD 125 |
| HP Deskjet InkAdvantage 1015 | USD 47 |
| HP Deskjet Ink Advantage 1515 | USD 66 |
| HP Officerjet 7110 | USD 206 |
| HP Officejet 8100 | USD 160 |
| **Notebook** | |
| HP 14-G003AU | USD 325 |
| Hp 14-r008TU | USD 459 |
| Pavillion 11-n025TU | USD 475 |
| Pavillion 14-n265TX | USD 534 |
| Pavillion 15-n258TX | USD 635 |
| Pavillion 14-n245TX | USD 635 |
| Pavillion 14-v020 TX | USD 669 |
| Pavillion 14 n2727TX | USD 759 |
| Pavillion 15-p020TX | USD 769 |
| Envy 15-k010TX | USD 1175 |
| Zbook 15 | USD 2555 |
| Pavillion 20z220l(AIO) | USD 549 |
| **Desktop** | |
| ProDesk 400 G1 (i3) | USD 575 |
| ProDesk 400 G1 (i5) | USD 665 |
| **Monitor** | |
| Hp LV1911 | USD 87 |

## ICE

Ph: 228805, 215353, 216484

| Notebook | |
|---|---|
| Acer Aspire E3 111 | USD 310 |
| Acer Aspire E5 411 | USD 315 |
| Acer Aspire E1 432 | USD 369 |
| Acer Aspire E1 430 | USD 369 |
| Acer Aspire E5 471 | USD 469 |
| Acer Aspire E5 517G | USD 509 |
| Acer Aspire E5 471G | USD 519 |
| Acer Aspire P3 171 | USD 679 |
| Acer Aspire E5 471G | USD 629 |
| Acer Aspire E5 571G | USD 589 |
| Acer Aspire S7 | USD 1450 |
| Acer Aspire E5 571G | USD 704 |
| MSI S12 3M | USD 309 |
| MSI CR61 3M | USD 359 |
| MSI CR42 2M | USD 379 |
| MSI CX61 2PC | USD 544 |
| MSI GP 70 20C | USD 839 |
| MSI GE 40 20PC | USD 839 |
| MSI GE 60 2PC | USD 1,270 |
| MSI GE 60 2PE | USD 1,180 |
| MSI GS60 2PC | USD 1,550 |
| Toshiba Satellite L40 | USD 371 |
| Satellite C40 A125 | USD 479 |
| Satellite M840 | USD 489 |
| Satellite ProL840 | USD 539 |
| Toshiba Satellite L40 | USD 604 |
| Toshiba Satellite L40 | USD 669 |
| Toshiba Satellite L50 | USD 669 |
| Toshiba Satellite L40 | USD 682 |
| Toshiba Satellite S40t | USD 919 |
| Toshiba Satellite R930 | USD 1329 |
| Toshiba Satellite TECRA Z40 | USD 1425 |
| Asus X451MA-VX027D | USD 320 |
| X452CP VX042D | USD 479 |
| X451CA VX103D | USD 470 |
| K450LC WX118D | USD 605 |
| K450LC WX094D | USD 639 |
| Asus K451LN WX043D | USD 769 |
| Asus N550JV-CN279D | USD 1,080 |
| HP 14-g003au | USD 325 |
| HP Pavilion 11-n025TU | USD 475 |
| HP Pavilion 14 n265TX | USD 534 |
| HP 14-r008TU | USD 459 |
| HP Pavilion 15 n0258X | USD 669 |
| HP Pavilion 14-n022TX | USD 669 |
| HP Pavilion 14-n227TX | USD 759 |
| HP Envy TS 15-j122TX | USD 1175 |
| Lenovo Ideapad S410 | USD 549 |
| Lenovo Ideapad FLEX14 | USD 629 |
| Lenovo Ideapad YOGA | USD 839 |
| Lenovo Ideapad Z410 | USD 699 |
| Lenovo Ideapad U430 | USD 769 |
| Lenovo Ideapad U330 | USD 689 |
| Lenovo Ideapad Yoga | USD 1059 |

## DCD

Ph: 02-33653, 02-60219

| Memory | |
|---|---|
| 2GB(DDR3) RAM 1333MHz | 22,500 |
| 4GB(DDR3) RAM 1333MHz | 41,000 |
| 2GB(DDR3) RAM 1333MHz | 25,000 |
| 4GB(DDR3) RAM 1333MHz | 41,000 |
| 4GB(DDR3) RAM 1333MHz | 40,000 |
| 8GB(DDR3) RAM 1600MHz | 69,000 |
| 8GB(DDR3) RAM 1600MHz | 77,000 |
| **UPS** | |
| 650 VA (Prolink)UPS 700V | 30,000 |
| 650 VA (Prolink)UPS 700SFC | 32,000 |
| 1200VA(Prolink)UPS1200SFC | 59,000 |
| 650 VA (Power Tree) | 37,000 |
| 1250VA (Power Tree) | 63,000 |
| IPS 1200 Long Time | 68,000 |
| IPS 2000 Long Time | 78,500 |
| IPS 2400 Long Time | 89,000 |
| **Multimedia** | |
| 24X DVD-Writer(Samsung) | 20,000 |
| 24X DVD-Writer(ASUS) | 21,000 |
| 24X DVD-Writer(Lite On) | 20,000 |
| 24X DVD-Writer(Fjutsu/Samsung) | 34,000 |
| **Storage Device** | |
| 500GB (Seagate) SATA | 48,500 |
| 1000GB (Seagate) SATA | 58,000 |
| 2000GB (Seagate) SATA | 81,000 |
| Notebook HDD 500GB SATA | 48,000 |
| Notebook HDD 1000GB SATA | 61,500 |
| **Motherboards** | |
| Intel DH77-EV(1155/DDR3) | 91,000 |
| Intel DQ77-MK(1155/DDR3) | 129,000 |
| Intel DH87-RL(1155/DDR3) | 101,000 |
| GIGA-H61M-DS2PR3(1155/DDR3) | 58,000 |
| GIGA-H81M-DS2(1150/DDR3) | 62,500 |
| **CPU (With Original Box)** | |
| Intel Dual Core 3.0GHz(3MB/1150) | 59,500 |
| Intel Core i3 3.4 (3MB/1150) | 108,000 |
| Intel Core i5 3.0 (6MB/1150) | 174,000 |
| Intel Core i7 3.4 (8MB/1150) | 277,000 |
| **Grahphic Card** | |
| PICE(1GB)EHA5450(DDR3) | 38,000 |
| PICE(2GB)GT610(DDR3) | 57,500 |
| PICE(4GB)M610/GT630(DDR3) | 96,000 |
| **Toner** | |
| HP 1200(C7115A) | 63,000 |
| HP 1110/3015 (Q2612A) | 66,000 |
| HP 2015 (Q7553A) | 77,000 |
| HP 401 (CAF280A) | 90,000 |
| **Monitor** | |
| 16"LED Color | 70,500 |
| 18.5" LED Color | 85,000 |
| 21.5" LED Color | 115,000 |
| 24" LED Color | 159,000 |
| 20" LED Color | 100,000 |

## Computer Sales & Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| 1. Acer | No.570, Corner of 8th St & Strand Street, Lamadaw Tsp, Ygn. | 01-221683,01-217233 |
| 2. ABC | No.(165/175), Seikkanthar Street (middle), Kyauktada Tsp,Ygn. | 01-382275 |
| 3. Asia Tech | No. (274/278), Seikkanthar (Upper)st, Kyauktada Tsp. | 01-392951,01-392952 |
| 4. AC | No. 208, Seikkanthar (Middle) St, Kyauktada Tsp. | 01-252627,09-73037333 |
| 5. Access Spectrum | No. 364-366, Mahabandoola Garden (Barr) Kyauktada Tsp. | 01-386567,01-380900 |
| 6. AGK | No. 210 Seikkantahr (Middle) street, Kyauktada Tsp. | 01-246669,01-378171 |
| 7. ASUS (Goldem Power) | No. 4, 13th, (lower) Street, Latha Tsp. | 01-210943,01-226664 |
| 8. Brother | No. 370, Bo Aung Kyaw Street (upper), Kyauktada Tsp. | 01-380137,01-379001 |
| 9. Do Do Ko Ko | No. 244, Ground floor, Seikkanthar Street, Kyauktada Tsp. | 01-388654, 01-383067 |
| 10. Elecom | No. 34, 2nd Street, Lamadaw Tsp. | 01-227593, 01-221792 |
| 11. Delux (Asia Tech) | No. 274-278, Seikkanthar St, Upper, Kyauktada Tsp. | 01-392952, 01-392953 |
| 12. Engenius (Access Spectrum) | No. 364-366, Mahabandoola Garden (Barr) Street, Kyauktada Tsp. | 01-380900,01-386567 |
| 13. Eastern | No. 129, Seikkanthar (lower) Kyauktada Tsp. | 01-398224,01-398490 |
| 14. Gigabyte (Myanmar Star-tech) | No. 351, Room (101,102) Thein Phyu Road Yangon. | 01-394270,01-384017 |
| 15. IT City | No. 160, Anawratha Road, Corner of Bar Street, Kyauktada Tsp. | 01-243049 |
| 16. Info-gate | N. 250, Ground floor, Seikkanthar, Upper, Kyauktada tsp. | 01-377583,01-381657 |
| 17. IT Mart | No. 126, Seikkanthar Street, Lanmadaw Tsp, Yangon. | 09-73050274 |
| 18. I.C.E | No. 41, Hledan Street, Lanmadaw Tsp, Yangon. | 01-228805, 01-215353 |
| 19. INNWA | No. 142, 38th Street (lower), Kyauktada Tsp. | 01-398297,01-391511 |
| 20. King Empire | No. 167-173, Seikkanthar (Middle) Kyauktada Tsp. | 01-386925,01-398129 |
| 21. King Power | No. 131, Seikkanthar St, (Uner) st, Kyauktada Tsp. | 01-398008,01-385824 |
| 22. Life Mark | No. 221, Seikkanthar St, (Middle) Kyauktada Tsp. | 01-391690,01-391691 |
| 23. Lenovo (KMD) | No. 170-184, Rasodan Road (middle), Kyauktada Tsp. | 01-245180,01-384109 |
| 24. Lenovo (Lucky Bird) | No. 355, Rm (106), Thein Phyu Road, Kyauktada Tsp. | 01-248167,01-379875 |
| 25. MSI (Royal Smart) | No. 576, Corner of 8th St.8 Strand street Kyauktada Tsp. | 01-227781, 09-9050666 |
| 26. MUC(Myanmar Unique Computer) | No. 204, Seik Kan Tha St.(Lewis St), Kyauktada Tsp. | 01-385978, 09-5106247 |
| 27. Neo Tech | No. 175 (G/F) Seikkanthar (lower), Kyauktada Tsp. | 01-398199,01-710752 |
| 28. Radiance | No. 201, Bo Aung Kyaw St, Bet. Mahabandoolar & Merchant Road, Kyauktada | 01-385267,01-380220 |
| 29. Sky light | NO. 203, Seikkanthar (Middle) Kyauktada Tsp. | 01-246566 |
| 30. Techno Eye | No. 170 (D-1) corner of the Myanmar Goneyi Road & 87th street, Mingalartanungnyut tsp. | 09-73201252, 09-73214057 |
| 31. T-Land | No. 77, Pasodan Road, (lower) Bet. Mahabandoola and Merchant Road, Kyauktada Tsp. | 01-382868,01-392343 |
| 32. Technoland | No. 162-170, 36th St (middle), Kyauktada Tsp. | 01-375191,09-73041735 |
| 33. Unique | No. 194, Seikkanthar Street, Kyauktada Tsp. | 01-387459,01-391789 |
| 34. View Sonic (Royal Ayeyarwaddy) | No. 7 (G/F), 87th Street, Mingalar Taung Nyunt Tsp. | 01-394494,01-384850 |
| 35. GPT | No. 206(B), Bogyoke Aung San Road, bet .Bo Aung Kyaw Street and Thein Phyu Street Botahtaung Township, Yangon. | 01-392576,09-421112149 |
ဖြေ– မင်္ဂလာပါခင်ဗျာ။ လက်ရှိလုပ်နေတာကတော့ E-commerce ရယ်၊ Auto Mobile ရယ်ပေါ့။ အရင်တုန်းကတော့ Microsoft မှာ လုပ်ဖြစ်သေးတယ်။ အဲဒီကနေ ပြောင်းပြီးတော့ ဒီမှာလုပ်ဖြစ်သွားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီ Open source က ကျွန်တော်တို့လို Software သမားတွေအတွက်အလားအလာအများကြီးရှိတယ်။ ကျွန်တော်ရေးထားတာဆိုရင်တော့ Auto Mobile မှာဆိုရင် သူကကားလေလံဆွဲတဲ့ဆိုက်ပေါ့။ နောက်တစ်ခုက E-commerce ပေါ့၊ E-commerce ကရိုးရိုး E-commerce ဆိုတာထက် Social E-commerce နဲ့သွားတာပေါ့။ ဒီမှာ E-commerce ကိုလုပ်နေတဲ့ သူတွေအများကြီးရှိတယ်။ Rocket တို့ ဖော်ဂျီမတ်တို့တွေပေါ့။ ကျွန်တော်ကသူတို့နဲ့သွားပြီး ယှဉ်လို့မရဘူး။ အဲဒါကြောင့် Social ဘက်ကို ဦးစားပေးထားတယ်။ အဓိကကတော့ Fun ပုံစံပေါ့။ ဒီအထဲမှာ ဖက်စ်ရှင်အပိုင်းနဲ့ အမျိုးသမီးအပိုင်းကို ဦးစားပေးထားတယ်။

**မေး– App ရေးတဲ့အခါမှာ အခက်အခဲကြုံတွေ့ရတာမျိုးရှိပါသလား။ ဘယ်အပိုင်းက ခက်ခဲတယ်လို့ထင်ပါသလဲ။**

ဖြေ– App ရေးတယ်ဆိုတာကလည်း လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက်အကျိုးပြုမယ့် ကောင်းမွန်တဲ့ Business Model ကို သုတေသနလုပ်ရပါတယ်။ အဲဒီလိုမျိုးလုပ်တဲ့အခါမှာလည်း အဖြေက ချက်ချင်းကြီးတော့မထွက်လာဘူး။ နောက်ပြီး အခက်အခဲဆိုတာကလည်း အမျိုးမျိုးကြုံတွေ့နိုင်ပါတယ်။ မြင်ရုံနဲ့ လွယ်တယ်လို့ ထင်ရပေမယ့် ကိုယ်တိုင်သေချာလုပ်ကြည့်မှပဲသိနိုင်တာမျိုးပါ။ ကျွန်တော့်အတွေ့အကြုံအရပြောရရင်တော့ ကျွန်တော့်အတွေ့အကြုံက နည်းနေသေးတယ်။ ခက်ခဲတဲ့အပိုင်းဆိုရင်တော့ Sever အပိုင်းကတော့ အဓိကကျတယ်။ Mobile App ပိုင်းကိုတော့ ကျွန်တော်လည်း လေ့လာနေတုန်းပဲ၊ အခုကတော့ Technicial Research လုပ်နေတာဆိုတော့ နှစ်ခုလုံးကို ညီမျှအောင်လုပ်နေရတယ်။ Java ဘက်ကိုလည်း လုပ်နေတယ်ဆိုတော့ နည်းနည်းတော့အချိန်ယူရဦးမယ်။

**မေး– အစ်ကိုပြောတဲ့ E-commerce အကြောင်းရှင်းပြပေးပါလား။ သူက ပြည်သူလူထုကို ဘယ်လောက်အထိ အကျိုးပြုနိုင်ပါသလဲ။**

ဖြေ– E-commerce ဆိုတာက ရှင်းရှင်းပြောရရင်တော့ ရောင်းဝယ်ရေးဝက်ဘ်ဆိုက်တစ်ခုပါပဲ။ Online Market ပေါ့။ သူကဘာတွေလုပ်ဆောင်လို့ရသလဲဆိုတော့ ဆိုင်တွေမှာရှိတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဒီ Online Market ကတစ်ဆင့်ကြည့်ရှုပြီး ဝယ်ယူနိုင်ပါတယ်။ ဒါပေမယ့် ဒီစနစ်ဖြစ်ထွန်းဖို့က အဖက်ဖက်ကပြီးပြည့်စုံဖို့တော့လိုအပ်တယ်။ အခုက မြန်မာနိုင်ငံမှာ Online Payment စနစ်ကဖွံ့ဖြိုးဆဲဆိုတော့ ဒီစနစ်ဖွံ့ဖြိုးဖို့ကို အရင်လုပ်ဆောင်ဖို့လိုပါတယ်။ ပြည်သူတွေကို ဘယ်လိုအကျိုးပြုသလဲဆိုတော့ ဒီ Online ကနေ ဝယ်ယူတဲ့အတွက် ဈေးသက်သာတာမျိုးတွေ၊ နောက်ဥပမာတစ်ခုက အခုကျွန်တော်တို့ Shopping Center မှာ ဈေးဝယ်ထွက်တဲ့အခါ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့ လေ့လာပြီး ကိုယ်ကြိုက်တဲ့ပစ္စည်းကို ရွေးချယ်ဝယ်ယူကြရပါတယ်။ ဒီတော့ အချိန်လည်းကုန်တယ်၊ လူလည်းပင်ပန်းပါတယ်။ E-commerce ကတော့ အဲဒီအခက်အခဲတွေကို သက်သာစေပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီစနစ်ကို အကောင်အထည်ဖော်နေကြတဲ့ သူတွေအများကြီးရှိပါတယ်။

**မေး– ဆိုင်တွေအနေနဲ့ ဝင်ရောက်ပြသချင်တယ်ဆိုရင် ဘယ်လိုဆောင်ရွက်ရမလဲ။ ဘယ်လိုစည်းကမ်းချက်တွေကို လိုက်နာသင့်ပါသလဲ။**

ဖြေ– ဆိုင်တွေအနေနဲ့ ဝင်ရောက်ပြသချင်တယ်ဆိုရင်တော့ အဖွဲ့အစည်းကထုတ်ပြန်ထားတဲ့ ချမှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့တော့လိုပါတယ်။ ပြီးတော့ဆိုင်တွေက ပြသတဲ့အခါမှာလည်း ကြားထဲက ထိန်းသိမ်းပေးတဲ့ Operator တစ်ဦးလည်းရှိရမယ်။ အဖွဲ့အစည်းက ထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတော့ အခုချိန်မှာ သီးသန့်ဘုံဆိုတာမရှိသေးတဲ့အတွက် သက်ဆိုင်ရာ ဝက်ဘ်ဆိုက်တွေမှာပဲ ဝင်ရောက်ကြည့်ရှုလို့ရဦးမယ်လို့တော့ထင်ပါတယ်။

**မေး– ဒီ E-commerce စနစ်ဖြစ်ထွန်းဖို့အတွက် လူဘယ်နှစ်ဦးလောက်နဲ့ လည်ပတ်ဆောင်ရွက်နေရပါသလဲ။**

ဖြေ– ဒီစနစ်မှာ အဓိကကတော့ System တည်ဆောက်ဖို့က လွယ်တယ်။ ပြီးတော့ Technicial နဲ့ System ကလည်း ညီမျှနေဖို့တော့ လိုအပ်တယ်။ တစ်ခုပဲအဲဒါကဘာလဲဆိုတော့ Run ဖို့ပဲခက်တာ။ ဒီစနစ်တွေ Run ဖို့လူတွေအများကြီးလည်းမလိုဘူး။ System Manage အတွက်နည်းပညာရှင်တွေပဲများများလိုအပ်ပါတယ်။ ပြီးတော့ Security (လုံခြုံရေးပေါ့) သူလည်းအရေးကြီးပါတယ်။ ဒီစနစ်မှာ ပါဝင်ကြတဲ့ ဆိုင်တွေအနေနဲ့ မှန်ကန်ရပါမယ်။ ကိုယ်ရောင်းမယ့်ပစ္စည်းက အမှန်တကယ်ရှိနေရပါမယ်။ ရောင်းတဲ့ဈေးကလည်း သက်သာနေရပါမယ်။ ဒါမှလည်း ဒီစနစ်လည်ပတ်တဲ့အချိန်မှာ အဆင်ပြေမှာဖြစ်ပါတယ်။ သုံးစွဲတဲ့ပြည်သူတွေအနေနဲ့လည်း ယုံကြည်ဖို့လိုအပ်တယ်။

**မေး– နောက်ထပ်ရေးဆွဲမယ့် အစ်ကို့ရဲ့ Mobile Application က ဘာများဖြစ်နေပါမလဲခင်ဗျာ။**

ဖြေ– နောက်ထပ်ရေးဆွဲဖို့ Mobile Application တစ်ခုရှိပါတယ်။ ရုပ်သံ Channel တွေကို မိုဘိုင်းဖုန်းပေါ်ကနေ တိုက်ရိုက်ကြည့်ရှုနိုင်မယ့် Application တစ်ခုပေါ့။ သူကဘာလုပ်လို့ရသလဲဆိုတော့ ဖုန်းကနေ ကိုယ်ကြိုက်တဲ့လိုင်းကို Moment လုပ်ထားပြီး အဲဒီအစီအစဉ်လာတဲ့အချိန်မှာ Alarm ထမြည်မယ်။ ဒါဆိုရင် ကိုယ်ကြိုက်တဲ့လိုင်းကို ကြည့်တဲ့အချိန်မှာ အပြင်ရောက်နေရင်တောင်မှ လုံးဝလက်လွှတ်စရာမလိုတော့ဘူးပေါ့။ အခုလို ကားလမ်းတွေကြပ်နေတဲ့အချိန်မှာတောင် အိမ်ကိုအသည်းအသန်ပြန်ပြီးတော့ အချိန်လုကြည့်စရာမလိုဘူးပေါ့။ ဒါကိုမကြာခင်အကောင်အထည်ဖော်တော့မှာပါ။

**မေး– အစ်ကို့အနေနဲ့ အခြားသော Software ပညာရှင်တွေအပေါ် ဘယ်လိုမြင်ပါသလဲ။ ပြိုင်ဘက်ကောင်းလို့ သတ်မှတ်ချင်လား။ ဒါမှမဟုတ် မိတ်ဆွေကောင်းလို့ သတ်မှတ်ချင်ပါသလား။**

ဖြေ– IT လောကထဲမှာရှိကြတဲ့ ပညာရှင်တွေအားလုံးဟာ မိတ်ဆွေကောင်းတွေချည်းပါပဲ။ IT ဖွံ့ဖြိုးကာစ မြန်မာနိုင်ငံမှာ Software ပညာရှင်တွေရော Hardware ပညာရှင်တွေပါ စည်းလုံးညီညွတ်မှုရပါမယ်။ စည်းလုံးညီညွတ်မှုမရှိဘူးဆိုရင်တော့ IT လောကကြီးဟာ တိုးတက်မှာမဟုတ်ပါဘူး။ ဒီတော့ iT လောကလျင်လျင်မြန်မြန်တိုးတက်နိုင်အောင်လို့ မိတ်ဆွေကောင်းတွေ စည်းလုံးစေချင်ပါတယ်။ ဘယ်သူ့ကိုမှတော့ ရန်သူလို့မသတ်မှတ်ပါဘူး။

**မေး– မိုဘိုင်းဖုန်းတစ်လုံးက လူတစ်ယောက်အတွက် ဘယ်လောက်အထိ အရေးပါတယ်လို့ထင်ပါသလဲ။ ဘာကြောင့်အရေးပါတယ်လို့ ထင်ရပါသလဲ။**

ဖြေ– မိုဘိုင်းဖုန်းတစ်လုံးက လူတစ်ယောက်အတွက် အလွန်အရေးပါပါတယ်။ ဘယ်လောက်အထိအရေးပါသလဲဆိုတော့ သူတို့ရဲ့ အသက်ရှင်သန်ရမယ့် ရက်ပေါင်းတစ်ရာမှာ ရက်ပေါင်း ၇၀လောက်က ဒီမိုဘိုင်းဖုန်းကို မသုံးမဖြစ်သုံးနေရလို့ပဲဖြစ်ပါတယ်။ ပြီးတော့ ယနေ့ခေတ်ကြီးကလည်း သတင်းအချက်အလက်တွေခေတ်စားတဲ့ ခေတ်ရောက်နေပါပြီ။ ကျွန်တော်တို့ဆိုရင် သတင်းအချက်အလက်က ဘယ်လောက်အရေးပါသလဲဆိုတော့ ဒီသတင်းကို ဒီအချိန်မှာ မရလိုက်ရင်ဘဲတော်တော်လေးနောက်ကျသွားတယ်လို့ခံစားရတယ်၊ ပြီးတော့အပြင်သွားနေရင်ပဲဖြစ်ဖြစ်၊ အိမ်ထဲမှာနေရင်ပဲဖြစ်ဖြစ် ဒီဖုန်းတစ်လုံးရှိနေရင်ပဲ တော်တော်လေးအဆင်ပြေပါတယ်။ ဆက်သွယ်ရေးတွေကလည်း လိုင်းအားတွေကောင်းလာတယ်။ ကွန်ရက်တွေလည်းကျယ်ပြန့်လာတယ်။ အင်တာနက်ကတော့ တစ်ခါတစ်ရံလိုင်းကျတာတွေတော့ရှိပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဒီထက်မက အဆင်ပြေနိုင်တယ်လို့တော့ သုံးသပ်ချင်ပါတယ်။

**မေး– အခုလိုဖြေကြားပေးတဲ့အစ်ကို့ကို Mobile Guide ဂျာနယ်က အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျာ။**

ဖြေ– ကျွန်တော်ကလည်း အခုလိုပြန်လည်ဖြေကြားခွင့်ရတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# Sudoku

## MobileGuide ဆုဒိုခု ဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၆၇)

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | 12 | | 6 | | | | | | 7 | | |
| | 7 | 2 | | | 12 | | | | 3 | 8 | 1 |
| 8 | 3 | | | 10 | | 5 | 7 | | | 11 | |
| | | | 9 | | | | 5 | 2 | | | 12 |
| | | 4 | 2 | | | 12 | | | 8 | | |
| | | 12 | | 8 | 9 | 4 | | | | 6 | |
| | 2 | | | | 1 | 6 | 11 | | 9 | | |
| | | 9 | | | 7 | | | 6 | 12 | | |
| 12 | | | 10 | 3 | | | | 8 | | | |
| | 9 | | | 6 | 11 | | 10 | | | 5 | 8 |
| 2 | 5 | 8 | | | | 9 | | | 10 | 12 | |
| | | 7 | | | | | | 9 | | 1 | |

အမည် ..........................................................................

နေရပ်လိပ်စာ ..........................................................................

..........................................................................

မှတ်ပုံတင်နံပါတ် ..........................................................................

ဖုန်းနံပါတ် ..........................................................................

အီးမေးလ် ..........................................................................

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် ''၁'' မှ ''၁၂'' အထိ ဂဏန်း ၁၂ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။
၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်းထည့်သွားရပါမည်။
၃။ အကွက် ၁၂ ကွက်စီပါသော ဖုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၁၂ လုံးကို မထပ်အောင် ထည့်ရပါမည်။
၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။
၅။ မိတ္တူ (သို့မဟုတ်) အီးမေးလ်ဖြင့်ပေးပို့ခြင်း လက်မခံပါ။

MobileGuide Information Technology & Lifestyle Journal
အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၃၁ ၈၇၉၅၄ ၊ ၀၉၄၂၀၀ ၇၇၇၀၀

ဆုဒိုခုအဖြေလွှာများကို အပတ်စဉ် သောကြာနေ့ ညနေ ၃ နာရီအထိ နောက်ဆုံးထားပြီး Mobile-Guide ဂျာနယ်တိုက်သို့ ပေးပို့ရပါမည်။

အဖြေမှန်ဆုရရှိသူများကို အပတ်စဉ် ထွက်ရှိမည့် Mobile Guide ဂျာနယ်တွင် ဖော်ပြပေးပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်း ရှိပါက ကုမ္ပဏီများမှ ပေးအပ်ထားသော အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက် ပိုပါက ၂ ဦးကို မဲနှိုက် ရွေးချယ်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

SONIGEAR POWERLOGIC
1212 CALL CENTER
MEGA9 Purified Drinking Water
SAAG
OKER
Transcend
acer explore beyond limits™
T.LAND
NEC Empowered by Innovation
ASUS

ဆုဒိုခုဂိမ်းပြိုင်ပွဲအမှတ်စဉ် (၆၆) မဲပေါက်သူများမှာ -ဦးထူးထူးအောင်(၁၂/လကန(နိုင်)၁၄၇၄၂၂)၊ဦးစိုင်းနိုင်ဇော်(၁၂/အစန(နိုင်)၂၃၇၃၄၄)တို့ ဖြစ်ပါသည်။

စာမျက်နှာ ၃၃ မှ အဆက်

၁၉၉၀ခုနှစ်တွေ ကုန်သွားလို့ ၂၀၀၀ပြည့်နှစ်တွေ ရောက်လာချိန်မှာ တော့ Linux ဟာ စီးပွားရေးနယ်ပယ်မှာ အောင်မြင်မှုတွေစတင်ရရှိလာပြီး Red Hat ရဲ့ ကုန်အမှတ်တံဆိပ်ကလည်း ပိုမိုအောင်မြင်လာပါတယ်။ Red Hat ဟာ စီးပွားရေးနယ်ပယ်မှာ အောင်မြင်လာတဲ့ Linux နဲ့အတူ "Linux Company" ဆိုတဲ့ နာမည်ကိုလည်း ခိုင်ခိုင်မာမာကိုင်စွဲနိုင်ခဲ့ပါတယ်။

ဒီလိုငွေကြေးအရ အောင်မြင်မှုတွေဟာ အကောင်းတွေရော၊ အဆိုးတွေကိုပါ သယ်ဆောင်လာပါတယ်။ ငွေကြေးအရ အဆင်ပြေလာချိန်မှာ အရင်က Linux ကို မယုံသင်္ကာဖြစ်နေမှုတွေ ဆိတ်သုဉ်းသွားစေခဲ့ပြီး Linux distro အများစုအတွက် ပိုကောင်းတဲ့ Linux OS တွေကို ဖန်တီးလာစေဖို့ တွန်းအားတွေဖြစ်လာစေခဲ့ပါတယ်။ ဒါပေမယ့် ဟိုးအရင်အချိန်ကရှိခဲ့တဲ့ ပျော်စရာကောင်းတဲ့ အဖြစ်တွေနဲ့ စိတ်အားထက်သန်မှုမျိုးတွေကတော့ ပျောက်ဆုံးသွားခဲ့ရပါတယ်။

Linux ရဲ့ အောင်မြင်မှုဟာ ကျွန်တော်တို့ရဲ့ အလုပ်လုပ်ပုံ၊ အနားယူပုံ၊ အပန်းဖြေပုံတွေကို ပြောင်းလဲစေခဲ့ပါတယ်။ Linux developer တိုင်းဟာ လူသစ်ပဲဖြစ်ဖြစ်၊ လူဟောင်းပဲဖြစ်ဖြစ်၊ အခုဆိုရင် Enterprise အကြီးကြီးတွေမှာ အလုပ်အကိုင်တွေရနေပြီ။ လစာတွေလည်းကောင်း ကောင်းရနေကြပါတယ်။ အိမ်ကနေ အလုပ်လုပ်နေသူတွေလည်းရှိသလို၊ လွတ်လွတ်လပ်လပ်အလုပ်လုပ်နေသူတွေလည်းရှိနေပါတယ်။ Free software တွေဟာ ပိုပြီးစီးပွားရေးဆန်လာနေကြပါပြီ။

Linux ရဲ့ အောင်မြင်မှုကို ကြည့်ချင်တယ်ဆိုရင် Rock တေးဂီတအဖွဲ့ တစ်ခုနဲ့ မြင်ကြည့်နိုင်ပါတယ်။ ပထမစစချင်းပါတီတွေတက်ကြမယ်၊ နောက်ပိုင်းကြရင် တဖြည်းဖြည်းအောင်မြင်လာပြီ။ တကယ့်ပိုင်းကြီးဖြစ်လာပြီးတော့ လက်မှတ်တွေကို ဈေးကြီးကြီးပေးဝယ်ရတဲ့ အနေအထားကိုရောက်လာမယ်။ တကယ်တော့ Linux ဟာ Metallica လိုဖြစ်နေပါပြီ။

အရင်ကဆိုရင် LinuxWorld ဟာ ဂီတဖျော်ဖြေပွဲကြီးတစ်ခုလိုပါပဲ။ အချင်းချင်းစကားပြောကြမယ်၊ ဆွေးနွေးကြမယ်၊ ပါတီတွေလုပ်မယ်ပေါ့။ အခုအချိန်မှာတော့ အနောက်တိုင်းဝတ်စုံပြည့်ဝတ်ထားတဲ့ PR ဝန်ထမ်းတွေနဲ့ ပြည့်နေတဲ့နေရာကြီးဖြစ်နေပါပြီ။ အချိန်တွေ ပြောင်းသွားတိုင်း အားလုံးအကောင်းတွေချည်းပဲဖြစ်နေတာတော့ မဟုတ်ပါဘူး။ အရင်ကပျော်စရာတွေ ဆုံးရှုံးလိုက်ရပေမယ့်၊ Debian တို့၊ Fedora တို့က အရင်ကအများနဲ့ စုပေါင်းလုပ်ကိုင်ကြတဲ့ စိတ်ဓာတ်တွေကို ထိန်းသိမ်းထားဆဲပါပဲ။ အရင်က Freedom ဆိုရင် Software သပ်သပ်ကို ပြောခဲ့ကြပေမယ့်၊ အခုကတော့ Raspberry Pi လိုမျိုးတွေကြောင့် Hardware တွေမှာပါ၊ Open Source ရဲ့ လွတ်လပ်မှုစိတ်ဓာတ်ကိုမြင်နေကြရပြီဖြစ်ပါတယ်။

# Android User's Handbook အင်တာနက် အခြေခံဖုန်းအသုံးပြုနည်းလက်စွဲ

*ပြုစုသူ– ဉာဏ်ကြွယ်*




သုံးစွဲသူတိုင်းလိုလို နှစ်သက်ကြသည့် Android ဖုန်းတွေအတွက် မသိမဖြစ် Android အခြေခံအသုံးများကို Unit 1 တွင် ဖုန်းတစ်လုံးအား စတင်အသုံးပြုရန် သိထားသင့်သည်များမှ စ၍ ပြည့်စုံစွာရေးသားထားပါတယ်။

Unit 2 မှာတော့ ဖုန်းခေါ်ခြင်း၊ message ပို့ခြင်းနှင့်ဓာတ်ပုံရိုက်ကူးခြင်းများကို စုံလင်စွာဖော်ပြထားပြီး ဖုန်း Setting တို့အကြောင်း သိကောင်းစရာများကို Unit 3 မှာ Setting app အား ဖွင့်ခြင်း၊ Sound Settings, Wallpaper ပြောင်းခြင်း၊ Sleep လုပ်ခြင်း၊ Keyboard ပြောင်းခြင်းတို့ဖြင့် ရေးသားထားတာတွေ့ရမှာဖြစ်ပါတယ်။ Unit 4 မှာတော့ GSM, WCDMA တို့တွင် အင်တာနက် Setting ထည့်ခြင်း၊ CDMA 800 တို့တွင်အင်တာနက် Setting ထည့်ခြင်းတို့ရေးသားထားသလို၊ Unit 5 မှာအင်တာနက်အသုံးပြုခြင်း၊ Unit 6 မှာ G Mail အသုံးပြုခြင်း၊ Unit7 မှာ App တို့အား download ဆွဲယူ install လုပ်ခြင်းများစသည်ဖြင့် စိတ်ဝင်စားဖွယ် စုံလင်ရှင်းလင်းစွာ တွေ့ရမှာဖြစ်ပါတယ်။

ဖုန်းအများစုမှာ တွေ့ရတတ်သော အခက်အခဲများဖြေရှင်းခြင်းကို Unit 8 မှာပုံမှန်မဟုတ်သော App များအားပိတ်ခြင်း၊ နေရာလွတ်ကျန်မကျန်စစ်ဆေးခြင်းနှင့် Uninstall လုပ်ခြင်း၊ ဘက်ထရီချွေတာသော နည်းလမ်းများ၊ ကွန်ပျူတာဖြင့် ချိတ်ဆက်၍ File များကူးယူဖျက်ထုတ်ခြင်းများတို့ကို ပုံများနှင့်တကွစုံလင် စွာဖော်ပြထားသည့် အင်တာနက်အခြေခံဖုန်းအသုံးပြုနည်းလက်စွဲစာအုပ်ကို မျက်မှန်စာပေ၊ ၀၉–၇၃၀၀၂၉၆၆၊ ၀၉–၇၃၀၀၅၈၈၂ မှတစ်အုပ်လျှင် ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါတယ်။

# TECH NEWS UPDATE

## Bug ရှာဖွေရေးအစီအစဉ်ကို တရားဝင်စတင်ခဲ့တဲ့ Twitter




Twitter အနေနဲ့ Bug တွေ ရှာဖွေမှုကို hacker တွေထက် အရင်တွေ့အောင်လုပ်ဖို့ ဆန္ဒပြင်းပြနေပုံပါပဲ။ အခုဆိုရင် Bug ရှာဖွေရေးအစီအစဉ်တစ်ခုကို စတင်ခဲ့ပြီး သုတေသနသမားတွေကို တွန်းအားပေးဖို့ ကူညီနေပါတယ်။ တခြားနည်းပညာကုမ္ပဏီကြီးတွေက လုပ်နေသလိုပဲ Twitter အနေနဲ့ သူတို့ရဲ့စနစ်ထဲမှာရှိနေတဲ့ Bug တွေကို ရှာဖွေပေးပြီး သူတို့ဆီကို အကြောင်းပြန်ပေးမယ်ဆိုရင် ပိုက်ဆံပေးမယ့် အစီအစဉ် ကို စတင်ခဲ့ပါတယ်။ အဓိက အချက်အနေနဲ့က သုတေသနသမားတွေအဖို့ Bug တွေကို ရှာရမယ်၊ Twitter ကို အကြောင်း ပြန်ရမယ်၊ hacker တွေ ဒီအကြောင်းကို မသိခင် Twitter အနေနဲ့ ဒါကို ပြင်ဆင်နိုင်ရမယ် ဆိုတဲ့အချက်တွေပါဝင်ပါတယ်။ အရင်ကလည်း သုတေသန သမားတွေဟာ ပိုက်ဆံရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ Bug တွေကို လိုက်ရှာပြီး ကုမ္ပဏီတွေကို အကြောင်းကြားပါတယ်။ တကယ်လို့ ကုမ္ပဏီတွေဘက်က မြန်မြန်ဆန်ဆန် မတုန့်ပြန်ဘူးဆိုရင် လူထုကို အသိပေးပြီး ရှောင်ရှားနိုင်ဖို့ သတိပေးနေကြတာပါ။ အခု ဆုပေးမယ့်အစီအစဉ် မှာတော့ အနည်းဆုံးအနေနဲ့ သုတေသနသမားတွေဟာ သူတို့ ရှာတွေ့တဲ့ bug တွေအတွက် ဒေါ်လာ ၁၄၀ ကနေ စတင်ရရှိ ဖို့ ရှိနေပြီး၊ Twitter ရဲ့ desktop နဲ့ mobile website တွေ၊ iOS နဲ့ Android app တွေ၊ web ပေါ်က Tweetdeck တွေအပါအဝင် software အတော်များများရဲ့ bug တွေကို ရှာဖွေပေးရမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်စလုပ်ပြီးလို့ သုံးလအတွင်းမှာပဲ Twitter ဟာ လူပုဂ္ဂိုလ် ၄၄ဦး ကို ဆုကြေးချီးမြှင့်ခဲ့ပြီး bug ပေါင်း ၄၆ ခုကို ပိတ်လိုက်နိုင်ပါတယ်။ Facebook Microsoft နဲ့ Google တို့မှာလည်း သူတို့ကိုယ်ပိုင် bug ရှာဖွေရေးအစီအစဉ်တွေ ရှိနေကြတာပါ။ ဒီလိုအစီအစဉ်မျိုး ထားရှိဖို့က အရေးပါလာပြီး ကျွမ်းကျင်သူတွေကို ကိုယ့်ရဲ့ပလက်ဖောင်းနဲ့ ပတ်သက် ပြီး အာရုံစိုက်လာဖို့နဲ့ hacker တွေ ရှာမတွေ့ခင်အမှားတွေကို ပြင်ဆင်နိုင်ဖို့ကြိုးစားရာမှာ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်လာပါတယ်။ ဒါ ပေမယ့် Apple ကတော့ ပြီးခဲ့တဲ့နှစ်တွေအတွင်း လုံခြုံရေးနဲ့ပတ်သက်လို့ မကြာခဏ ပြဿနာတက်ခဲ့ရပေမယ့် သူတို့မှာ ကိုယ်ပိုင် bug ရှာဖွေရေးအစီအစဉ်တော့ မရှိသေးဘူးဖြစ်နေပါတယ်။ အခုမှ တရားဝင်စတင်ခဲ့တဲ့ ဒီအစီအစဉ်နဲ့ ပတ်သက်လို့ Twitter ဟာ ခပ်စောစောကတည်းက ကြိုတင်ပြင် ဆင်ထားခဲ့တာပါ။ နာမည်ကျော်တွေရဲ့ ဓာတ်ပုံတွေ ခိုးယူခံရပြီး တဲ့နောက် သူတို့အနေနဲ့ စိုးရိမ်မှုတွေတိုးလာနေပုံပါပဲ။

## Asus မှ Windows 8.1 laptop အသစ်ထုတ်လုပ်မည်

Microsoftအနေနဲ့ ပြီးခဲ့တဲ့ရက်သတ္တပတ်ကစလို့ ဈေးပေါတဲ့ Android tablet တွေကို တိုက်စစ်ဆင်နေပါပြီ။ အဓိကကတော့ Chromebook တွေပါ။ Asus အနေနဲ့ Windows 8.1 with Bing ပါဝင်တဲ့ laptop တွေကို ၁၉၉ ဒေါ်လာနဲ့ စတင်ရောင်းချနေပါပြီ။ ဒါဟာ Google ရဲ့ Chrome OS ကို တိုက်ခိုက်လိုက်တာဖြစ်ပြီး PC ထုတ်လုပ်သူတွေအတွက် လိုင်စင်ဈေးတွေကို ချပေးပြီးတော့ ၁၉၉ ဒေါ်လာဝန်းကျင် laptop တွေ ထုတ်လုပ်နိုင်အောင်စီစဉ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ Asus EeeBook X205 ဟာ ၇ နှစ်လောက်အကြာမှာမှ Eee အမှတ်တံဆိပ်ကို ပြန်သုံးတာဖြစ်ပြီး အရင်ကတော့ netbook တွေမှာ သုံးဖူးပါတယ်။ အခုထုတ်မယ့် X205 မှာဆိုရင် 11.6inch display (1366x768), 2GB RAM နဲ့ Intel Atom Bay Trail processor တွေကို သုံးထားတာမို့ အရင် ၂၀၀၇ တုန်းက Netbook တွေထက်ပိုကောင်းတယ်ဆိုပေမယ့် လက်ရှိစံနှုန်းနဲ့ကြည့်ရင် သိပ်မစွံလှပါဘူး။ Microsoft အနေနဲ့ One Drive ရဲ့ 100 GB Storage ကို ၂နှစ်စာ ပေးသွားမှာဖြစ်ပြီး ဒါဟာ Chromebook ဝယ်ရင် Google Drive တွေ ပေးတာကို အတုခိုးထားတာဖြစ်ပါတယ်။ Microsoft အနေနဲ့ Windows လိုင်စင်တွေကို ဈေးလျှော့ပေးတာနဲ့ Cloud storage တွေကို အခမဲ့ပေးလာတာက Chromebook တွေကို ယှဉ်နိုင်ဖို့ ကြိုးစားနေတယ်ဆိုတာ အရမ်းကို သိသာနေတာပါပဲ။

## Google ကထွက်ခွာတော့မယ့် Greg Wyler

Google Satellite ရဲ့ executive တစ်ယောက်ဖြစ်တဲ့ Greg Wyler ဟာ Google ကနေ ထွက်ခွာပြီး SpaceX office မှာ သွားရောက်လုပ်ကိုင်ဖို့ ရှိနေတယ်လို့ Wall Street Journal က ဆိုပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ Wyler ကရော ကုမ္ပဏီနှစ်ခုစလုံးကပါ အတည်ပြုပြောကြားတာမျိုး မရှိသေးပါဘူး။ ပြီးခဲ့တဲ့လတွေကမှ Wyler ကို Google ကနေ ကမ္ဘာလုံးအနှံ့ဖြန့်ကျက်သွားမယ့် အင်တာနက်ဝန်ဆောင်မှုအတွက် ခန့်အပ်ခဲ့တာပါ။ ဘီလီယံနာ Elon Musk နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးတွေ ရှိနေပေမယ့် Wall Street Journal ကတော့ ဒီဂြိုဟ်တုဆက်သွယ်ရေးပညာရှင်ဟာ SpaceX ရဲ့ ဝန်ထမ်းတော့ မဟုတ်သေးပါဘူး။ သူထွက်သွားခြင်းက Google အနေနဲ့ Wyler အပိုင် ကုမ္ပဏီဖြစ်တဲ့ WorldVu Satellites Ltd ရဲ့ radio spectrum အချို့အပေါ် ပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးရနိုင်ဖွယ်ရှိတယ်။ "ဒါက Google ကို ရေတိုမှာတော့ အထိနာသွားစေမယ့်ပုံပါ"Mile Market 101 ရဲ့ CEO ဖြစ်သူ Neil Mackey က Wall Street Journal ကို ပြောပါတယ်။ ဒီနှစ်စောစောပိုင်းမှာ Wyler အနေနဲ့ Google ဟာကမ္ဘာလုံးဆိုင်ရာ အင်တာနက်ဖြန့်ကျက်မှုအတွက် ဂြိုဟ်တုအလုံးပေါင်း ၁၈၀ လောက် လွှတ်တင်သွားမယ်လို့ ကြေညာခဲ့တာဖြစ်ပါတယ်။

## Asus မှ စမတ်နာရီ ထုတ်လုပ်

Asus အနေနဲ့ IFA ပွဲမှာ လက်ရှိအချိန်အထိ ထုတ်ခဲ့သမျှ စမတ် နာရီတွေထဲမှာ အကောင်းဆုံးဒီဇိုင်းနဲ့ စမတ်နာရီကို ထုတ်ပြနိုင်ခဲ့ပါတယ်။ curved 2.5D design ကိုသုံးပေးထားပြီး ကျောဘက်မှာတော့ stainless cover ကို သုံးပေးထားပါတယ်။ အသစ်ကြေညာလိုက်တဲ့ Zen Watch ဟာဆိုရင်စတိုင်ကျမှုကို အဓိကဦးစားပေးထားတာဖြစ်ပါတယ်။ ဈေးကလည်းမသေးပါဘူး။ ၁၉၉ ယူရိုနဲ့ ရောင်းနေပြီး ပါဝင်ပစ္စည်းတွေကတော့ 1.6 inch AMOLED display, 4GB Storage နဲ့ 512 MB RAM တို့ပါဝင်ပြီး၊ အခြား



Android Wear နာရီတွေမှာ သုံးထားတဲ့ Qualcomm processor ကိုပဲ ပြန်သုံးထား ပါတယ်။ Asus အနေနဲ့ specs တွေထက် စာရင် အသွင်အပြင်ပိုင်းကိုပိုအသားပေးထားတာပါ။ လက်ပတ်ကြိုးကို ခပ်ထူထူသားရေသားနဲ့ လုပ်ထားပြီး ပြောင်လက်နေအောင် ပေါ်လစ်တိုက်ပေးထားပါတယ်။ ကြိုးရဲ့အသွင်အပြင်ဟာ တကယ့်ကို သပ်ရပ်အောင် လုပ်ထားတာပါ။ ဆွစ်နာရီတွေလိုမျိုး အပုံစားပုံစံ ပေါက်နေအောင် ဒီဇိုင်းဖွဲ့စည်းထားတာလည်းဖြစ်ပါတယ်။ Zen Watch ဟာ အနည်းငယ်သာ အရွယ်သေး အောင်လုပ်နိုင်ရင် ပိုကောင်းမှာပါ။

အခုတော့ Sport ပုံစံမျိုးနာရီ ခပ်ကြီးကြီးဖြစ်နေပြီး စတိုင်ကျဖို့ကို အသားပေးထားတဲ့ နာရီမှန်းသိသာလွန်းပါတယ်။ ဒါကြောင့် Asus ဟာ ဆွဲဆောင်မှုအရှိဆုံး Android Wear နာရီကို ထုတ်လုပ်သူဖြစ်လာဖို့ ရှိနေပေမယ့် Moto 360 ကတော့ အထူးခြားဆုံးစမတ်နာရီအဖြစ် ဆက်လက် ရပ်တည်နေမှာပါပဲ။

## News Headline ...

### NFL ပွဲစဉ်တွေ ခန့်မှန်းပေးမယ့် Cortana

Microsoft ရဲ့ Cortana digital assistant ဟာဒီနွေမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပွဲမှာ ပွဲစဉ်တွေရဲ့ ရလဒ်တွေကို ခန့်မှန်းပေးခဲ့ပါတယ်။ အခုဆိုရင် NFL ရဲ့ အမေရိကန်ဘောလုံးပွဲစဉ်တွေကိုပါ ခန့်မှန်းပေးပါတော့မယ်။ အခု update မှာဆိုရင် အမေရိကန်ဘောလုံးကို နှစ်သက်သူတွေအတွက် ရှေ့လာမယ့် ပွဲစဉ်တွေကို ကြိုတင်ခန့်မှန်းလာနိုင်သလို Microsoft ရဲ့ Bing Search engine အနေနဲ့ နောက်ကွယ်ကနေ တွက်ချက်မှုတွေကို တွက်ချက်ခန့်မှန်းပေးမှာဖြစ်ပါတယ်။ Cortana အနေနဲ့ ကမ္ဘာ့ဖလားပွဲ ခန့်မှန်းမှုတွေကို အားလုံးလောက်နီးပါးမှန်အောင် ခန့်မှန်းပေးခဲ့တာမို့ Microsoft ရဲ့ digital assistant အနေနဲ့ လာမယ့် NFL ရာသီမှာ ဘယ်လောက်စွမ်းဆောင်နိုင်မလဲလို့ အားလုံးကစိတ်ဝင်စားနေပါတယ်။ Microsoft အနေနဲ့ Cortana ကိုငွေဈေးနှုန်းတွေတွက်ချက်တာ၊ အချိန်ဇုန်တွေတွက်တာ စတာတွေကို လုပ်ဆောင်နိုင်အောင် စီစဉ်ထားပြီး animation လေးတွေနဲ့ ပြပေးနိုင်အောင်လည်း လုပ်ထားပါတယ်။

### မထွက်ခင်ကတည်းက တန်းစီနေရတဲ့ iPhone 6

တချို့လူတွေက အကြွေစေ့တွေစုပါတယ်။ တချို့ကတော့ တံဆိပ်ခေါင်းတွေစုတာ ဝါသနာပါတယ်။ တချို့တွေကတော့ iPhone အသစ်ထွက်တိုင်း ကိုင်ချင်သူတွေပါ။ အခုဆိုရင် Apple ရဲ့ iPhone အသစ်မှာ ဈေးကွက်ထဲ ရောက်လာဖို့ ရက်အတော်ကြာစောင့်ရဦးမှာဖြစ်ပါတယ်။ ဒါပေမယ့် အသည်းအမဲလိုချင်သူတွေကတော့ အခုကတည်းကစပြီး ဆိုင်တွေမှာ တန်းစီနေကြပါပြီ။ လာမယ့် အင်္ဂါနေ့အထိ Apple အနေနဲ့ iPhone 6 နဲ့ ပတ်သက်လို့ ဘာမှပြောဦးမှာမဟုတ်သေးပေမယ့် New York မြို့မှာရှိတဲ့ Apple ဆိုင်မှာတော့ လူတွေက ကြိုပြီးတန်းစီနေနှင့်ကြပါတယ်။ ဒါကရူးနှမ်းတယ်လို့ ပြောလို့ရပေမယ့် ပထမဦးဆုံးနေရာ ၂ ခုစာအတွက် ကြိုဦးထားတဲ့ လူတွေဟာ အခြားနောက်ထပ်လူတွေက ဒေါ်လာ ၁၂၅၀ နဲ့ ပြန်ရောင်းဖို့ ကမ်းလှမ်းတာကို ခံခဲ့ရပါတယ်။ ဒီလူတွေဟာ ရက်သတ္တပတ်ပေါင်းများစွာ ကြိုပြီးတော့ကို နေရာဦးနေခဲ့တာဖြစ်ပါတယ်။

### နာမည်ပြောင်းခဲ့တဲ့ Google Enterprise

Enterprise ဆိုတဲ့ စကားလုံးကြီးက ပျင်းစရာကြီးပါ။ နားထဲမှာလည်း ထော်လော်ကန့်လန့်နိုင်ပါတယ်။ ဒါကြောင့် Google အနေနဲ့ အပြောင်းအလဲတစ်ခုကို လုပ်ခဲ့ပါပြီ။ Google Enterprise ဆိုတဲ့ နာမည်အစား Google for Work လို့ ပြောင်းခဲ့ပြီး၊ product နဲ့ ပတ်သက်လို့ ပိုပြီး ရင်းရင်းနှီးနှီးရှိပြီး အဓိပ္ပာယ်ပိုပြည့်စုံတဲ့ နာမည်တစ်ခု ဖြစ်လာပါတယ်။ Google အနေနဲ့ enterprise တွေအတွက် လိုအပ်မယ့် business program တွေကို cloud service ပေါ်က ရင်းနှီးပြီးသား app တွေက နေတစ်ဆင့် ထုတ်ပေးသွားမှာပါ။ Google ရဲ့ အဆိုအရတော့ "ကျွန်တော်တို့ဟာ သမားရိုးကျ enterprise လုပ်ငန်းချဉ်းကပ်ပုံမျိုးကို ဘယ်တော့မှာ လုပ်မှာမဟုတ်ပါဘူး။ အဲဒီအစား လုပ်ငန်းတွေလုပ်ဆောင်ရာမှ နည်းလမ်းသစ်တွေ ရှာဖွေဖော်ထုတ်ပြီး လုပ်ဆောင်သွားမှာပါ"လို့ ပြောထားပါတယ်။

### Xbox One နဲ့ PS4 ပေါ်ရောက်လာမယ့် Minecraft

Minecraft အနေနဲ့ ၂၀၁၂ က ထုတ်ဝေခဲ့တဲ့ downloadable version ဟာဆိုရင် Xbox 360 ပေါ်မှာ အရောင်းစံချိန်တင်ခဲ့ပါပြီ။ အခုအချိန်မှာဆိုရင် Console အသစ်တွေထဲကို ဝင်ရောက်လာတော့မှာပါ။ PS 4 နဲ့ Xbox One တွေအတွက် US Edition ကို မကြာခင်မှာပဲ ထုတ်ဝေပေးဖို့ ရှိနေပြီး၊ PS 4 အတွက် Europe Edition ကိုတော့ အခုကတည်းက ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဒီ version သစ်တွေကို တကယ်လို့ Xbox 360 နဲ့ PS 3 တွေအတွက် ဝယ်ထားတယ်ဆိုရင် ၄.၉၉ ဒေါ်လာနဲ့ ရောင်းချဖို့ရှိပြီး အခုမှစဝယ်မယ်ဆိုရင်တော့ ၁၉.၉၉ ဒေါ်လာနဲ့ ရောင်းချသွားမှာဖြစ်ပါတယ်။ Download အနေနဲ့ မကြာခင်မှာ Xbox Store ကို ရောက်လာဖို့ ရှိနေပြီး အခွေအနေနဲ့ကတော့ လာမယ့်အားလပ်ရက်မတိုင်ခင်မှာ စတိုးဆိုင်တွေကို အရောက်ပို့ပေးမယ်လို့ Microsoft က ပြောထားပါတယ်။ PS Vita အတွက် Minecraft ကိုလည်း မကြာခင် ထုတ်လုပ်ပေးတော့မှာပါ။

# SHOP VIEW

## Kenbo Mobile Shop




### တည်နေရာ

အမှတ်(၆၁၊ အောက်ဝမ်း)
ရန်ကုန်-အင်းစိန်လမ်းမကြီး၊
စံရိပ်ငြိမ်မှတ်တိုင်အနီး၊
ဖုန်း ၀၉-၂၅၄၃၇၈၈၂၅

### Kenbo Mobile ဆိုင်အကြောင်း

Kenbo Mobile ဆိုင်ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့မှာစတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဇူလိုင်လမှ Showroom ကို စတင်ဖွင့်လှစ်တာဆိုပေမယ့် မိုဘိုင်းဈေးကွက်ထဲကိုတော့ ရောက်နေတာ သုံးနှစ်လောက်ရှိနေပါပြီ။ ဆိုင်ခွဲတွေ ဖွင့်လှစ်ထားတာ ရှိပါတယ်။ ရန်ကုန်မှာဆိုရင်တော့ ယခုဖွင့်ထားတဲ့ ရန်ကုန်-အင်းစိန်လမ်းမကြီးမှာ တစ်ဆိုင်၊ လသာမှာတစ်ဆိုင်ရယ်ဆိုပြီး ဖွင့်လှစ်ထားပါတယ်။ နယ်မှာဆိုရင်တော့ မန္တလေးမှာတစ်ဆိုင်ဖွင့်လှစ်ထားပါတယ်။ အခြားဆိုင်ခွဲတွေ ဖွင့်လှစ်သွားဖို့တော့ အစီအစဉ်ရှိပါတယ်။ ရန်ကုန်မှာလည်း ဆိုင်ခွဲတွေထပ်ဖွင့်ဖို့စီစဉ်ထားပါသေးတယ်။ ရန်ကုန်မှာဖွင့်လှစ်ခဲ့မယ်ဆိုရင်တော့ လူစည်ကားရာနေရာတွေနဲ့ ဈေးကွက်ကျတဲ့နေရာတွေမှာ ဖွင့်လှစ်သွားပါမယ်။ နယ်ဆိုင်ခွဲတွေဖွင့်လှစ်ဖို့လည်း ရှိပါတယ်။ ဖွင့်ခဲ့မယ်ဆိုရင်တော့ နေပြည်တော်လိုနေရာအပြင် အခြားမြို့ကြီးတွေမှာ ဖွင့်လှစ်သွားပါမယ်။Kenbo တစ်မျိုးတည်းကိုပဲ အဓိကရောင်းပေးတာဖြစ်ပြီး လက်လီ၊ လက်ကားရရှိနိုင်ပါတယ်။ လက်လီဝယ်ယူသူတွေကိုလည်း လက်ဆောင်များ ပေးအပ်သလို၊ လက်ကားသမားတွေအတွက်လည်း Discount တွေ ချပေးတာမျိုးရှိပါတယ်။ ဒါ့အပြင်နယ်ဘက်တွေကိုလည်းရုံးချုပ်မှဝန်ထမ်းတွေက Marketing ဆင်းလေ့ရှိပါတယ်။

### Kenbo Mobile မှ ဝန်ဆောင်မှု

ဝန်ဆောင်မှုတွေအနေနဲ့ကတော့ ဟန်းဆက်ဝယ်ယူတဲ့ Customer တွေအားလုံးကို Software, Application တွေအပြင် Game နဲ့ သီချင်းတွေကိုလည်း လက်ဆောင်အဖြစ် အခမဲ့သွင်းပေးပါတယ်။ ဒါ့အပြင် အခြားသောလက်ဆောင်တွေဖြစ်တဲ့ထမင်းဘူး၊ လွယ်အိတ်တွေကိုလည်း လက်ဆောင်ပြန်ပေးပါတယ်။ Kenbo ဟန်းဆက်တိုင်းကို အာမခံ Warranty တစ်နှစ်ပေးထားပါတယ်။ တစ်နှစ်အာမခံက Service Warranty ဖြစ်ပြီး၊ တစ်လအတွင်းမှာ ချို့ယွင်းမှုဖြစ်ခဲ့တဲ့ ဟန်းဆက်တွေအနေနဲ့ ပြန်ပြင်လို့ မရတော့တဲ့အဆုံးမှာ နောက်ထပ်တစ်လုံးပြန်အစားထိုးလဲလှယ်ပေးပါတယ်။ ပြင်ဆင်ဆောင်ရွက်မှုကိုလည်း ဒီမှာတင်ပဲ ဆောင်ရွက်ပေးပါတယ်။ တစ်နှစ်အတွင်း ချို့ယွင်းမှုဖြစ်ခဲ့တယ်ဆိုရင်တော့ လက်ခအခမဲ့နဲ့ ဆောင်ရွက်ပေးပါတယ်။ ပစ္စည်းဖိုးကလည်း ကျသင့်သလောက်ပဲ တောင်းပါတယ်။ ဟန်းဆက်နဲ့ သက်ဆိုင်တဲ့ အပိုပစ္စည်းတွေအားလုံးက ဒီမှာပဲရနိုင်တာဆိုတော့ ဈေးသက်သက်သာသာနဲ့ဖြစ်အောင် ဆောင်ရွက်ပေးပါထားတယ်။

### Kenbo Mobile မှ စိတ်ချရတဲ့ အချက်

Kenbo Mobileမှာဝယ်ရင်အဓိကစိတ်ချရမယ့် အချက်ကတော့ Service, Warranty နဲ့ Software, Hardware ပိုင်းတွေအားလုံး စိတ်ချနိုင်ပါတယ်။ မြန်မာပြည်ကို တရားဝင်တင်သွင်းတာဖြစ်လို့ ယုံကြည်စိတ်ချစွာနဲ့ ဝယ်ယူနိုင်ပါတယ်။




မသက်ဖူးဇင်
ဆိုင်မန်နေဂျာ

### Kenbo Mobile မှ ရောင်းချပေးသော ဟန်းဆက်အမျိုးအစား

Kenbo brand တစ်မျိုးတည်းပဲ ဦးစားပေးရောင်းချပေးပါတယ်။ မော်ဒယ်အမျိုးအစားပေါင်း ၂၀ မျိုးလောက်တော့ ရှိပါတယ်။ လိုင်းခွဲအားကောင်းမွန်တဲ့ ဖုန်းတွေဖြစ်ပြီး၊ တန်ဖိုးအားဖြင့် အနိမ့်ဆုံး ၃၉၀၀၀ ကျပ်အထိရှိပြီး၊ အမြင့်ဆုံးကတော့ တစ်သိန်းကျော်အထိရှိပါတယ်။ Keypad တွေလည်း ရှိပါတယ်။ Touch တွေလည်း အမျိုးအစားစုံလင်စွာ ရှိပါတယ်။ ငွေဖြည့်ကတ်တွေတော့ ရောင်းပေးပါတယ်။ ဒါပေမယ့် အနည်းအကျဉ်းပဲ ရောင်းပေးပါတယ်။ Kenbo နဲ့ သက်ဆိုင်တဲ့ Accessories တွေလည်း ရောင်းပေးပါတယ်။

### Kenbo Mobile မှရောင်းအား အကောင်းဆုံးဖုန်းများ

Kenbo Mobile မှ ရောင်းအားအကောင်းဆုံးဖုန်းတွေဆိုရင်တော့ Kenbo HERO K1, KBWG 502, KBP 7800, KBU 1203, C 3, F 10, GW 500 နဲ့ Tablet တွေလည်း ရောင်းအားကောင်းပါတယ်။ ပိုပြီးရောင်းကောင်းနေတာကတော့ Hero K1 ပေါ့။ သူက နောက်ထပ်ထွက်ထားတဲ့ မော်ဒယ်အသစ်ဆိုတော့ လူကြိုက်များတာ တွေ့ရပါတယ်။

### Kenbo Mobile မှပေးချင်သော Message

Kenbo ဖုန်းတွေအားလုံးဟာဈေးနှုန်းချိုသာပြီး သုံးစွဲရတာလည်း အဆင်ပြေစေပါတယ်။ 3G စနစ်ကို အခြေပြုတည်ဆောက်ထားတာဖြစ်ပြီး၊ မြန်မာနိုင်ငံရဲ့ Network နဲ့လည်း ကိုက်ညီမှုရှိပါတယ်။ လိုင်းခွဲအားကောင်းမွန်တဲ့ဖုန်းဖြစ်ပြီး၊ အာမခံကိုလည်း အပြည့်အဝပေးထားပါတယ်။ဝန်ဆောင်မှုတွေကိုလည်း ကောင်းမွန်အောင်ဆောင်ရွက်ပေးနေပါတယ်။ ဝယ်ယူသည်ဖြစ်စေ၊ လေ့လာချင်လို့ပဲဖြစ်စေ ဝယ်ယူသုံးစွဲသူအားလုံးကို Kenbo mobile မှ ကြိုဆိုနေပါတယ်။ ဟန်းဆက်နဲ့ သက်ဆိုင်တဲ့ နည်းပညာအပိုင်းတွေကိုလည်း ဆိုင်မှ ဝန်ထမ်းအားလုံးက အစမှအဆုံး သိအောင်ရှင်းပြပေးပါတယ်။ လှမ်းလာခဲ့ကြပါ။ဆိုင်ရှိမန်နေဂျာနဲ့ ဝန်ထမ်းအားလုံးက နွေးထွေးပျူငှာစွာနဲ့ ကြိုဆိုနေပါတယ်။ ဝယ်ယူခဲ့ကြသော မိတ်ဟောင်းမိတ်သစ်အားလုံးကို Kenbo မိသားစုမှ အထူးပဲ ကျေးဇူးတင်ပါတယ်။

## ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ




### HERO 1

- Network - GSM/WCDMA (3G)
- Display - 5 inches
- Storage - 4GB
- OS - Android OS,v4.2.2
- Camera - 13 MP
- CPU - Quad Core 1.3GHz




### Kenbo KBGW- 5.2

- Network - GSM/WCDMA (3G)
- Display - 5 inches
- Memory - 4GB
- Camera - 8 MP
- CPU - Quad core 1.3GHz
- OS - Android OS,v4.2.2




### Kenbo KBP 7800

- Network - GSM/WCDMA (3G)
- Display - 7.85 inches
- Storage - 8GB
- Camera - 8MP
- CPU - Quad Core 1.3GHz
- OS - Android OS,v4.2.2




### Kenbo KBU-1203W

- Network - GSM/WCDMA (3G)
- Display - 4.7 inches
- Storage - 2GB
- Camera - 8 MP
- CPU - Quad Core 1.3GHz
- OS - Android OS,v4.1.2

ဇူလိုင်း ၁ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေးမှ 3G ဆင်းကတ်များကို တန်ဖိုး ၁၅၀၀ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စတင်ရောင်းချပေးခဲ့ပါတယ်။ ဆင်းကတ် ဝယ်ယူမယ့်သူများအနေဖြင့် တန်ဖိုးနည်းဆင်းကတ်များ စတင်ရောင်းချပေးချိန်တိုင်းမှာ ကြိတ်ကြိတ်တိုးဝယ်ယူ အားပေးခဲ့ကြပါတယ်။ ၂ သိန်းတန် ဆင်းကတ်များရောင်းချစဉ် တုန်းကလည်း တန်းစီစောင့်ဆိုင်းဝယ်ယူခဲ့ကြသလို ဈေးနှုန်းတန်ဖိုးကို ၁၅၀၀သို့ လျှော့ချပြီး၊ လစဉ် ဆင်းကတ် အရေအတွက် ၃သိန်းခွဲ ရောင်းချပေးတုန်းကလည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မနက်မိုးလင်း ကတည်းက စောင့်ဆိုင်း ဝယ်ယူခဲ့ကြပါတယ်။ ထိုကဲ့သို့ လူအများဆင်းကတ်ကို ဝယ်ယူလိုကြခြင်းကြောင့် အမှန်တကယ်ရောင်းဈေး ၁၅၀၀ထက် ပိုသောဈေးနှုန်းများဖြင့် ရောင်းချခြင်းများ ပြင်ပဈေးကွက်တွင် ဖြစ်ပေါ်ခဲ့ပါတယ်။ ပြင်ပပေါက်ဈေးဟာ ၁သိန်းဝန်းကျင်အထိတောင်ရှိခဲ့ပါတယ်။ ဒါကြောင့် ဆင်းကတ်များကို လူအများစု ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိသေးဘဲ နောက်ထပ်ရောင်းချပေးမယ့် ပြည်ပအော်ပရေတာ တွေရဲ့ ဆင်းကတ်များကို စောင့်ဆိုင်းခဲ့ကြပါတယ်။ ပြည်ပ အော်ပရေတာတစ်ခုမှ ဆင်းကတ်များကို စတင်ရောင်းချပေး တဲ့အခါမှာ တစ်ဦးတစ်ယောက်တည်းမှ ဆင်းကတ်များကို တစ်ကတ်ထက်ပို၍ ဝယ်ယူနိုင်ခြင်း၊ သတ်မှတ်ကာလအထိ အခမဲ့သုံးစွဲခွင့်များကို ဝန်ဆောင်မှု ပေးထားခြင်းတို့ကြောင့် ထိုဆင်းကတ်တွေကိုလည်း လူများစွာက တိုးဝှေ့ဝယ်ယူ ခဲ့ကြပါတယ်။ ဒါပေမယ့်နောက်ပိုင်းမှာ ဝန်ဆောင်မှု ကာလအတွင်း အချို့သော ဆင်းကတ်များ ဆက်သွယ်ရန် အခက်အခဲများဖြစ်ပေါ်ခြင်း၊ အခမဲ့ဝန်ဆောင်မှုပေးထားခြင်းများ သတ်မှတ်ကာလပြည့်သွားကာ Data ပမာဏဖြင့် ငွေကြေး ကောက်ခံခြင်းတို့ကြောင့် အချို့သောသူတွေ ထိုဆင်းကတ်ကို အသုံးမပြုကြတော့ပါဘူး။ နောက်ထပ်မျှော်လင့်ချက်အနေဖြင့် မြန်မာ့ဆက်သွယ်ရေးနှင့် အခြားအော်ပရေတာတစ်ခုရဲ့ ဆင်းကတ်များကို ဝယ်ယူဖို့ စောင့်ဆိုင်းကြပြန်ပါတယ်။ အခုအခါတွင် မြန်မာ့ဆက်သွယ်ရေးမှ ဆင်းကတ်များကို စတင်ရောင်းချပေးလိုက်တဲ့အခါမှာ လူများစွာက ဝယ်ယူလို ကြခြင်းကြောင့် ရောင်းချပေးသောဆိုင်တွေဟာ အချိန် သတ်မှတ်ခြင်းများဖြင့်သာ ရောင်းချပေးနိုင်ကြပါတယ်။ ဆင်းကတ်ရောင်းချတဲ့အခါမှာ ပြင်ပမှောင်ခိုဈေးကွက်ကလည်း အမြဲဖြစ်ပေါ်နေခြင်းကြောင့် အခုအခါတွင်လည်း ၁၅၀၀ တန် ဆင်းကတ်ဟာ အချို့နေရာများတွင် ၈၀၀၀ ကျပ်ဖြင့် အရောင်း အဝယ်ပြုလုပ်ကြပါတယ်။ သုံးစွဲမယ့်သူတွေ ဝယ်ယူဖို့ကျန်ရှိ နေသေးသော ဆင်းကတ်အမျိုးအစားကတော့ ပြည်ပ အော်ပရေတာတစ်ခုရဲ့ ဆင်းကတ်ပဲရှိပါတော့တယ်။ ထိုအော်ပရေတာကလည်း သူ့ရဲ့ဆင်းကတ်များကို ယခု ဇူလိုင်းမှာ ရောင်းချပေးမယ်လို့ ဆိုထားပါတယ်။ ငွေကြေး ၁၅၀၀ဟူသော ပိုက်ဆံဖြင့် ဆင်းကတ်များကို ဝယ်ယူနိုင်ခြင်း ကြောင့် အချို့တွေကတော့ ရောင်းချသမျှ ထွက်ပေါ်လာ သမျှသော ဆင်းကတ်များကို ဝယ်ယူ၍ စမ်းသပ်သုံးစွဲကြ ပါတယ်။ လူအချို့ကတော့ ဆင်းကတ်တစ်မျိုးစီအတွက် ဟန်းဆက်တစ်ခုစီကို အသုံးပြုကြပါတယ်။ ဟန်းဆက်များ အနေဖြင့်လည်း ဈေးကွက်ထဲတွင် အသစ်များ မကြာခဏ ထွက်ပေါ်နေကြပါတယ်။ အခုဆိုလျှင် ကမ္ဘာ့ဈေးကွက်၌ Samsung က သူ့ရဲ့နောက်ဆုံးပေါ်နည်းပညာပစ္စည်းသစ်များကို မိတ်ဆက် ပေးလိုက်ပြီဖြစ်ပါတယ်။ ထိုပစ္စည်းတွေဟာလည်း မကြာခင်မှာ ပြည်တွင်းဈေးကွက်ကို ရောက်ရှိလာပါတော့မယ်။ အခြားတံဆိပ်တစ်ခုဖြစ်သော HTC ထဲ၌ဆိုလျှင် ဖုန်းအသစ် အနေဖြင့် One E8 ရှိပါတယ်။ E8 ကို အရောင်သုံးမျိုးဖြင့် ထုတ်လုပ်ရောင်းချပေးထားတာဖြစ်ပြီး တောက်ပသော ထူးထူး ခြားခြားအရောင်ကို ကိုင်ဆောင်ချင်သူများအတွက်လည်း အနီရောင်ဖုန်းကို ရွေးချယ်ဝယ်ယူနိုင်ပါမယ်။

ထည့်သွင်းအသုံးပြုရမယ့် ဆင်းကတ်အမျိုးအစားကတော့ Nano Sim ဖြစ်ပါတယ်။ ထုတ်လုပ်ဖြန့်ချိရာဒေသနှင့် မော်ဒယ်နံပါတ် အလိုက် 4G Network အထိ အထောက်အပံ့ရရှိပါမယ်။ ဖုန်းရဲ့အရွယ်အစားကတော့ 146.4x 70.7x 9.9 mm ဖြစ်ကာ အလေးချိန်ကတော့ 145g ပါ။ Super LCD3 capacitive touchscreen ကို မျက်နှာပြင်အပြည့်အသုံးပြုပေးထားပါတယ်။ Screen size ကတော့ ၅လက်မဖြစ်ပါတယ်။ 1080x 1920 pixels ပမာဏဖြင့် ဖွဲ့စည်းထောက်ပံ့ပေးထားပြီး ၁ လက်မမှာ ရှိမယ့် pixel ပမာဏသိပ်သည်းဆကတော့ 441 ppi ပါ။ Multitouch စနစ်တွင် HTC Sense 6 UI ကို အသုံးပြုနိုင်ပါ မယ်။ ဖုန်းမျက်နှာပြင်အား ပွန်းပဲ့ထိခိုက်မှု အကြမ်းခံနိုင်စေ ဖို့အတွက်လည်း Gorilla Glass 3 တပ်ဆင်ပေးထားပါတယ်။ ကျယ်လောင်သည့် အသံစွမ်းရည်နှင့် HTC BoomSound လည်းပါရှိပါတယ်။ အဓိကကင်မရာက 13MP စွမ်းရည်ဖြစ်ပြီး အလှန်ကောင်းမွန်သော Selfie များကို ရိုက်ကူးနိုင်စေဖို့ အတွက်လည်း ရှေ့ကင်မရာကို 5MP စွမ်းရည်ဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဖုန်းကိုနားဆီသို့ လက်ဖြင့် မတင်ရဘဲနှင့်ပင် ပြန်လည်ပြောဆိုနိုင်မယ့် ဒီဖုန်းမှာ မြန်မာစာ စနစ်ပါရှိပြီး၊ အာမခံကာလကိုလည်း ၁လရရှိပါမယ်။ မှတ်ဉာဏ်ပမာဏအနေဖြင့် RAM ကို 2GB နှင့် internal storage ကို 16GB ထည့်သွင်းပေးထားပါတယ်။ 128GB အထိ အများဆုံးတိုးချဲ့နိုင်ပါမယ်။ CPU စွမ်းရည်ကတော့ Quad-core 2.5GHz ပါ။ Android OS, v4.4.2 ဖြင့် ဖုန်းကို အသုံးပြုရမှာ ဖြစ်ပြီး၊ အားသွင်းရမယ့် ဘက်ထရီကတော့ Li-Po 2600mAh ဖြစ်ပါတယ်။ 3G Network တွင် စကားပြောဆိုဖို့အတွက် ၂၆ နာရီကျော်နီးပါးခံနိုင်ရည်ရှိအောင် ထိုဘက်ထရီက စွမ်းဆောင်ပေးနိုင်ပါမယ်။




## HTC ONE E8

# BEHIN
# SCEN



MODEL : PYONE HAN THAR KO
PHOTO : PETER MINN SETT
MAKE UP : SOE SOE (DARLI)
ACCESSORIES : HTC MYANMAR

# GAME

## IOS






Review

ကျွန်တော်က ဂိမ်းမာစစ်စစ်တစ်ယောက်မဟုတ်ပေမယ့် ဟိုး မာရီယိုခေတ်ကနေ PS1, PS2, PS3 တွေ၊ PC တွေအထိတောက်လျှောက်ကစားခဲ့တဲ့သူပါ။ အခုအထိလည်း ဂိမ်းတွေကစားနေဆဲပါပဲ။ ဒါပေမယ့် အဲဒီလို ဂိမ်းတွေရာနဲ့ချီပြီးကစားခဲ့ပေမယ့် အခုအချိန်အထိစိတ်ထဲမှာ စွဲစွဲမြဲမြဲ သဘောကျမိတဲ့ ဂိမ်းဆိုလို့လက်ချိုးရေလို့ရပါတယ်။ Company of Heroes ပထမဦးဆုံးအပိုင်းတို့၊ Sid Meier's Pirates တို့၊ Modern Warfare 3 တို့အပြင် ဒီ BioShock ပထမပိုင်းဟာလည်းအကြိုက်ဆုံးဂိမ်းတွေထဲက တစ်ခုဖြစ်ပြီး တစ်ခါတလေ အားရင်အားသလို ပြန်ဆော့မိနေတဲ့ဂိမ်းမျိုးပါ။ BioShock တွေထဲမှာမှ ဒီပထမဦးဆုံးအပိုင်းကို အကြိုက်ဆုံးပါပဲ။ Big Daddy နေရာကကစားရတဲ့ Bio Shock 2 တို့၊ လေထဲကကိုလံဘီယာမြို့ကြီးထဲမှာ ကစားရတဲ့ BioShock Infinite တို့ထက်ကိုပိုကြိုက်တဲ့ဂိမ်းပါ။ အခုဆိုရင် ဒီမူရင်း BioShock ကိုပဲ iOS အတွက် ထွက်လာနေပါပြီ။ ဂရပ်ဖစ်အရည်အသွေးမှာ PC လောက်တော့ ဘယ်လိုမှမကောင်းနိုင်ဘူးဆိုပေမယ့် အခုလိုကိုယ့်ဖုန်းပေါ်မှာတင် ကစားနိုင်တာက စိတ်ကျေနပ်ဖို့အရမ်းကောင်းတဲ့ အချက်ပါပဲ။ ၇ နှစ်ကြာပြီးချိန်မှာ ပထမဦးဆုံးအကြိမ်အနေနဲ့ Rapture ကိုပြန်ရောက်သွားရတာ အရမ်းကို စိတ်လှုပ်ရှားရပါတယ်။ ရင်းနှီးပြီးသား မျက်နှာတွေကို ပြန်တွေ့ရတာကလည်း ပျော်စရာပါ။ ဇာတ်ကြောင်းမသိသေးသူတွေကိုပြန်ပြောပြရရင် ၁၉၄၀ ခုနှစ်တွေမှာ အတ္တလန္တိတ် သမုဒ္ဒရာအောက်မှာ တည်ဆောက်ထားတဲ့ မြို့ပျက်ကြီးထဲမှာ ထူးထူးဆန်းဆန်းရောဂါရနေတဲ့ ရန်သူတွေနဲ့ ကစားရမှာပါ။ iPad ပေါ်မှာ Headphone နဲ့ ကစားမယ်ဆိုရင် တကယ့်ကို သွေးပျက်ဖွယ်ခြောက်ခြားရမှုမျိုးကို ခံစားရဖို့ရှိပါတယ်။ PC မှာတုန်းက ခလုတ်တွေ အများကြီးနဲ့ ကစားခဲ့ရလို့လားတော့မသိဘူး။ အခု Touch မှာကစားရတာအနည်းငယ်အခက်အခဲရှိပါတယ်။ သေနတ်ပစ်ဖို့နဲ့ Plasmid တွေသုံးဖို့မှာ နည်းနည်းလေးအခက်အခဲရှိပါတယ်။ ဒါပေမယ့် icon အကြီးကြီးတွေက tap လုပ်ဖို့လွယ်တော့လွယ်ပါတယ်။ Jump button မပါတော့တာမို့ Rapture ထဲမှာသွားရတာအဆင်ပြေလာပေမယ့် Crouch Button ကိုမတော်တဆခဏခဏနှိပ်မိတတ်တာက ပြဿနာဖြစ်လာပါတယ်။ နောက်တစ်ခုက directional arrow သည်ကိုယ့်ရဲ့ next objective ကိုမပြဘဲ၊ တခြားနေရာတွေကို လျှောက်ပြနေတာကို မကြာမကြာကြုံနေရတာပါ။ နောက်တစ်ခုက First and item တွေကို သုံးရတာလည်းအရမ်းကိုခက်လာပါတယ်။ လက်ကိုလွှတ်ပြီးမှ အပေါ်ဘက်က health bar ကိုနှိပ်ရတာမို့ တော်တော်လေးကို ခက်တာပါ။ ဒါကြောင့် Big Daddies တွေကို အစောကြီးဝင်တိုက်ဖို့ မကြိုးစားမိပါစေနဲ့။ အရင်ကျွန်တော်တို့ ဖော်ပြနေကြဂိမ်းတွေနဲ့မတူတာက ဒီဂိမ်းဟာ အခမဲ့မဟုတ်ဘဲ၊ ပေါင် ၁၀. ၄၉ကျသင့်မယ့် ဂိမ်းဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီလိုအရည်အသွေးအပြည့်နဲ့ ဂိမ်းကိုကစားရမှာက iOS ပိုင်ရှင်တွေအဖို့ ကျေနပ်စရာတစ်ခုပါပဲ။

## Console Price

| | |
|---|---|
| PS3 Super Slim ODE + 250GB | - 480,000 |
| PS4-500GB | - 550,000 |
| Xbox360 Slim 4GB (RGH) | - 400,000 |
| Xbox360 Kinect Sensor | - 120,000 |
| PSP Go (Japan) | - 220,000 |
| PSP-3000 (Japan) | - 190,000 |
| PS Vita (US) | - 300,000 |
| Nintendo Wii (US) | - 280,000 |
| Nintendo Wii U (US) | - 420,000 |
| Nintendo 3DS XL(Original) | - 280,000 |
| Nintendo 3DS XL (Jailbreak) | - 300,000 |
| Nintendo 3DS Gateway Card | - 90,000 |
| PS3 System Version upgrade | - 10,000 |
| Xbox360 LT 3.0 upgrade | - 25,000 |
| Xbox360 RGH Jailbreak Service | - 100,000 |
| Wii modify | - 35,000 |
| Wii U Modify | - 40,000 |
| PS3 Original Controller | - 55,000 |
| Xbox 360 Original Controller | - 55,000 |
| Xbox 360 Original Wired Controller | - 35,000 |
| PC Game Discs | - 1,000 |
| PS3 Game install | - 25,00 |
| Xbox 360 game discs/install | - 25,00 |
| Wii Game Discs | - 2,000 |

***အဆိုပါ video game console နှင့် accessory တန်ဖိုးများကို Game Hive (ဖုန်းနံပါတ် 09 7311 8550, 09 541 7272) မှ ကူညီပါသည်။***

## Local Updates




ယခုအပတ်အတွင်း video game ဈေးကွက်အတွင်းသို့ PC ဂိမ်းသစ် အဖြစ် နာမည်ကျော် Simulation ဂိမ်းစီးရီးဖြစ်သော The Sims ၏ ဂိမ်းသစ် The Sims 4 ထွက်ရှိလာပြီး Offline စနစ်ဖြင့် ကစားနိုင်မည်ဖြစ်ကြောင်းသိရှိရပါတယ်။ The Sims 4 တွင်ကစားသူဟာ မိမိစိတ်ကြိုက် Sims လူသားဇာတ်ကောင်လေးများကို ဖန်တီးနိုင်မည်ဖြစ်ပြီး တစ်ယောက်ချင်းစီ၏ အတွင်းစိတ်များ ဝါသနာနှင့် အလုပ်အကိုင်များကိုပါ ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ PC အတွက် exclusive ဂိမ်းသစ်အဖြစ် Lichdom Battlemage ဆက်လက်ထွက်ရှိလာပြီး Skyrim နှင့် Dark Messiah ဂိမ်းများကဲ့သို့ First Person Viewpoint မှ ကစားရမှာဖြစ်ပြီး Magic Spell မျိုးစုံကို mana cost နှင့် Cooldown မရှိဘဲ First Person Shooter ဂိမ်းကဲ့သို့ဆက်တိုက်ပစ်ခတ်ကစားနိုင်မည့် Action RPG ဂိမ်းသစ်တစ်မျိုးဖြစ်ကြောင်းသိရှိရပါတယ်။

PS3 နှင့် Xbox 360 ဂိမ်းစက်များအတွက်လည်း EA Sports မှဖြန့်ချိသည့် American Football ဂိမ်းသစ် Madden 25 လည်းထွက်ရှိလာပြီး နောက်ဆုံးထွက် ကစားသမား updates များ game Mode အသစ်များပါဝင်လာပါတယ်။ အဆိုပါဂိမ်းသစ်များကို GAME HIVE ဖုန်းနံပါတ် ၀၉-၇၃၁၁ ၈၅၅၀ နှင့် ၀၉-၅၄၁၀၄၁၅၀၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရပါတယ်။

## Hot News

### ဂျပန်မှာ ရောင်းချနေပြီဖြစ်တဲ့ Xbox One

Xbox One ကိုအမေရိကန်နဲ့ ဥရောပတွေမှာ ဖြန့်ချိပြီးလို့ ကိုးလကြာချိန်မှာတော့ နောက်ထပ်အဓိကဒေသတစ်ခုဖြစ်တဲ့ ဂျပန်မှာ စတင်ရောင်းချနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် ဂိမ်း Console လောကရဲ့ အင်အားကြီးသုံးခုဖြစ်တဲ့ Wii U, PS4 နဲ့ Xbox One တို့အားလုံးကို ဂျပန်မှာရနိုင်နေပါပြီ။ Kinect ပါဝင်တဲ့ ယန်း ၄၉၉၈၀တန်ရော၊ Kinect မပါဝင်တဲ့ ယန်း ၃၉၉၈၀ တန်ရောကိုပါ ရောင်းချပေးမှာပါ။ "ဂျပန်မှာ ဂိမ်းဟာအင်မတန်ခေတ်စားပါတယ်။ ဒါကြောင့်လည်း ဒီဈေးကွက်ထဲကို Xbox One တွေတင်သွင်းရတာ စိတ်လှုပ်ရှားဖို့ကောင်းနေတာပါ။ အခုဆိုရင် Xbox One ပေါ်မှာ "Forza Motorsport 5 ", "Dead Rising 3" , " Ryse : Son of Rome", "Titanfall", "FIFA 14", "Sunset Overdrive", "Forza Horizon 2", " Halo: The Master Chief Collection" နဲ့ "Halo 5: Guardians" Multiplayer Beta တွေကို ဂျပန်ကပရိသတ်တွေ ကစားနိုင်တော့မှာဖြစ်ပါတယ်" လို့ Microsoft ရဲ့ပြောခွင့်ရပုဂ္ဂိုလ်က ပြောသွားခဲ့ပါတယ်။



# MG FEATURE

## SAMSUNG UNPACKED



တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီအနေနဲ့ ယခုရက်ပိုင်းအတွင်းမှာကျင်းပနေတဲ့ IFA 2014 ပွဲမှာ နည်းပညာသစ်တွေပါဝင်တဲ့ ထုတ်ကုန် ၄ မျိုးကို မိတ်ဆက်ပြသခဲ့ပါတယ်။ ဆမ်ဆောင်းကုမ္ပဏီအနေနဲ့ IFA ပွဲမတိုင်ခင် ၂ ရက်အလိုမှာ သီးသန့်အခမ်းအနားတစ်ခုဖြစ်တဲ့ ၂၀၁၄ Unpacked Episode 2 ကိုကျင်းပပြီး သူတို့ရဲ့ထုတ်ကုန်သစ်တွေကို ပရိသတ်အလယ်မှာ ပြသခဲ့ပါတယ်။ ခမ်းနားတဲ့ ဒီပွဲမှာနိုင်ငံတကာက တက်ရောက်လာတဲ့ မီဒီယာတွေနဲ့ နည်းပညာဆိုင်ရာ စိတ်ဝင်စားသူတွေဟာ ဆမ်ဆောင်းရဲ့ထုတ်ကုန်သစ်လေးမျိုးဖြစ်တဲ့ Galaxy Note 4, Note Edge, Gear VR နဲ့အတူ မျိုးဆက်သစ် စမတ်နာရီကို မြင်တွေ့စမ်းသပ်ခွင့်ရရှိခဲ့ပါတယ်။ ဒီပွဲမတိုင်ခင်ကတည်းက ကောလာဟလတွေ ထွက်ရှိခဲ့တဲ့အတိုင်းပဲ Galaxy Note 4 ကို မိတ်ဆက်ပြသခဲ့ပြီး အများထင်မှတ်မထားတဲ့ မျက်နှာပြင်နည်းပညာအသစ်နဲ့ Note Edge ကိုပါတစ်ပါတည်း ပြသခဲ့တဲ့အပြင် Virtual Reality နည်းပညာအသုံးပြု Galaxy Gear ကိုပါ ပြသခဲ့ပြီး ထုတ်ကုန်သစ်တွေအားလုံးဟာ အောက်တိုဘာလလောက်မှာ ဈေးကွက်ထဲကိုရောက်ရှိလာလိမ့်မယ်လို့ဆိုပါတယ်။ သူ့ရဲ့အဓိကပြိုင်ဘက် Apple ကုမ္ပဏီအနေနဲ့ ထုတ်ကုန်အသစ်တွေ မပြသမီ ရက်အနည်းငယ်အလိုမှာ ကြိုတင်ပြသခဲ့တယ်လို့ ဆိုနိုင်ပြီး ယခုနှစ်ပိုင်းအတွင်းမှာထုတ်ပြန်ခဲ့တဲ့ ကုမ္ပဏီရဲ့ ဈေးကွက်ထုတ်ပြန်ချက်အရ စမတ်ဖုန်းရောင်းရငွေဟာ ဈေးကွက်မှာ ၂၅ ရာခိုင်နှုန်းနီးပါးလျော့ကျသွားတာကိုလည်း ပြန်လည်တိုးမြှင့်ဖို့အတွက် ကုမ္ပဏီရဲ့ ဈေးကွက်ဗျူဟာအသစ်လည်းဖြစ်နိုင်ပါတယ်။

### Galaxy Note 4



ဆမ်ဆောင်းဟာသူတို့ရဲ့ တရားဝင်ပြောကြားချက်တွေအရပဲ Note 4 ကို မိတ်ဆက်ပြသခဲ့ပြီး ယခင်ထွက်ရှိခဲ့တဲ့ ဗားရှင်းထက်အနည်းငယ်ပိုတဲ့ ဒီဇိုင်းကိုရရှိခံစားနိုင်မှာဖြစ်ပြီး မျက်နှာပြင်အရွယ်အစားကတော့တူညီပါတယ်။ ဒါပေမယ့် မျက်နှာပြင်ကြည့်ရှုခံစားတဲ့အခါမှာ QHD Super AMOLED (2560×1440) ကိုရရှိခံစားနိုင်မှာဖြစ်တာကြောင့် မြင်တွေ့ရတဲ့ အရည်အသွေးတော့ လုံးဝကွာခြားသွားပါလိမ့်မယ်။ အလင်းရောင်တိုက်ရိုက်ဝင်ရောက်မှုတွေ၊ အမှောင်များတဲ့အချိန်မှာ အသုံးပြုရတာတွေအတွက်ကို အဆင်ပြေသွားစေပါလိမ့်မယ်။ ကင်မရာကတော့ အနည်းငယ်ပိုမိုများသွားပြီး ယခင်ထွက်ရှိတုန်းက 13MP ကနေ Note 4 မှာတော့ 16MP အရည်အသွေးပေးစွမ်းကာ ပုံရိပ်တွေပေါ်မှာရှိတဲ့ အလင်းရောင်မမှန်တာတွေ၊ အခြား ဖြစ်ချက်တွေကို ၆၀ ရာခိုင်နှုန်းနီးပါးပိုမိုကောင်းမွန်သွားပါလိမ့်မယ်။ လျှပ်တစ်ပြက်ပုံရိပ်တွေကို အမိအရ ဖမ်းယူနိုင်မှာဖြစ်ပါတယ်။ ကင်မရာရဲ့လုပ်ဆောင်ချက်တွေအနေနဲ့ dual shoot, HD video တွေကို အကောင်းဆုံး ဖမ်းယူနိုင်မှာဖြစ်ပြီး HDR, Panorama လုပ်ဆောင်ချက်တွေကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဗီဒီယိုရိုက်ကူးတဲ့အခါမှာတော့ 2160p အရည်အသွေးကို 30fps နှုန်းနဲ့ ရိုက်ကူးနိုင်မှာဖြစ်ပြီး 1080p အရည်အသွေးကိုတော့ 60fps နှုန်းနဲ့ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက်ကင်မရာငယ်ကိုတော့ လက်ရှိထွက်ပေါ်နေတဲ့ စမတ်ဖုန်းတွေမှာ ပါဝင်သလိုမျိုး 5MP မပေးထားဘဲ 3.7MP အရည်အသွေးသာ တပ်ဆင်ပေးထားပါတယ်။ Snap Dragon 805 Processor နဲ့အတူ CPU ဟာ 2.7GHz quad-core ဖြစ်တာကြောင့် HD video နဲ့ ဂိမ်းတွေကို လျင်မြန်သွက်လက်စွာဆော့ကစားနိုင်ပါလိမ့်မယ်။ ဒါ့အပြင် RAM ကလည်း 3GB ဖြစ်ပြီး တစ်ပါတည်းပါဝင်လာတဲ့ သုံးစွဲမှုဟာ 32GB ပေးစွမ်းထားပါတယ်။ OS ကတော့ Android ရဲ့ နောက်ဆုံးထွက် ဗားရှင်းဖြစ်တဲ့ 4.4 ဖြစ်ပြီး Note 4 ဟာ သူ့ယခင်ထွက်ရှိခဲ့တဲ့ Note တွေထက် အသွင်အပြင်က ပိုမိုလှပတာကိုမြင်တွေ့ရမှာပါ။ ဒါ့အပြင် သူ့ရဲ့နောက်ကျောဘက်မှာ Heartrate monitor ကိုတစ်ပါတည်းထည့်သွင်းပေးထားပြီး အဓိကပြင်ဆင်လိုက်တဲ့အပိုင်းကတော့ S-Pen အသုံးပြုမှုပါပဲ။ ပိုမိုအသုံးဝင်တဲ့ လုပ်ဆောင်ချက်တွေနဲ့အတူပေါ့ပါးတဲ့လုပ်ဆောင်ချက်တွေကြောင့် S-Pen ကိုသုံးစွဲတဲ့အခါမှာ ပိုမိုကောင်းမွန်နေစေပါလိမ့်မယ်။ ကုမ္ပဏီရဲ့ ပြောကြားချက်တွေအရတော့ အောက်တိုဘာလလောက်မှာရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းကိုတော့ တိကျစွာပြောဆိုထားခြင်းမရှိသေးပါဘူး။

### Gear VR

ခန့်မှန်းတွက်ချက်မှုတွေအရပဲ Virtual Reality နည်းပညာအသုံးပြု Gear VR ဟာ သုံးစွဲသူတွေလက်ထဲကိုရောက်ရှိလာပါတော့မယ်။ ဆမ်ဆောင်းဘက်ကနေ VR ထုတ်မယ်ဆိုတဲ့အချိန်တုန်းက ကောလာဟလအနေနဲ့သာ သတ်မှတ်ထားကြပေမယ့် ပွဲမှာမျက်မြင်တွေ့ကြုံလိုက်ရတဲ့အချိန်မှာတော့ Gear ရဲ့လုပ်ဆောင်ချက်တွေကိုရင်သပ်ရှုမောဖြစ်ကြရပါတယ်။ သုံးစွဲသူအနေနဲ့ ထူးခြားတဲ့ မြင်ကွင်းအတွေ့အကြုံကို ရရှိနိုင်မှာဖြစ်ပြီး သီးသန့် ကမ္ဘာတစ်ခုထဲကိုရောက်ရှိသွားသလို ခံစားရမှာဖြစ်ပါတယ်။ မျက်နှာမှာ လွယ်လင့်တကူတပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပြီး။ ရုပ်ရှင်ကြည့်တဲ့ အတွေ့အကြုံတွေသာမကဘဲ ဂိမ်းကစားတဲ့အခါမှာလည်း အကောင်းဆုံးမြင်ကွင်းကိုရရှိနိုင်ပါလိမ့်မယ်။ တစ်ပါတည်းပါဝင်တဲ့ မှန်ဘီလူးဟာ မြင်ကွင်းတွေကို ၉၆ ဒီဂရီအထိ ကြည့်နိုင်မှာဖြစ်ပြီး Galaxy Note 4 နဲ့ ချိတ်ဆက်သုံးစွဲဖို့အတွက်က Micro USB 1.1 ချိတ်ဆက်မှုလိုအပ်ပါလိမ့်မယ်။ Sensor 4 မျိုးပါဝင်ပြီး Accelerator, Gyrometer နဲ့ Magneitic, Proximity တွေကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ Virtual reality နည်းပညာကို အပြည့်အဝအသုံးချနိုင်မှာဖြစ်တာကြောင့် Note 4 နဲ့တွဲဖက်ပြီး အသံထွက်အရည်အသွေးကောင်းကောင်းနဲ့ 3D မြင်ကွင်းတွေကိုမြင်တွေ့နိုင်စေဖို့အတွက် မကြာတော့မယ့်အချိန်မှာ ထွက်ရှိလာမှာ ဖြစ်ပါတယ်။

### Note Edge

Note Edge လို့သာဆိုပေမယ့် သူ့ရဲ့အစိတ်အပိုင်းတွေက ယခင်ထွက်ရှိခဲ့တဲ့ Note Family တွေနဲ့ လုပ်ဆောင်ချက်တွေ တူညီနေမှာဖြစ်ပြီး S-Pen အသုံးပြုမှုလည်း ပါဝင်နေပါတယ်။ အဓိကသူ့ကိုပြောင်းလဲသွားစေမယ့် အချက်လို့ပြောနိုင်မှာက 2K ဖော်ပြနိုင်စွမ်းရှိမယ့် Screen အကွေးဒီဇိုင်းပဲဖြစ်ပါတယ်။ ပင်မ Screen ကို ပိတ်ထားချိန်မှာ ထပ်မံပါဝင်လာတဲ့ နောက်ထပ် Screen တစ်ခုကလည်း ဖုန်းခေါ်ဆိုတာ Message ကြည့်တာတွေကိုပြုလုပ်နိုင်မှာဖြစ်ပါတယ်။ OLED နည်းပညာကို အကောင်းဆုံးအသုံးချလာနိုင်ပြီဖြစ်တဲ့ ဆမ်ဆောင်းအနေနဲ့ နောက်ထပ်မျက်နှာပြင်တစ်ခုကိုပါ ထပ်မံပေါင်းထည့်လာနိုင်ခဲ့တာပါ။ မီဒီယာထိန်းချုပ်မှုတွေ Application Update တွေနဲ့ လူမှုကွန်ရက်တွေအတွက် ညာဘက်မှာရှိတဲ့ မျက်နှာပြင်လေးကနေ ဖော်ပြပေးနေမှာပဲဖြစ်ပါတယ်။ Gorilla Glass 3 ဖုံးအုပ်ပေးထားပြီး 5.6" မျက်နှာပြင်နဲ့အတူ Curve Edge Screen ကိုတော့ 0.1" ပေးထားပါတယ်။ ဒါကြောင့်အားလုံးပေါင်းလိုက်မယ်ဆိုရင် မျက်နှာပြင်က 5.7" လို့သတ်မှတ်ရပါလိမ့်မယ်။ ပုံရိပ်တွေကို ကြည်လင်ပြတ်သားစွာမြင်တွေ့ရနိုင်စေဖို့အတွက်ကတော့ မြင့်မားတဲ့ ppi ဖြစ်ပြီး 524ppi ဟာ လက်ရှိဖုန်းတွေထဲမှာ အမြင့်မားဆုံးလို့တောင်ဆိုနိုင်ပါတယ်။ ဒါ့အပြင် S-Pen အသုံးချမှု Finger Print Sensor တို့ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ 2.5GHz quad-core CPU နဲ့အတူ Snap-Dragon 805 Processor ထည့်သွင်းတပ်ဆင်ထားပါတယ်။ Sensor ထောက်ပံ့မှုများစွာပါဝင်ပြီး ဖုန်းရဲ့နောက်ကျောဘက်မှာပါဝင်တဲ့ Heartrate Sensor ကတော့ Note သုံးသူတွေအတွက်အသုံးဝင်စေပါလိမ့်မယ်။ 3GB RAM ထောက်ပံ့မှုနဲ့အတူ 32GB အချက်အလက်သိုလှောင်မှုကိုရရှိနိုင်မှာဖြစ်ပါတယ်။ ကင်မရာက 16MP ဖြစ်ပြီး HD Video နဲ့ ပုံရိပ်တွေကို တစ်ပြိုင်နက်တည်းဖမ်းယူ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ 2160p အရည်အသွေးထိ ဗီဒီယိုရိုက်ကူးနိုင်မှာဖြစ်တာကြောင့် သင့်အတွက် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို ရရှိနေစေပါလိမ့်မယ်။ တီဗီနဲ့ချိတ်ဆက်ကြည့်ရှုဖို့အတွက် MHL A/V Link ကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းလိုသူတွေအတွက် SD Card ကနေ 64GB အထိတိုးမြှင့်နိုင်မှာဖြစ်ပြီး DropBox 50GB store အခမဲ့ပေးစွမ်းထားပါတယ်။ ဘက်ထရီကိုတော့ 3000mAh စွမ်းအားပေးစွမ်းထားပြီး 3G ကွန်ရက်မှာ အချိန်ကြာကြာပြောဆိုနိုင်မှာဖြစ်ပါတယ်။

### Gear S

ဆမ်ဆောင်းအနေနဲ့ စမတ်ဖုန်းတွေ၊ Note တွေနဲ့ တွဲဖက်သုံးစွဲနေရတဲ့ စမတ်နာရီအဖြစ်ကနေ IFA ပွဲမှာတော့ သူတို့ရဲ့ နောက်ထပ်နည်းပညာမိတ်ဖက်အသစ် Fleksy နဲ့ ပေါင်းဖက်ပြီးတော့ 3G အသုံးပြုနိုင်မယ့် Gear S ကိုမိတ်ဆက်ပြသခဲ့ပါတယ်။ Android ဖုန်းတွေပေါ်မှာအသုံးများတဲ့ Fleksy ရဲ့ ကီးဘုတ်နဲ့ပေါင်းဖက်ပြီးတော့ Gear S နာရီတွေကိုအကောင်းဆုံးအသုံးချနိုင်ပါလိမ့်မယ်။ ဒီမျိုးဆက်သစ် စမတ်နာရီက ဆမ်ဆောင်းအနေနဲ့ ကြည့်မယ်ဆိုရင် ပဉ္စမမြောက်မျိုးဆက်လို့သတ်မှတ်ရပါလိမ့်မယ် ရေစိုဒဏ်ခံနိုင်ရည်စွမ်းနဲ့အတူ အခြားထိခိုက်ကာကွယ်နိုင်မှုစွမ်းအားတွေ ပါဝင်ပြီး မျက်နှာပြင်ထောင့်ဖြတ်အကျယ် ၂ လက်မရှိပါတယ်။ စမတ်နာရီတွေအတွက်ထုတ်လုပ်ထားတဲ့ Tizen OS ကိုသုံးစွဲနိုင်မှာဖြစ်ပြီး CPU ကိုတော့ dual-core သာထည့်သွင်းတပ်ဆင်ထားပါတယ်။ Sim-Card ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်တဲ့ Gear S ဟာ သင့်အတွက် Message အဝင်အထွက်တွေကိုပါ အကောင်းဆုံး စစ်ကြည့်နိုင်ပါလိမ့်မယ်။ စမတ်နာရီတွေရဲ့ထုံးစံအတိုင်း Sensor ပိုင်းကိုဦးစားပေးထားပြီး Heartrate Barometer နဲ့ UV Light တို့က အသုံးချမှုအပိုင်းမှာပိုမိုအဆင်ပြေစေမှာဖြစ်ပါတယ်။ 3G ကွန်ရက်မှာအကောင်းဆုံးအသုံးချနိုင်မှာဖြစ်ပြီး 300mAh ဘက်ထရီစွမ်းအားကို ပေးစွမ်းထားပါတယ်။ အရောင်းဆိုင်တွေနဲ့ သုံးစွဲသူတွေဆီရောက်ရှိဖို့ကတော့ အောက်တိုဘာလကုန်ပိုင်းလောက်မှာဖြစ်နိုင်ပါတယ်။ ကျန်းမာရေးဆိုင်ရာလုပ်ဆောင်ချက်တွေ အနေနဲ့ကတော့ S-health နှင့် Nike တို့ပူးပေါင်းဆောင်ရွက်ထားတဲ့ Nike + Running ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။

# MG FEATURE
## BEST GADGETS

ဥရောပရဲ့အကြီးဆုံးနည်းပညာပြပွဲကြီးကတော့ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပါတယ်။ နည်းပညာလောကက လူတွေအတွက်တော့ IFA ပွဲဟာ ထုတ်ကုန်အသစ်တွေကို မြင်တွေ့ရဆုံးပွဲလို့သတ်မှတ်ကြပါတယ်။ စက်တင်ဘာ ၁၀ ရက်နေ့မှာမှ ပြီးမယ့်ဒီပွဲမှာ ပြပွဲကြီး မပြီးဆုံးမီအချိန်ကတည်းက အကောင်းဆုံးနည်းပညာပစ္စည်းထုတ်ကုန်တွေကို မြင်တွေ့ခဲ့ရပါပြီ။ နယ်ပယ်ပေါင်းစုံမှာရှိတဲ့ နည်းပညာရှင်တွေ တက်ရောက်ခဲ့ကြသလိုမျိုး စမတ်ဖုန်းကုမ္ပဏီတွေ Consumer Product ထုတ်လုပ်သူတွေအနေနဲ့ နှစ်ကုန်ပိုင်း ဒါမှမဟုတ် နောက်နှစ် အစပိုင်းဈေးကွက်ထဲကိုဖြန့်ချိတော့မယ့်ထုတ်ကုန်တွေကို IFA ပွဲမှာပြသလျက်ရှိတာကြောင့် အနာဂတ်ရဲ့ နည်းပညာတွေကို မြင်တွေ့ရဆုံး ဆိုရင် ပိုမှန်ပါလိမ့်မယ်။ အခုဒီနည်းပညာပြပွဲမှာ ဆန်းသစ်မှုအရှိဆုံးနဲ့ အကောင်းဆုံးလို့သတ်မှတ်ထားတဲ့ ထုတ်ကုန် ၅ မျိုးကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။




### Moto 360

October လထဲမှာ ယူရို ၂၀၀ နဲ့ရောင်းချမယ့် ဒီစမတ်နာရီလေးဟာ Strainless Steel ကိုယ်ထည်နဲ့ Leather ကြိုးကိုပေါင်းစပ်ဖန်တီးပေးထားတာဖြစ်ပြီး စက်ဝိုင်းပုံ သဏ္ဍာန်ကြောင့် ဒီဇိုင်းဆန်းဆန်းလေးမြင်တွေ့ရမှာပါ။ တကယ်တော့ Motorola ဟာ ဒီစမတ်နာရီတွေကို Google I/O ပွဲမှာ အကြိုမိတ်ဆက်ပြသခဲ့ပြီး Android Wear ဆော့ဖ်ဝဲလ်ကို သုံးစွဲထားတာဖြစ်ပါတယ်။ မျက်နှာပြင်ကိုတော့ Gorilla Glass 3 နဲ့ဖုံးအုပ်ပေးထားပြီး LG , Samsung တို့ကိုယှဉ်ပြိုင်နိုင်မယ့် အရည်အသွေးတွေသူ့မှာပါဝင်နေပါတယ်။ 4GB အချက်အလက်သိုမှီးနိုင်စွမ်းရှိပြီး LCD Backlit Screen ကို သုံးစွဲထားမှာဖြစ်ပါတယ်။ Android အသုံးပြု Device တွေနဲ့ အဆင်ပြေပြေဖြစ် နေမှာဖြစ်ပြီး သူ့ရဲ့ ဒီဇိုင်းပုံစံက ကြည့်နေတာနဲ့တင်ဆွဲဆောင်မှုရှိနေပါတယ်။ ဘက်ထရီ သက်တမ်းကလည်း တစ်ရက်တာလုံးခံနိုင်ရည်စွမ်းရှိမှာဖြစ်ပြီး Dock နဲ့ အားသွင်းရမှာပါ။



### Moto Hint

ယခုပွဲမှာမှ မိတ်ဆက်ပြသခဲ့တဲ့ Earbud လေးဖြစ်ပြီး ကုမ္ပဏီအနေနဲ့ Bluetooth Handset လို့သတ်မှတ်မထားပါဘူး။ Wireless နည်းလမ်းကိုအသုံးပြုပြီး ချိတ်ဆက်မှုတွေပြုလုပ်နိုင်တဲ့အတွက်ကြောင့် Motorola ရဲ့ ဒီဇိုင်နာချုပ်က သူ့ကို Earable လို့ခေါ်ပါတယ်။ သူ့ရဲ့ပုံစံဒီဇိုင်းဟာနားထဲမှာမြုပ်နေမယ့်ပုံစံဒီဇိုင်းမျိုးဖြစ်ပြီး Voice Search ကိုလည်းပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒေါ်လာ ၁၅၀ နဲ့ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပြီးသူ့ရဲ့ Case လေးကလည်း ချစ်စရာကောင်းလှပါတယ်။ Talk time ပြောဆိုမှုတွေအတွက် ၃ နာရီကျော်ကြာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ သေးငယ်တဲ့ သူ့ရဲ့ပုံစံလေးကြောင့်နားထဲမှာ ထည့်သွင်းလိုက်တာနဲ့ ကျပ်နေသလိုမျိုးမခံစားရဘဲသင့်နားစည်ရဲ့ ကျယ်လောင်သံတွေကို ထိခိုက်နိုင်စွမ်းကိုလည်းကာကွယ်ပေးပါတယ်။ Google Now ကိုအသုံးပြုပြီး သင့်ဖုန်းကနေ တဆင့်ရှာဖွေတာမျိုးတွေနဲ့အတူ Bluetooth ဟန်းဆက်တွေမှာ ပြုလုပ်နိုင်တာတွေကို Moto Hint ကစွမ်းဆောင်ပေးမှာဖြစ်ပါတယ်။



### ASUS ZenWatch

ASUS ကုမ္ပဏီရဲ့ စမတ်နာရီလေးဖြစ်ပြီး ပုံမှန်နာရီတွေအတိုင်း အချိန်ဖော်ပြမှု လက်တံတွေကို မြင်တွေ့ရမှာဖြစ်ပြီး စမတ်ကျတဲ့ တီထွင်ဆန်းသစ်မှုတွေကို ထပ်မံ ပေါင်းထည့်ထားတာပဲဖြစ်ပါတယ်။ AMOLED Display နဲ့အတူ Gorilla Glass 3 ဖုံးအုပ်ပေးထားပြီး OS ကိုတော့ Android Wear ကို ထည့်သွင်းပေးထားပါတယ်။ 1.63 လက်မမှာ 278ppi ဖော်ပြနိုင်စွမ်းနဲ့အတူ အကွေးပုံစံဒီဇိုင်းလေးနဲ့ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ရေစိုဒဏ်ခံနိုင်စွမ်းအတွက် IP 55 ကိုသုံးစွဲပေးထားပြီးကိုယ်ထည်၏အလေးချိန်က ၅၀ ဂရမ် ရှိပြီးလက်ပတ်ကြိုးကတော့ ၂၅ ဂရမ်ရှိမှာဖြစ်ပါတယ်။ 1.2 GHz Snap Dragon Processor ကိုသုံးစွဲပေးထားပြီး 512MB RAM အထောက်အပံ့ပါဝင်မှာဖြစ်ပါတယ်။ အချက်အလက်တွေ သိုလှောင်သိမ်းဆည်းနိုင်ဖို့အတွက် 4GB ဖြစ်ပြီး ASUS ရဲ့ Wellness App ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ သင့်ဖုန်းပျောက်သွားတဲ့ အချိန်မှာပြန်လည်ရှာဖွေတာမျိုးတွေကိုပါပြုလုပ်နိုင်မှာဖြစ်ပြီး အသံပိုင်းဆိုင်ရာ အတွက် တော့ Microphone တစ်ခုပါဝင်မှာဖြစ်ပါတယ်။ ဖုန်းနှင့်ချိတ်ဆက်သုံးစွဲနိုင်စေဖို့အတွက်ကတော့ Bluetooth 4.0 စနစ်က လျင်လျင်မြန်မြန် ချိတ်ဆက်ပေးမှာဖြစ်ပါတယ်။ ZenWatch ဟာ သုံးစွဲသူတွေအတွက်စတိုင် ကျရုံသာမကဘဲအချိန် အတန်ကြာသုံးစွဲနိုင်စေဖို့အတွက် Polymer 1.4 Wh ဘက်ထရီတပ်ဆင်ပေးထားမှာဖြစ်ပါတယ်။

### Sony Xperia Z3

Sony ရဲ့နောက်ဆုံးထွက်လာတဲ့ Z3 ဖုန်းဟာ ဖျော်ဖြေရေးပိုင်းအတွက် အဓိကထားလာခဲ့ပြီး ကင်မရာဟာ 4K ဗီဒီယိုတွေကို ရိုက်ကူးဖမ်းယူနိုင်စွမ်းရှိလာပါပြီ။ ဆိုနီရဲ့ ယခင်ထွက်ရှိခဲ့တဲ့ Z Series ဖုန်းတွေအတိုင်းပဲပုံစံနဲ့အသွင်အပြင်ဟာတူညီပါတယ်။ 5.2" ရှိတဲ့မျက်နှာပြင်ဟာ HD မြင်ကွင်းဖော်ပြမှုတွေကို ကြည်လင်ပြတ်သားစွာမြင်တွေ့နိုင်မှာဖြစ်ပြီး X-reality အင်ဂျင်နဲ့ Triluminos Display ပေါင်းစပ်မှုကြောင့်ပုံရိပ်တွေက သာမန်ထက်ပိုပြတ်သားနေပါလိမ့်မယ်။ မျက်နှာပြင်ကာကွယ်နိုင်စွမ်းအတွက် Shutter Proof Glass ကိုသုံးစွဲထားပါတယ်။ OS ပိုင်းအတွက်တော့ 4.4 ကိုသုံးစွဲနိုင်မှာဖြစ်ပြီး HD ဂိမ်းတွေ ဗီဒီယိုတွေကိုအကောင်းဆုံးကြည့်ရှုနိုင်ဖို့အတွက် 2.5GHz quad-core CPU ကိုသုံးစွဲထားပါတယ်။ Snap-Dragon 801 Processor ကို Adreno 330GPU နဲ့ပေါင်းစပ်လိုက်တဲ့အခါမှာရုပ်ထွက်ကောင်းကောင်းနဲ့ HD Game တွေကိုအထစ်အငေါ့မရှိဘဲကြည့်ရှုနိုင်မှာပါ။ အချက်အလက်သိုလှောင်နိုင်စွမ်းအတွက် 16GB ဖြစ်ပြီး 128GB အထိတိုးမြှင့်နိုင်စွမ်းရှိကာ 3GB RAM အ ထောက်အပံ့ပါဝင်မှာဖြစ်ပါတယ်။ ကင်မရာဟာ 20.7 MP ဖြစ်တာကြောင့် 2160p အရည်အသွေးရှိဗီဒီယိုဖိုင်တွေကိုရိုက်ကူးနိုင်မှာဖြစ်ပြီး ရှေ့ဘက်ကင်မရာငယ်တောင်မှ 2.2MP ပါဝင်ပါတယ်။




### HTC Desire 820

Qualcomm ရဲ့ 64bit Processor ကိုသုံးထားတဲ့ Android ဖုန်းဖြစ်ပြီး ဖုန်းရဲ့အရည်အသွေးဒီဇိုင်းကတော့ အလယ်အလတ်အဆင့်မှာရှိပါတယ်။ ဘာကြောင့်လဲဆိုရင် လတ်တလောထွက်ထားတဲ့ HTC ဖုန်းတွေမှာပါဝင်တဲ့လုပ်ဆောင်ချက်တွေကို သုံးစွဲနိုင်မှာဖြစ်ပြီး မျက်နှာပြင်ကတော့ 5.5" ထောင့်ဖြတ်အကျယ်ရှိမှာဖြစ်ပါတယ်။ OS ကတော့ 4.4.2 Kitkat ပဲဖြစ်နေဦးမှာပါ။ အရှေ့ဘက်ကင်မရာငယ်ကိုတောင် 8MP ပေးထားပြီး Selfie နဲ့ Video တွေကိုကောင်းကောင်းရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ အဓိကကင်မရာကတော့ 13MP ဖြစ်ပြီး HD Video ရုပ်ထွက်တွေ ရရှိနိုင်မှာဖြစ်ကာ ပုံရိပ်တွေရိုက်ကူးမယ်ဆိုရင်တော့ 4160×3120p နှုန်းနဲ့ရရှိနိုင်မှာဖြစ်ပါတယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်ဖို့အတွက် 16GB ဖြစ်ပြီး 2GB RAM ပါဝင်ကာ 128GB အထိထပ်မံတိုးမြှင့်နိုင်မှာဖြစ်ပါတယ်။ အရောင်အမျိုးအပြား ရွေးချယ်ဝယ်ယူ နိုင်မှာဖြစ်ပြီး၊ HTC ရဲ့ Sense UI 6 ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီက 3G Network မှာ ၂၂ နာရီနီးပါးပြောဆိုမှုရရှိနိုင်မယ့် Li-Po 2600mAh ကိုထည့်သွင်းပေးထားပါတယ်။



# MOBILE USER GUIDE

သင့်မှာစမတ်ဖုန်း(သို့) Tablet တစ်ခုခုရှိနေနိုင်သလို၊ပစ္စည်း (၂) မျိုးလည်းရှိနေနိုင်ပါတယ်။ ဒါဆိုသင့်မှာရှိနေတဲ့ Tablet နဲ့စမတ်ဖုန်းတွေပေါ်မှာ အကောင်းဆုံးအသုံးချနိုင်တဲ့ application လေးတွေရှိနေတယ်ဆိုတာသိပါသလား။ PlayStore ပေါ်မှာ စိတ်ဝင်စားဖွယ်ရာကောင်းပြီးပြည့်ဝတဲ့လုပ်ဆောင်ချက်တွေနဲ့ App တွေရှိပါတယ်။ သူတို့တွေဟာအခမဲ့အဆင့်ထက်ပိုလွန်ပြီး ဝန်ဆောင်မှုတွေအပြောက်အမြားပေးအပ်ကာ သုံးစွဲသူတွေကို ဆွဲဆောင်ထားပါတယ်။ App တစ်ခု ချင်းစီဟာပြုလုပ်ရမယ့်လုပ်ဆောင်ချက်တွေမတူညီပေမယ့်လည်းအသုံးဝင်မှုကတော့လုံးဝပြည့်စုံပါတယ်။ ဒါတွေကို Google Play Store ပေါ်မှာအခမဲ့ရရှိနိုင်ပါလိမ့်မယ် . .

## Battery Doctor

စမတ်ဖုန်းသုံးစွဲသူတွေအတွက် အမှန်တကယ်လိုအပ်တဲ့app တစ်ခုရှိဖို့လိုအပ်ပါလိမ့်မယ်။ Android စမတ်ဖုန်းပေါ်မှာ install ပြုလုပ်ပြီးအသုံးပြုတဲ့သူ သန်း၁၅၀ကျော်ရှိပါတယ်။ Battery doctor ဟာသင့်စမတ်ဖုန်းအတွက်ဘက်ထရီစွမ်းအားကို အလေအလွင့်မဖြစ်အောင်ထိန်းသိမ်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သူ့ကိုအသုံးပြုပြီးလိုအပ်တဲ့app တွေကို disable ပြုလုပ်ထားခြင်းအားဖြင့် ဘက်ထရီစွမ်းအားလျင်မြန်စွာကုန်ခန်းသွားတာမျိုးဖြစ်စေတော့မှာမဟုတ်ပါဘူး။ CPU ကို Manage လုပ်ချင်တယ်ဆိုရင်တော့ စမတ်ဖုန်းကို root ပြုလုပ်ထားမှသာအဆင်ပြေစေမှာပါ။ ဒ့ါအပြင်ဘက်ထရီအားသွင်းနေတဲ့အချိန်မှာ ဘယ်လောက်အချိန်အတွင်း အားပြန်လည်ပြည့်မယ်ဆိုတာကစလို့အသုံးပြုနိုင်တဲ့ကြာချိန်ကိုပါ ဖော်ပြပေးမှာဖြစ်ပါတယ်။ စမတ်ဖုန်းကိုအခုမှကိုင်တွယ်သုံးစွဲသူတွေအတွက်တော့ နည်းလမ်းကောင်းတစ်ခုဖြစ်ပြီး မိမိဖုန်းထဲမှာထည့်သွင်းထားတဲ့ ဘယ် application ကဘက်ထရီရဲ့စွမ်းအားကိုဘယ်လောက်ရယူသုံးစွဲနေတယ်ကအစအသေးစိတ်သိရှိနိုင်မှာပါ။ ဘက်ထရီ စွမ်းအားချွေတာတဲ့နောက်ထပ်တစ်နည်းအနေနဲ့ကတော့ ဘယ်အချိန်မှာဘယ်လောက်သုံးမယ်ဆိုတာကို အစီအစဉ်သတ်မှတ်ထားနိုင်တာပဲဖြစ်ပါတယ်။ ဥပမာအားဖြင့်စာသင်ခန်းထဲရောက်နေတဲ့အချိန်၊ အိပ်စက်အနားယူနေတဲ့အချိန်တွေနဲ့ လုပ်ငန်းခွင်ထဲမှာရောက်နေတဲ့အချိန်မှာ သုံးသင့်သုံးထိုက်တဲ့ ဘက်ထရီပမာဏကိုသုံးဖို့အတွက် သတ်မှတ်ထားနိုင်တာပါပဲ။ ပြီးတော့သူ ရဲ့widget မှာ wifi, Data, Bluetooth, Brightness control တွေကိုတွေ့မြင်နိုင်ဦးမှာဖြစ်ပါတယ်။ ဘက်ထရီစွမ်းအားကိုထိန်းချုပ်တဲ့နည်းလမ်းနောက်ထပ်တစ်နည်းအနေနဲ့ ဖုန်းရဲ့မျက်နှာပြင်ကို off လုပ်လိုက်တဲ့အချိန်မှာ run နေတဲ့ app တွေကိုရပ်နားပေးမှာဖြစ်ပါတယ်။




## Uninstaller

စမတ်ဖုန်းတစ်လုံးကို ပြည့်စုံကောင်းမွန်အောင်ထိန်းသိမ်းရတဲ့အလုပ်ဟာလွယ်လှတယ် တော့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် သင့်အနေနဲ့စမတ်ဖုန်းတစ်လုံးကို ဆိုင်ကဝယ်ယူ ၁တယ်ဆိုရင် app တွေထည့်သွင်းပေးလိုက်တယ် ဆိုပေမယ့်လိုအပ်တာရော၊ မလိုအပ်တာရောတွဲဖက်ပါဝင်လာနိုင်ပါတယ်။ သင့်အတွက်မလိုအပ်တဲ့ app တွေစမတ်ဖုန်းထဲမှာရှိနေရင် ဘက်ထရီစွမ်းအားဟာလိုအပ်တဲ့အချိန်ထက်ပိုမိုကုန်ခန်းသွားစေနိုင်ပါလိမ့်မယ်။ ပြီးတော့မ လိုအပ်ဘဲစမတ်ဖုန်းထဲကိုဝင်ရောက်လာနိုင်မယ့် ဗိုင်းရပ်စ်တွေကိုဖြေရှင်းရပါဦးမယ်။ ဒီလိုမှမလုပ်ဘူးဆိုရင်တော့ သင့်ဖုန်းဟာလုံးဝလေးပင်သွားပြီးသုံးစွဲတဲ့အချိန်မှာ စိတ်ညစ်နေရပါလိမ့်မယ်။ AVG uninstaller ဟာအခမဲ့ပေးအပ်ထားတာဖြစ်ပြီးသင့်ဖုန်းရဲ့မန်မိုရီကို ပိုမိုရရှိလာအောင်စီမံနိုင်ပါလိမ့်မယ်။ မလိုအပ်တဲ့ appတွေကို uninstall ပြုလုပ်လိုက်တာကြောင့်လည်း ဘက်ထရီစွမ်းအားဟာ ပိုမိုတာရှည်ခံသွားပါလိမ့်မယ်။ လျင်မြန်ပြီးလွယ်ကူစွာ အသုံးချနိုင်တာကြောင့်လည်းသုံးစွဲသူတွေအတွက်ပြည့်စုံတဲ့ app အဖြစ်ရပ်တည်လျက်ရှိပါတယ်။ လက်ရှိမှာတော့သန်းနဲ့ချီတဲ့စမတ်ဖုန်းသုံးတဲ့သူတွေရဲ့ ထောက်ခံအားပေးမှုကို ရရှိထားပြီးဗားရှင်း 2.2 နဲ့အထက်ရှိတဲ့ဖုန်းတွေမှာသုံးစွဲနိုင်မှာဖြစ်ပါတယ်။ သူ့ရဲ့အဓိကလုပ်ဆောင်ချက်တွေအနေနဲ့ app usage, Battery usage, Data usage နဲ့ storage usage ကိုဖော်ပြပေးပါလိမ့်မယ်။ ဘက်ထရီအသုံးပြုမှုကိုလည်း နောက်ဆုံး ၇ ရက်အတွင်းသုံးစွဲထားတဲ့ပမာဏတွေကိုသိရှိစေမှာပါ။







## Eraser Pro

Android 1.6 နဲ့ အထက်မှာသုံးစွဲနိုင်မှာဖြစ်ပြီး တခြား App တွေလို ကြော်ငြာမပါဝင်ပါဘူး။ Touch တစ်ချက်ဖိရုံဖြင့်သင့်ဖုန်းထဲမှာရှိနေတဲ့ ဖိုင်တွေကိုရှင်းလင်းရေးလုပ်နိုင်ပါလိမ့်မယ်။ History Eraser Pro ကို စတင်ဖွင့်လိုက်တာနဲ့ Google Play Search, Google Map Search နဲ့ Gmail Search တို့ကိုတွေ့မြင်ရမှာဖြစ်ပြီး မိမိရှင်းလင်းချင်တဲ့ပုံကို Touch တစ်ချက်ဖိလိုက်တာနဲ့ အမှန်ခြစ်ပြုလုပ်ပေးပါလိမ့်မယ်။ အမှန်ခြစ်ပြုလုပ်ပြီးတာနဲ့ အောက်က Tab bar မှာတွေ့ရမယ့် Clean ကိုနှိပ်လိုက်မယ်ဆိုရင်မိမိသုံးစွဲထားတဲ့ History တွေကိုရှင်းလင်းပေးမှာပါ။ Setting ကိုဝင်ရောက်လိုက်ရင် SMS, MMS တွေကို Delete ပြုလုပ်မှာလားဆိုတာကို လာရောက်မေးမြန်းမှာဖြစ်ပါတယ်။ History Eraser Pro ဟာ ဖုန်းထဲမှာရှိတဲ့ Memory ပမာဏ ကိုဖော်ပြပေးပြီး သင်ဘယ်လောက်သုံးစွဲထားတယ်ဆိုတာကိုကအစအသေးစိတ်ဖော်ပြပေးမှာပါ။ Android device တွေကို အပြည့်အဝ သန့်ရှင်းရေးလုပ်ပေးမှာဖြစ်ပြီး PC တွေမှာသုံးတဲ့ CCleaner လိုပဲစက်ကိုသန့်ရှင်းရေးပြုလုပ်နိုင်ပါတယ်။ Phone တွေကို Cleanup လုပ်ပေးမယ်၊ ရှာဖွေထားတဲ့ history တွေကို delete လုပ်ပေးမယ်၊ ဖုန်းရဲ့ Calllog တွေဖယ်ရှားတာတို့နဲ့ မလိုအပ်တဲ့ sms တွေကို delete လုပ်ပေးတာတို့အပြင်အဓိကလုပ်ဆောင်ချက်ကတော့ဖိုင်တွေရဲ့ Cache တွေကိုသန့်ရှင်းပေးတာတို့ စက်ထဲမှာမလိုအပ်တဲ့ ဖိုင်တွေကိုရှင်းလင်းပေးတာတို့တွေကိုလုပ်ဆောင်နိုင်စွမ်းရှိပါတယ်။




## Dolphin Browser

အင်တာနက်သုံးစွဲသူတွေအတွက် Browser ကောင်းတစ်ခုလိုအပ်ပါလိမ့်မယ်။ အဲဒီအတွက် Dolphin ဟာ Website တွေရဲ့ RSS Feeds တွေကိုသာမက Facebook မှာတင်ထားတဲ့သတင်းတွေကို ကြည့်ချင်ရင် Webzine ကနေသွားလိုက် ရင်ရပါတယ်။ သတင်းတိုလေးတွေကို RSS Feeds အနေနဲ့ဖတ် ရှုနိုင်ပါလိမ့်မယ်။ ကိုယ်သိချင်တဲ့အချက်အလက်တွေအတွက် tab တွေအများကြီးဖွင့်သုံးလို့ရသလို gesture commands နဲ့လည်း အသုံးပြုနိုင်ပါတယ်။ Gesture control ဆိုတာကတော့ browser ရဲ့ Screen ပေါ်မှာ လက်ညှိုးနဲ့ပုံလေးဆွဲပြီး browser ကို control လုပ်နိုင်တဲ့လုပ်ဆောင်ချက်လေးပါ။ F ပုံစံဆွဲ လိုက်ရင် Facebook ကိုရောက်သွားပါလိမ့်မယ်။ ဒါတစ်ခုပဲရှိပါသေးတယ်။ နောက်ထပ်ပြီးလည်း ကိုယ်ကြိုက်နှစ်သက်တဲ့ Command တွေလည်းပြုလုပ်နိုင်ပါလိမ့်မယ်။ Dolphin Browser ကို install ပြုလုပ်ပြီးတာနဲ့ Open ကိုနှိပ်လိုက်ပါ ဒီလိုသုံး ဖို့အတွက် သင့်ဖုန်းဟာ Wi-Fi လွှင့်ထားတဲ့နေရာ ဒါမှမဟုတ် ဖုန်းမှာအင်တာနက်ဖွင့်ထားမှသာရပါလိမ့်မယ်။ Dolphin Browser ပွင့်လာတာနဲ့ Welcome to ဆိုပြီး Screen ပေါ်လာပါလိမ့်မယ်။ Screen ရဲ့ အောက်ဘက်က Start Now ကိုနှိပ်ပါ။ နောက်ဆုံး Finish ထိရောက်အောင် အဆင့်ဆင့်ပြုလုပ်ပေးရပါလိမ့်မယ်။ Dolphin Browser ကနေနောက်ဆုံးပေးပို့တဲ့ သတင်းအချက်အလက်တွေကို ရယူချင်တယ်ဆိုရင်တော့ သင့်ရဲ့အီးမေးလ်လိပ်စာကို ချန်ထားခဲ့ရပါလိမ့်မယ်။ HomePage ကိုရောက်တာနဲ့ Dolphin Browser နဲ့ ပြုလုပ်လို့ရတာတွေကို တွေ့မြင်ရမှာဖြစ်ပြီးသူ့ရဲ့အသုံးဝင်ပုံတွေကို ဖတ်ရှုလေ့လာနိုင်ပါလိမ့်မယ်။ အဓိကအားဖြင့် Dolphin Browser မှာပါဝင်တဲ့ Browser ကိုသုံးစွဲဖို့အတွက်က Gesture Setting ထဲရှိ Website တွေကိုဘယ်လို Gesture မျိုးနဲ့ ဝင်ရောက်ချင်တယ်ဆိုတာကို သတ်မှတ်ပေးထားဖို့ပါပဲ။




## File Explorer

Android ဖုန်းမှာ Built-in ပါဝင်တဲ့ file manager ဟာတချို့ဖိုင်တွေကို ရှာဖွေတဲ့အခါမှာ ထိမိသေချာတဲ့ အချက်အလက်တွေကို မပေးစွမ်းနိုင်ပါဘူး။ ဒါကြောင့်ဖိုင် Explorer လို app မျိုးဟာ Android ဖုန်းအတွင်းမှာရှိထားသင့်ပါတယ်။ App တွေကို ပြန်လည်ရှာဖွေ တာမျိုးမှာပဲဖြစ်စေဖုန်းထဲမှာရှိတဲ့ Zip ဖိုင်တွေကိုဖြေထုတ်တဲ့အခါမှာဖြစ်စေအကောင်းဆုံးပြုလုပ် နိုင်မှာပါ။ image နဲ့ ဗီဒီယိုဖိုင်တွေကို တစ်ခုတစ်စည်းတည်းပြန်လည်ဖော်ပြနိုင်မှာဖြစ်ပါတယ်။ သီချင်းတွေကို ထည့်ထားမယ်ဆိုရင်လည်း အကောင်းဆုံးပြန်လည်ရှာဖွေနိုင်မှာပါ။ အဓိက သူ့မှာပါဝင်တဲ့လုပ်ဆောင်ချက်ကတခြား File Explorer တွေနဲ့မတူဘဲနဲ့ Text file တွေကို ကြည့်ရှုလို့ရတဲ့အပြင်ပြင်ဆင်ရေးသားခွင့်တွေကိုပါပေးထားပါတယ်။ Ex Plus Add on ကိုသာ ထည့်သွင်းထားမယ်ဆိုရင် Cloud service ကိုပါသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် Sky Drive, Google Drive နဲ့ Drop box တွေဆီမှာဝင်ရောက်ပြီးတော့ဖိုင်တွေလည်း ကြည့်ရှုသိမ်းဆည်းနိုင်မှာပါ။ ပုံမှန်သုံးစွဲမယ်ဆိုရင် Android 2.1 နဲ့အထက်မှာ ရတယ်ဆိုပေမယ့် Cloud service တွေကိုသုံးမယ်ဆိုရင်တော့ Android 2.2 နဲ့မှသာ အဆင်ပြေပါလိမ့်မယ်။

NEWS
LOCAL UPDATE

# မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းမှ မြန်မာနိုင်ငံ၏ ဂိမ်းထုတ်လုပ်သူများကို စုစည်းမည်

နိုင်ငံတကာတွင် ဂိမ်းနှင့်ပတ်သက်သည့် လုပ်ငန်းများစွာဖြစ်သောပစ္စည်းများထုတ်လုပ်ခြင်း ပြိုင်ပွဲများ၊ ဂိမ်းစနစ်များရေးသားခြင်း၊ ဖြန့်ဖြူးခြင်းများပါဝင်သော အရပ်အသံနှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းစနစ်များတွင် မြန်မာနိုင်ငံမှ လူငယ်များပါဝင်လာနိုင်စေရန်နှင့် ပါဝင်ပတ်သက်နေသူများအား နိုင်ငံတကာမှ သိရှိစေရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဂိမ်းနှင့်ပတ်သက်သူများအချက်အလက်စုဆောင်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စုစည်းရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ဂိမ်းဦးဆောင်နိုင်ငံများအထဲမှာ အဓိကဖြစ်သော ထိုင်းနိုင်ငံတွင် ဂျပန်နိုင်ငံမှ လုပ်ငန်းများကို တစ်ဆင့်ပြန်လည်ရယူနေသော စင်ကာပူနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံလည်း လုပ်ဆောင်ပါဝင်နိုင်စေရန်၊ Software, System Integration, Service စသော ICT နှင့်ပတ်သက်သမျှလုပ်ငန်းများကို လူငယ်များပိုမိုပါဝင်ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိလာနိုင်စေရန်ဖြစ်ပြီး၊ ဂိမ်းထုတ်ကုန်ပစ္စည်းများအား ပြပွဲသို့ သွားရောက်ပြသရန်အတွက် စီစဉ်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဂိမ်းထုတ်လုပ်သူများပါဝင်ပတ်သက်သူများကို စုစည်းနိုင်စေရန်အတွက်လည်း ပါဝင်ကူညီ၍ စာရင်းလာရောက်ဖြည့်သွင်းပေးရန် နှိုးဆော်ထားကြောင်းသိရသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဂိမ်းထုတ်လုပ်သူ၊ ပါဝင်ပတ်သက်သူများကို စုစည်းနိုင်စေပြီး၊ ကူညီနိုင်စေရန် စိတ်ဝင်စားလျက်လုပ်ကိုင်ဆောင်ရွက်နေကြသောသူများ၏အနေအထားကို ပြည်တွင်းပြည်ပမှ ပိုမိုသိရှိစိတ်ဝင်စားလုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။ အနာဂတ်တွင် ဂျပန်နိုင်ငံနှင့် အလားတူပြပွဲများ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ဂိမ်းနှင့်ဆက်နွယ်ပတ်သက်သူများအသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းသိရသည်။

နေဦးလွင်

# ပြည်တွင်းဂိမ်း ကုမ္ပဏီ ၃ခုက Tokyo Game Show 2014 ပြပွဲ၌ပါဝင်ပြသမည်

ဂျပန်နိုင်ငံရှိ အာဆီယံ-ဂျပန်စင်တာ(ASEAN Japan Centre-ATC) မှ ကြီးမှူး၍ ASEAN Creative Network အစီအစဉ်အရ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်နေ့မှ ၂၁ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်သော Tokyo Game Show 2014 ပြပွဲသို့ ပြည်တွင်း ဂိမ်းကုမ္ပဏီသုံးခုမှ မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းပြပွဲတွင် မြန်မာနိုင်ငံမှပြည်တွင်းရှိ Game Developers များ ဖန်တီးထုတ်လုပ်ထားသော ဂိမ်းများပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများနှင့် ပြည်တွင်းရှိ Game Developers များသွားရောက်လေ့လာကြမည် ဖြစ်ကြောင်းသိရသည်။ ထို့အပြင် အဆိုပါ တိုကျိုဂိမ်းပြပွဲတွင် နိုင်ငံပေါင်း ၄၀ ကျော်မှ ဝင်ရောက်ပြသကြမည်ဖြစ်ပြီး နိုင်ငံတကာမှနာမည်ရဂိမ်းကုမ္ပဏီများဖြစ်သော Capcom, Namco, Cry Teck စသော ဂိမ်းကုမ္ပဏီများသာမက ဒေသတွင်းရှိ ဂိမ်းကုမ္ပဏီများစွာက ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်းသိရသည်။ ၎င်းပြပွဲတွင် နိုင်ငံတကာမှတီထွင်ဖန်တီးထုတ်လုပ်ထားသော အကောင်းဆုံးဂိမ်းသစ်များကို စင်တင်ပြသကြမည်ဖြစ်ကြောင်းသိရသည်။ ယင်းကဲ့သို့ Game show ပွဲကို ပြုလုပ်ခဲ့သည်မှာယခုအကြိမ်နှင့်ပါဆိုရင် နှစ်ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

နေဦးလွင်

# House.com ၏ စစ်တမ်းအရ အမျိုးသမီးများ အိမ်ရာဖွေနှုန်းမြင့်ဟုဆို

House.com.mm မှကမ္ဘာတစ်ဝန်းအိမ်ဝယ်သူများအား နှိုင်းယှဉ်ထားသည့် စစ်တမ်းတစ်ခုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အိမ်ယာရှာဖွေရာတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပိုမိုများပြားကြောင်း သိရသည်။

ဖွံ့ဖြိုးစရေးကွက်နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်နှင့် မက္ကဆီကိုတို့တွင် ယခင်က အမျိုးသားများသာ အိမ်ယာဝယ်ယူခြင်းများ လုပ်ဆောင်ကြသော်လည်း ယခုအခါအမျိုးသမီးများပါ ကိုယ်တိုင်ရှာဖွေမှုများလုပ်လာပြီဖြစ်ကြောင်းသိရသည်။ House. com.mm မှ ကမ္ဘာတစ်ဝန်း အိမ်ဝယ်ယူသူများအား သုတေသနပြုထားသော စစ်တမ်းအရ အဆိုပါ နိုင်ငံများတွင် အိမ်ဝယ်ယူသူအများစုမှာလည်း အမျိုးသမီးများဖြစ်ကြောင်းသိရသည်။ အထက်ပါအချက်အလက်များသည် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၂၈နိုင်ငံမှ၎င်းတို့၏ အိမ်ခြံမြေဝက်ဘ်ဆိုက်များပေါ်အခြေခံကာကောက်ယူထားခြင်းဖြစ်ကြောင်းသိရသည်။ ထို့အပြင် ယခုနှစ်အစောပိုင်းကလည်း House.com.mm မှ ၎င်းတို့လည်ပတ်နေသော ဈေးကွက်များအတွင်းမှ အိမ်ယာပိုင်ဆိုင်မှုနှုန်းကို သုတေသနပြုခဲ့ပြီး ၎င်းစိစစ်ချက်တွင် နိုင်ငံအများစု၌ အိမ်ယာဝယ်ယူခြင်းထက် ငှားရမ်းနေထိုင်မှုပိုများကြောင်းတွေ့ရသည်။ House.com.mm သည် ဂျာမနီနိုင်ငံအခြေစိုက် Rocket Internet Company ၏ မြန်မာနိုင်ငံလုပ်ငန်းခွဲတစ်ခုဖြစ်ပြီး အခြားသောဝက်ဘ်ဆိုက်တို့နှင့်အတူ လုပ်ငန်းများလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

နေဦးလွင်



# DISCOVERY

၁၉၀၆ တွင် USA၊ ဖလော်ရီဒါရှိ အော်မွန်းကမ်းခြေ၌ ရေနွေးငွေ့အင်ဂျင်ဖြင့် ကမ္ဘာ့ပထမဆုံးပြိုင်ကားသည် တစ်နာရီမိုင် ၁၀၀ ကျော်လွန်အောင် မောင်းနှင်နိုင်ခဲ့သည်။ လက်ရှိအမြန်ဆုံးကုန်းလမ်းပေါ်မှ စံချိန်မှာ တစ်နာရီ ၄၀၀ ကီလိုမီတာ (၂၅၀မိုင်)ဖြစ်ပြီး၊ ထိုစံချိန်ကို ဖြတ်ကျော်ရန် ကြိုးစားမှုများစွာရှိခဲ့သည်။ စမ်းသပ်မောင်းနှင်သည့် အမြန်ဆုံးယာဉ်များကြောင့် အသက်ဆုံးရှုံးမှုများစွာရှိခဲ့သော်လည်း လူသားတို့၏ အမြန်ဆုံးယာဉ်များတီထွင်မှုသည် လုံးဝရပ်တန့်သွားမည်မဟုတ်ပေ။

## ဂျက်အင်ဂျင်သုံးကား

၁၉၉၇ခုနှစ်က USA နီဗားဒါးပြည်နယ်ရှိ Black Rock ကန္တာရအတွင်းဝယ် အင်္ဂလန် လုပ်ကားတစ်စီးဖြစ်သော Thrust SSC သည် ပထမဆုံး အသံထက်မြန်သောကားအဖြစ် စံချိန်တင်ရန်ကြိုးပမ်းခဲ့သည်။ တစ်နာရီလျှင် ၁၁၄၉ကီလိုမီတာ (၇၆၃မိုင်)သွားရမည်ဖြစ်ပြီး ဘီး ၄ဘီးရှိရမည်ဖြစ်ကာ ယာဉ်မောင်းမှ လုံးဝထိန်းချုပ်ရမည်ဖြစ်သည်။ ၁ စတုရန်းမီတာလျှင် လေဖိအား ၁၀ တန် ကိုလည်း ခံနိုင်ရမည်ဖြစ်သည်။ တည်ငြိမ်မှုရှိစေရန် ဂျက်အင်ဂျင် နှစ်ခုတပ်ဆင်ထားပြီး အင်ဂျင်တစ်လုံးစီမှ တွန်းကန်အားသည် ပေါင် ၂၀,၀၀၀ရှိကာ ဖော်မြူလာ ဝမ်းကား ၁၄၅စီးအားနှင့်ပျမ်းမျှအားဖြင့် တူညီသည်။ နောက်ထပ်မျိုးဆက်အဖြစ် တည်ဆောက်မည့် Bloodhound SSC သည် EurofigHer Typhoon ဂျက်အင်ဂျင်ကိုသုံးထားပြီး တစ်နာရီ ကီလိုမီတာ ၁၆၀၀ (မိုင် ၁၀၀၀)ကို ကျော်လွန်ရန်ရည်ရွယ်ထားသည်။ Bloodhound သည် 900mm (၂.၉ပေ) ရှိ အလူမီနီယံဘီးများပါဝင်ပြီး စက္ကန့် ၄၀အတွင်း ၀ မိုင်မှ ၁၀၅၀မိုင် (၁၆၉၀ကီလိုမီတာ)သို့ မြန်နှုန်းအားမြှင့်တင်နိုင်သည်။

## အခက်အခဲများ

မြန်နှုန်းမြင့်ကားတစ်စီးဖြစ်ရန် တီထွင်ရသော ကိစ္စသည် အခက် အခဲများစွာရှိနေခဲ့သည်။ အနိမ့်ပျံ ဂျက်တိုက်လေယာဉ်များပင် တစ်နာရီ ကီလိုမီတာ ၁၆၀၀ (မိုင် ၁၀၀၀)မြန်နှုန်းသာရှိပြီး မြေကြီးနှင့်ဘီး၏ ပွတ်တိုက် မှုကို ထည့်တွက်ချက်ခြင်းမရှိပေ။ မြေကြီးနှင့်နီးသောနေရာတွင် လေထု သည် ပိုမိုသိပ်သည်းသောကြောင့် ကားသည် လေခွင်းအားအထူးကောင်း ရမည်ဖြစ်သလို တွန်းကန်အားအလွန်များပြားရမည်ဖြစ်သည်။ ဘီးများသည်လည်း နောက်ထပ်အခက်အခဲတစ်ခု ဖြစ်ပြီး အလွန်မြန်ဆန်သောနှုန်းဖြင့် လည်ပတ်ရပြီး မြေကြီးနှင့်လည်း ထိနေရမည်ဖြစ်သည်။ ထို့ကြောင့် တာယာမပါသော အလူမီနီယံ (သို့) တိုက်တေနီယမ်ဘီးများကိုသာသုံးကြသည်။ ဥပမာပြရလျှင် Aussie Invader SR တွင် ၁၆မီတာ (၅၂ပေ) အရှည်ရှိ ဒုံးအင်ဂျင်ပါဝင်ပြီး ဘီးများသည် တစ်မိနစ်တွင် အပတ် ၁၀,၀၀၀ ထိလည်ပတ်နိုင်သည်။ Thrust SSC အသံထက်မြန်အောင် မောင်းခဲ့စဉ်က တုန်ခါမှုကြောင့် ထိန်းသိမ်းရန်ခက်ခဲခဲ့သည်။ ထို့ကြောင့် အနာဂတ်မျိုးဆက် သစ်ဒုံးယာဉ်ကားများသည် ကွန်ပျူတာသုံး၍ တုန်ခါမှုအား ထိန်းချုပ်မည်ဖြစ်သည်။

## ကမ္ဘာ့အမြန်ဆုံးပြိုင်ကား

ကမ္ဘာ့အမြန်ဆုံးပြိုင်ကားသည် Bugatti Veyron Super Sport ဖြစ်ပြီး 16-cylinder အင်ဂျင်မှ မြင်းကောင်ရေ ၁၂၀၀အားကိုပေးသည်။ 2.5 စက္ကန့်အတွင်း 0-100 ကီလိုမီတာ (မိုင် ၆၀)သို့ ချက်ချင်းအရှိန်မြှင့် တင်နိုင်သည်။ Bugatti အား ၄၃၁ ကီလိုမီတာ (၂၆၈မိုင်) ထက်ပိုမြန်စေရန် တားဆီးနေသောအရာမှာ ရာဘာတာယာများဖြစ်ပြီး ထို့ထက်ပိုမြန်ပါက ကွဲအက်သွားမည်ဖြစ်သည်။ တာယာ ၄ လုံးအတွက် ဒေါ်လာ ၄၂၀၀၀ကျ သင့်ရာ မြန်နှုန်းမြင့်စမ်းသပ်မောင်းနှင်ရမည့် ကုန်ကျစရိတ်ကလည်း ကြီးမားသည်။ ထို့ကဲ့သို့မြင့်မားသည့် မြန်နှုန်းကြောင့် အင်ဂျင်မှာ ဆီစားနှုန်းမြင့်မားပြီး တိုင်ကီအပြည့်ထည့်ထားလျှင် ၁၂မိနစ်အတွင်း ကုန်သွားမည်ဖြစ်သည်။

## ကမ္ဘာ့အမြန်ဆုံးလူလိုက်ပါသည့်လေယာဉ်

လွန်ခဲ့သော ၄၇နှစ်က ကမ္ဘာ့အမြန်ဆုံးလေယာဉ်ကို စံချိန်တင်ခဲ့ပြီး X-15 သည် အာကာသခရီးအတွက် စမ်းသပ်ရန်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ X-15 ကို မောင်းနှင်ရန် အတွက် B-52 လေယာဉ်ပေါ်တင်ကာ မီတာ ၁၃၇၀၀ (ပေ ၄၅၀၀၀)ထိ ပျံသန်းသွားရသည်။ X-15 ၏ အင်ဂျင်သည် မြင်းကောင်ရေ ၅၀၀,၀၀၀အားရှိပြီး ဓာတ်ဆီသည်အရှိန်မြှင့်မောင်းနှင်ရန် ၈၃စက္ကန့်သာလုံလောက်သော်လည်း အမြန်ဆုံးစံချိန်တစ်နာရီ ၄၅၂၀မိုင် (၇၂၁၄ ကီလိုမီတာ) အားမှတ်တမ်းတင်နိုင်ခဲ့သည်။

## လေယာဉ်များအတွက် စိန်ခေါ်မှုများ

အမြန်ဆုံးလေယာဉ်တည်ဆောက်ရသည့် အခက်အခဲများသည် ကမ္ဘာ့အမြန်ဆုံးကားနှင့် တူညီကြောင်းတွေ့ကြရသည်။ အသံထက်မြန်သည့် နှုန်းသို့ရောက်လာပါက ဓာတ်ငွေ့များ၏ နှောင့်ယှက်မှုပိုများလာသည်။ လေခွင်းအားကောင်းရန်အတွက် အသံထက်မြန်သည့် လေယာဉ်များသည် အတောင်ပံများကို ခေါက်ထားသကဲ့သို့ပုံစံဖြင့် တည်ဆောက်ကြသည်။ ထို့အပြင် အလူမီနီယံကဲ့သို့ပေါ့ပါးသည့် သတ္တုများဖြင့်လည်း တည်ဆောက်ကြရသည်။ အသံထက်မြန်စေရန် ကြီးမားသော အင်ဂျင်ပါဝါလိုအပ်ပြီး ပထမဆုံးအသံထက်မြန်သည့် လေယာဉ် X1 သည် ၁၉၄၇ က ဒုံးပျံဖြင့် တွန်းအားရယူခဲ့ရသည်။ အနာဂတ်အတွက် အသံထက်မြန်သည့် လေယာဉ်များကို စမ်းသပ်ရာတွင် Falcon HTV ကဲ့သို့ လေယာဉ်ဒီဇိုင်းများသည် တောင်ပံပင်မပါတော့ဘဲ စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းထဲမှ ဒီဇိုင်းနှင့် ပိုမိုဆင်တူလာခဲ့သည်။

## ကမ္ဘာ့အမြန်ဆုံးယာဉ်များ အပိုင်း(၁)




MAKE it POSSIBLE
HUAWEI
မြန်မာစာ စနစ်သုံး
HUAWEI ၏ ပထမဦးဆုံး
မြန်မာစာစနစ်သုံး Ascend G6
5MP ကိုအသုံးပြုထားသော Front Camera
၁၀ စက္ကန့်စာ အသံသွင်းထားနိုင်သော ရုပ်/သံဓါတ်ပုံ Audio Photo
Panorama မြင်ကွင်းကျယ်ဓါတ်ပုံရိုက်ကူးနိုင်သော 8MP ကျောဘက်ကင်မရာ
warranty ကဒ်ပါသော customer များအတွက် 1year service warranty
Catch up with us on facebook
www.facebook.com//HuaweiDeviceMyanmar
Enjoy a Balanced Life
HUAWEI TalkBand B1
TalkBand
• 1.4" OLED Screen
• မြန်ဆန်သော NFC(Near Field Communication) ချိတ်ဆက်မှု
• Standard USB Charging
• Bluetooth 3.0
• Gyro Sensor
• Dual Mic ကိုအသုံးပြုထားသောကြောင့် ဆူညံသံများကိုလျှော့ချနိုင်ခြင်း
• ၁၄ရက်ဆက်တိုက် Standby ထားနိုင်ခြင်း ၇နာရီဆက်တိုက်ဖုန်းပြောနိုင်ခြင်းနှင့် ၂နာရီအားသွင်းရုံဖြင့်အားပြည့်ခြင်း
• ဖုန်မှုန့်များနှင့်ရေစိုဒဏ်ခံနိုင်ခြင်း(IP57)
• Android 4.0 နှင့် IOS 5.0 အထက်ရှိDevice များတွင်လွယ်ကူစွာချိတ်ဆက် အသုံးပြုနိုင်ခြင်း


KENBO
With kenbo No distance
Hero K1
10:56
·5 inch IPS HD Screen angle
·Perfect Sound
·Quad 1.3G Hz High-speed Processor
·1300W+500W top photo Combination
3G MPT, ooredoo, telenor
KENBO

OPPO

# OPPO Find 7a



FIND MORE



PURE IMAGE 2.0 ColorOS

## VOOC အားသွင်းခြင်းစနစ်




သာမန်အားသွင်းခြင်းထက် **4 ဆ** ပိုမိုလျင်မြန်ခြင်း

**5 မိနစ်** အားသွင်းရုံဖြင့် **2 နာရီကြာ** ဖုန်းခေါ်ဆိုခြင်းကို **Find 7a** က ထောက်ပံ့ပေးခြင်း

**မိနစ် 30** အားသွင်းရုံဖြင့် **75 ရာခိုင်နှုန်း** ဘက်ထရီ အားဖြည့်ပေးခြင်း

**အလွှာ 5 လွှာ** အကာအကွယ်ပါမှုကြောင့် ဖုန်းကို ဘက်ထရီအားသွင်းနေစဉ် အပူလွန်ကဲတာမျိုးမှ ကာကွယ်ပေးခြင်း

## မျက်နှာပြင် ကြည်လင်ပြတ်သားမှု



၅.၅ လက်မ **Full HD** မျက်နှာပြင်က ကြည့်ရှုရတာ နှစ်သက်သဘောကြစေမှာပါ။ **1920 x 1080 resolution** နှင့်အတူ **403 PPI** မျက်နှာပြင်က ထိတွေ့မှုတိုင်းအတွက် ကောင်းမွန်တဲ့ စိတ်ကျေနပ်မှုရရှိစေပါတယ်။

## လျင်မြန်သော မျက်နှာပြင် တုန့်ပြန်မှု



ထိတွေ့မှုတိုင်းအတွက် လျင်မြန်တဲ့ တုန့်ပြန်မှု၊ သိမ်မွေ့တဲ့လုပ်ဆောင်ချက်တွေနဲ့ အလျင်မြန်ဆုံး တုန့်ပြန်မှုပေးစွမ်းနိုင်ပါတယ်။

ထိတွေ့မှုပိုင်းသာမက နိုင်မာမှုအပိုင်းမှာလည်း အခြားဟန်းဆက်တွေ ထက် ၄၀ ရာခိုင်နှုန်းပိုပါတယ်။

လက်ရေစိုနေတဲ့အချိန်နှင့် လက်အိတ်စွပ်ထားတဲ့အချိန်တွေမှာတောင်မှ မျက်နှာပြင်တုန့်ပြန်မှုကို ရရှိစေမှာပါ။

## Maxx Audio



**Find 7a** အသုံးပြုသူတွေအတွက် ကြည်လင်ပြတ်သားသော အသံစွမ်းရည်ကိုပေးစွမ်းတဲ့ **MaxxAudio** နည်းပညာစနစ်ပါရှိပါတယ်။ သူ့ရဲ့အသံပိုင်းဆိုင်ရာစွမ်းရည်နဲ့ အသံလှိုင်းကြိမ်နှုန်းတွေက သင့်အတွက် အကောင်းဆုံးအသံစွမ်းရည်ကို ပေးစွမ်းနိုင်ပါတယ်။

## PI 2.0 အမြင့်မားဆုံးအရည်အသွေး

PURE IMAGE 2.0

**PI 2.0** နည်းပညာအရ ဓာတ်ပုံရိုက်ကူးရာမှာ ပုံရိပ် ၁၀ ခုဖမ်းယူပြီး ထိုအထဲမှ အကောင်းဆုံးပုံရိပ်ကို ရွေးထုတ်၍ ပေါင်းစပ်ပြီး **50MP Ultra-HD** အရည်အသွေး ရှိတဲ့ ပုံကိုထုတ်ပေးပါတယ်။

**PI 2.0** နည်းပညာနဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံမှ **10 မီတာပတ်လည်ရှိတဲ့** ပိုစတာတစ်ခုကို ထုတ်ယူလို့ရပါတယ်။

## Skyline Notification



ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ ကောင်းကင်ပြာရောင်နဲ့ လိုင်းလေးကတော့ သင့်ရဲ့ အရေးကြီးတဲ့ မက်ဆေ့ချ်တွေနဲ့ လွဲမသွားအောင် အချက်ပြပေးမှာပါ။

## Camera
Created to Capture



**Find 7a** ရဲ့ **13-megapixel** ပါဝင်တဲ့ ကင်မရာကတော့ ဓာတ်ပုံတွေကို ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင် စေပါတယ်။

**1/3.06 imaging module** နှင့် အကျယ် **f/2.0** ရှိတဲ့ အလင်းဝင်ပေါက်တွေက သင့်ကို အလင်းအားနည်းတဲ့နေရာတွေမှာ ဓာတ်ပုံရိုက်ကူးနိုင်အောင် ထောက်ပံ့ပေးနိုင်ပါတယ်။

၃၂ စက္ကန့်လောက်ကြာချိန်အတွင်းမှာပဲ ကြည်လင်ပြတ်သားတဲ့ ညမြင်ကွင်းဓာတ်ပုံကိုဖမ်းယူနိုင်ပါတယ်။

## အာမခံ သတ်မှတ်ချက်များ




- (7) ရက်အတွင်း လဲလှယ်ပေးခြင်း
  မှတ်ချက် - သုံးစွဲသူ အမှားမှလွဲ၍
- (1) နှစ်အာမခံပေးခြင်း
- **MPT, Telenor, Ooredoo sim card** များ ထည့်သွင်းအသုံးပြုနိုင်ခြင်း
- **GSM/GPRS/EDGE: 850/900/1800/1900MHz**
- **WCDMA: 850/900/1700/1900/2100MHz**

**OPPO Service Center** – ဒုံစင်တာ (၂)၊ ငါးလွှာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – 011223513

**Facebook** လိပ်စာ – **www.facebook.com/oppomyanmar**

**International Smart Phone Brand** တစ်ခုဖြစ်သည့် **OPPO** စမတ်ဖုန်းဟာ မြန်မာပြည်ကို ရောက်ရှိလာခဲ့ပါပြီ။ မြန်မာပြည်၏ အမြို့မြို့အနယ်နယ်ရှိ ဆိုင်များတွင် **OPPO** စမတ်ဖုန်းများကိုဈေးနှုန်း အလိုက် လူကြီးမင်းတို့ စိတ်တိုင်းကျ စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါပြီ။

# CDMA-450,GSM,PTT (Water Proof)Handset

## ဟန်းဆက်မျိုးစုံရပြီ

Boss Style

Boss Style

Hot Sale



လိုင်းဆွဲအားအထူးကောင်းမွန်သည်။

Camera 3.2

1. Gsm + WCDMA(2-Slot)
2. Gsm + CDMA 800 + Mec

Hot Sale



**W18**

Lcd - 2.4 ,
Camera - 3.0
Battery - 3000
CDMA450/800
Dual sim
Mp3, Mp4
PTT
Walkie Talkie

Boss Style

Hot Sale



လိုင်းဆွဲအားအထူးကောင်းမွန်သည်။

Camera 3.2

1. Gsm + CDMA 800 + Mec
2. CDMA 450M
3. Gsm + Gsm(2-Slot)

Coming Soon

Boss Style

ဟန်းဆက်ကုမ္ပဏီမှ

ooredoo

GSM,W CDMA

(၃)မျိုးထည့်သုံးနိုင်သည့် ဟန်းဆက်များကို
မကြာမီဖြန့်ချိရောင်းချပေးပါတော့မည်။

Hot Sale



**N98**

Strong receptivity
telescopic antenna
(450+GSM)
(WCDMA +800)
PTT , 3.2 megapixel

Hot Sale



**Explorer A8**

Strong receptivity
telescopic antenna
(450+GSM) , PTT
3.2 megapixel

Hot Sale



**A8Mini**

Crushproof
Waterproof of surface
Long time of standby
Bright flashlight
Call recorder
Bluetooth, Mp3 Mp4
3.2megapixel

1. Gsm + Gsm(2-Slot)
2. Gsm + 450M

Asia Mobile ဖုန်းတစ်လုံးဝယ်လျှင် ooredoo Sim Card Free

柳州螺螄粉 ချဉ်စပ်မြီးရှည်တစ်ပွဲမေတ္တာလက်ဆောင်

အမှတ်(၆၁)၊ လမ်း ၂၀(အောက်ဘလောက်)၊ လသာမြို့နယ်။



အမှတ်(၁၄၀)၊ လသာလမ်း(အပေါ်)၊ လသာမြို့နယ်၊ ရန်ကုန်။ ၀၁-၂၄၃၃၀၄


ZXET
New
Flash Light
ပါသည်။
G501 (GSM 850/900/1800/1900 MHz)
Model Handset


Product of Thailand
i-mobile Hitz 11
• TV
• Myanmar Language
• Big Screen
• Flash Light
Display - 2.8 inches
1 year service warranty
Free 2GB memory
Price
45,000 ks
Office : No.136,7C, Anawrahta Road, Botahtaung Township, Yangon, Myanmar.
Tel : 01 - 398906 ~7 , 8610367 ~ 8 Web : www.rsmobile.net / info@rsmobile.net
Distributed By
RS mobile

# XYC Coolpad



## Coolpad 7295C

| | |
|---|---|
| Color | - Yellow & Black |
| Screen | - 5.0" (960*540) |
| Processor | - 1228 MHz Dual Core Processor |
| Camera | - 5MP / 0.3MP |
| Battery | - 1800mAh |
| Internal Menory / RAM | - 1G |
| Memory / slot | - 2G |
| Dimension | - 138 x 70.5 x 7.5 mm |
| OS | - Android OS 4.2.2 |
| Network Type | - 3G (WCDMA) 2G (GSM) |
| Support Frequency | - WCDMA 900/2100MHz GSM 900 / 1800 / 1900 |



## Coolpad 7060

| | |
|---|---|
| Color | - Black |
| Screen | - 4" (800*480) |
| Processor | - 1.024 GHz Single Core Processor |
| Camera | - 2 MP |
| Battery | - 1500mAh |
| Internal Menory / RAM | - 256 MB |
| Memory / slot | - 512MB |
| Dimension | - 121.5 x 63 x 10.5 mm |
| OS | - Android OS 4.1 |
| Network Type | - 3G (WCDMA) 2G (GSM) |
| Support Frequency | - WCDMA 900/2100MHz GSM 900 / 1800 |



## Coolpad 7232

| | |
|---|---|
| Color | - Black |
| Screen | - 4.5" (854*480) |
| Processor | - 1.3 GHz Dual Core Processor |
| Camera | - 3 MP |
| Battery | - 1500mAh |
| Internal Menory / RAM | - 256 MB |
| Memory / slot | - 2GB |
| Dimension | - 134.4 x 66.4 x 9.7 mm |
| OS | - Android OS 4.2 |
| Network Type | - 3G (WCDMA) 2G (GSM) |
| Support Frequency | - WCDMA 900/2100MHz GSM 900 / 1800 / 1900 |



## Coolpad 8297W

| | |
|---|---|
| Color | - White & Silver |
| Screen | - 5.0" (1280 x 720) |
| Processor | - 1741 MHz Octa Core Processor |
| Camera | - 13MP / 5MP |
| Battery | - 2500mAh |
| Internal Memory / RAM | - 2G |
| Memory / slot | - 8G |
| Dimension | - 141 x 71.5 x 9.3 mm |
| OS | - Android OS 4.2 |
| Network Type | - 3G (TD-SCDMA) 2G (GSM) |
| Support Frequency | - TDSCDMA 1880 - 1920/ 2010-2025MHz GSM 900/1800/1900 |



## Coolpad 9976A

| | |
|---|---|
| Color | - White |
| Screen | - 7" (1920 x 1200) |
| Processor | - 1741 MHz Octa Core Processor |
| Camera | - 13 MP / 5 MP |
| Battery | - 4000mAh |
| Internal Menory / RAM | - 2G |
| Memory / slot | - 8G |
| Dimension | - 185 x 104 x 7.8 mm |
| OS | - Android OS 4.2 |
| Network Type | - 3G (WCDMA) 2G (GSM) |
| Support Frequency | - WCDMA 850/900/2100MHz GSM 900 / 1800 / 1900 |



## Coolpad 8071

| | |
|---|---|
| Color | - Black |
| Screen | - 4" (800 x 480) |
| Processor | - 1024 MHz Dual Core Processor |
| Camera | - 2 MP |
| Battery | - 1500mAh |
| Internal Menory / RAM | - 256MB |
| Memory / slot | - 512MB |
| Dimension | - 122 x 64 x 10.8 mm |
| OS | - Android OS 4.0.3 |
| Network Type | - 3G (TD - SCDMA) 2G (GSM) |
| Support Frequency | - TDSCDMA 1800~1920 / 2010-2025 MHz GSM 900 / 1800 / 1900 |

Address : GuoMen Road, No.211, Jiegao Ruili City, Yunnan.
Contact : 09 5230292, 0947318078, 0086-692-4660890
wechat : XYcoolpad
QQ : 13116924886

Email : zhangfayang@aruiyang.com
Http://www.aruiyang.com
Service Centre : 095260567, 093022749, 0086-692-4666398






## SYH- P300

- Network : GSM:850/900/1800/1900
- 5.0" LCD Display Screen
- Multible Languages
- Color : Black , White , Violet
- Battery : 1800mAh
- Android 4.2.2OS • Dual sims dual standby
- Support GPRS, WAP, WIFI, Bluetooth
- Camera Rear front 0.3, Back 2.0 with flash led
- Touch Lens G+G capacitance screen
- With Built-in Myanmar Keyboard



## SYH- K7

- Network : 850/900/1800/1900 MHz
- 2.2" LCD Display Screen
- Language : English, Chinese, Myanmar
- Color : Black , Blue , Yellow , Green • Battery : 1600mAh
- Selling Point : Bluetooth, FM Radio, Dual SIM, MP3 MP4, Torch, Support TF card slot, GPRS, Calculator, Clock ,Camera ,Loud Box Speaker , Nokia 3.5mm Audio Jack



## SYH-S100

- Network : 850/900/1800/1900 MHz
- 2.4" LCD Display Screen • Size : 122.7*54* 12.7mm
- Camera : 0.3 Megapixel
- Language : English, Chinese, Myanmar
- Color : White + Blue/ White + Pink / Black + Blue/ Black + Pink
- Selling Point : Bluetooth, FM Radio, Dual SIM, MP3 MP4, Torch, Support TF card slot, GPRS, Calculator, Clock



## SYH-S200

- Network : 850/900/1800/1900 MHz
- 2.4" LCD Display Screen
- Size : 123*52*13mm
- Camera : 0.3 Megapixel
- Language : English, Chinese, Myanmar
- Color : White + Blue / White + Red / Black + Red
- Selling Point : Bluetooth, FM Radio, Dual SIM, MP3 MP4, Torch, Support TF card slot, GPRS, Calculator, Clock

**Yangon:** No.(54),Latha Street (Lower Block), Latha Township,Yangon.
Tel : 01-382768, 09-5114948
09-73161759, 09-73197532

**Mandalay:** No.(817)9(ခ), Bet:62nd x 63rd & 31st x 32nd Sts; Mandalay.
Tel :02-39681,02-71084,
09-6810474, 09-2017567



3G (UMTS 900/2100) ဖြစ်ပါသဖြင့်
Ooredoo Sim Card ထည့်သွင်းအသုံးပြုနိုင်ပါသည်။
hello®
mingalarpar.life
1 တစ်နှစ်အာမခံ
1) Marketing ကျွမ်းကျင်
2) Hardware ကျွမ်းကျင်
ရာထူးများအတွက် လုပ်ငန်း
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
X-TIGI
MTK 6582 1.3 GHZ QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS (OGS panel)
1280 * 720px
REAR 13 MP + FRONT 8.0 MP
2000 MAH
GSM + WCDMA
ROM 4GB + RAM 1 GB
hello
No.23, Room 1, Aung Thapyay Street,
Mingalar Taungnyut Tsp.
Ph: 09 420077333, 09 425320111
www.icall-hello.com


X-TIGI
MTK 6582 1.3GHz QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS (OGS PANEL)
1280*720PX
REAR13MP+FRONT8.0MP
2000MAH
GSM+WCDMA
ROM4GB+RAM1GB
MP3 MP4 FM BT WIFI
V1
MTK 6582 1.3GHz QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS (OGS PANEL)
REAR5.0MP+FRONT2.0MP
2000MAH
GSM+WCDMA
ROM4GB+RAM512MB
MP3 MP4 FM BT WIFI
V2
MTK 6582 1.3GHz QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS (OGS PANEL)
REAR5.0MP+FRONT2.0MP
2000MAH
GSM+WCDMA
ROM4GB+RAM512MB
MP3 MP4 FM BT WIFI
G88
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G1
1.8INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G2
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G5
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G6
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G7
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G8
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G5520
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G2011
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G18
2.8INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G28
2.8INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
G800
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
S8
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
S10
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
S14
2.2INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
S15
2.4INCH 0.3MP
1800MAH GSM
64MB+64MB
MP3 MP4 FM BLUETOOTH
INTERNET GAME
hello®
mingalarpar . life


BL mobile
HUAWEI
ZTE中兴
Coolpad酷派
PLOYER MOMO
Ployer MOMO20Quad
Allwinner-A31
Quad-Core
Business scope: manufacturers selling WCDMA GSM CDMA mobile phone wireless phone tablet computer
Myannar tel:09-420216222
Ching tel:0692 6666621 +8614787309933
WeChat:34011005
Add:No43.Fu xin road.JieGao.Yunnan.China


3G, 4G
Secondhand Korea Mobile Phone First in Myanmar
Samsung Galaxy S2
SHW - M250 S/K
OS - 4.1.2
CPU - 1.2 Dual Core
RAM - 1GB
ROM - 16GB
Camera - 8MP
Sec Camera - 1.9MP
Display - 4.3"
Class A - 120,000 / Class B - 110,000/-, Class C - 100,000/-
Samsung Galaxy S3
SHV - E210 S/K/L
OS - 4.1.2
CPU - 1.4 Quad Core
RAM - 2GB
ROM - 16/32 GB
Camera - 8MP
Sec Camera - 1.9MP
Display - 4.8"
Class A - 180,000 / Class B - 170,000/-, Class C - 160,000/-
Samsung Galaxy S4
OS - 4.2.2
CPU - 1.9GHz Quad Core
RAM - 2GB
ROM - 16/32/64 GB
Camera - 13MP
Sec Camera - 2MP
Display - 5.0"
Class A - 280,000 / Class B - 270,000/-, Class C - 250,000/-
Samsung Galaxy S5
CM - C300
OS - 4.4.2
CPU - 2.5GHz Quad Core
RAM - 2GB
ROM - 16 / 32 GB
Camera - 16MP
Sec Camera - 2MP
Display - 5.1"
Class A - 420,000 / Class B - 410,000/-, Class C - 400,000/-
Samsung Galaxy Note 1
SHV - E160 S/K/L
OS - 4.1.2
CPU - 1.5 Dual Core
RAM - 1GB
ROM - 16/32 GB
Camera - 8MP
Sec Camera - 1.9MP
Display - 5.3"
Class A - 160,000 / Class B - 150,000/-, Class C - 140,000/-
Samsung Galaxy Note 2
SHV - E250 S/K/L
OS - 4.1.2
RAM - 2GB
ROM - 32GB
Camera - 8MP
Sec Camera - 1.9MP
Display - 5.5"
Class A - 260,000 / Class B - 250,000/-, Class C - 240,000/-
Samsung Galaxy Note 3
SM - N900 S/K/L
OS - 4.3
CPU - 2.3 Quad Core
RAM - 3GB
ROM - 32GB
Camera - 13MP
Sec Camera - 2.1MP
Display - 5.7"
Class A - 420,000 / Class B - 410,000/-, Class C - 400,000/-
LG Optimus G2
OS - 4.2.2
CPU - 2.26 Quad Core
RAM - 2GB
ROM - 16/32GB
Camera - 13MP
Sec Camera - 2MP
Display - 5.2"
Battery - 2610mAh
Class A - 250,000 / Class B - 240,000/-, Class C - 230,000/-
LG Optimus G3
SHV - NA D855
OS - 4.4.2
CPU - 2.46 GHz Quad Core
RAM - 2GB
ROM - 16GB
Camera - 13MP
Sec Camera - 2.1MP
Display - 5.5"
Class A - 450,000 / Class B - 430,000/-, Class C - 420,000/-
SKY Vega S5 Special
IM - A840SP
OS - 4.1.2
CPU - 1.5 Dual Core
RAM - 1GB
ROM - 16GB
Camera - 13MP
Sec Camera - 2MP
Display - 5"
Battery - 2100mAh
Class A - 120,000 / Class B - 110,000/-, Class C - 100,000/-
SKY Vega Racer 3
IM - A850 S/K/L
OS - 4.1.2
CPU - 1.5 QuadCore
RAM - 2GB
ROM - 16GB
Camera - 13MP
Sec Camera - 2MP
Display - 5.3"
Battery - 2600mAh
Class A - 150,000 / Class B - 140,000/-, Class C - 130,000/-
SKY Vega No.6
IM - A860 S/K/L
OS - 4.1.2
CPU - 1.5 Quad Core
RAM - 2GB
ROM - 32GB
Camera - 13MP
Sec Camera - 2MP
Display - 5.9"
Battery - 3140mAh
Class A - 250,000 / Class B - 240,000/-, Class C - 230,000/-
SKY Vega LTE A
IM - A880 S/K/L
OS - 4.2.2
CPU - 2.26 QuadCore
RAM - 2GB
ROM - 32GB
Camera - 13MP
Sec Camera - 1.9MP
Display - 5.6"
Class A - 290,000 / Class B - 280,000/-, Class C - 270,000/-
iPhone 5
OS - iOS 7
CPU - Dual Core A7
RAM -1GB
ROM - 16/32/64GB
Camera - 8MP
Sec Camera - 1.2MP
Display - 4"
iPhone 5 - 320,000 /-
iPhone 4 - 180,000/-
Korean Android Version Update Available
Other Korea Mobile Brand Have !
Service Warranty 2 Months!
No . 232/C (2nd Floor) Capital Hyper Market.
Tel : 09 250 399674
Korean Phone Service Repale